www.burmeseclassic.com



www.burmeseclassic.com

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
အမျိုးသား စည်းလုံးညီညွတ်မှုခိုင်မာရေး
စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

တစ်မျိုးသားလုံး၏စိတ်ဓါတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး၊
အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
စစ်မှန်သောမျိုးချစ်စိတ်ဓါတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓါတ် ရှင်သန်ထက်မြက်ရေး
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရေး[illegible]




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် ၅၀၁၁၀၈၄၀၃၁၁၊ မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၁၂၈၉၀၄၁၁

ထုတ်ဝေသူ

ဦးအောင်မြင့်၊ အမှတ်(၇)၊ သိတာလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့

အတွင်းဖလင်နှင့်မျက်နှာဖုံးပုံနှိပ်

ဦးအောင်မြင့်၊ အောင်မြင်ပုံနှိပ်တိုက်၊ သုဝဏ္ဏ၊ ရန်ကုန်မြို့

ဖြန့်ချိရေး

အောင်မြင်စာပေ၊ အမှတ်(၁)၊ အောင်ဘာလေလမ်း၊

ကျောက်မြောင်းဈေး၊ ရန်ကုန်မြို့

၅၄၁၇၄၅၊ ၅၅၂၁၀၃၊ ၀၉ ၈၀ ၃၄၅၈၁၊ ၀၉ ၅၀ ၂၁၃၅၄

ပထမအကြိမ် - ၂၀၁၂ ခုနှစ်၊ (ဇန်နဝါရီလ)၊ အုပ်ရေ(၅၀၀)၊ တန်ဖိုး(၂၀၀)ကျပ်

၈၉၅.၈၃

ဝိဇ္ဇာ

ဆုံမှတ်တစ်ခုရဲ့ကိုယ်ပိုင်သံစဉ်/ဝိဇ္ဇာ။ - ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၁။
၁၆၀ - စာ၊ ၁၃.၅ × ၂၁ စင်တီ။
(၁) ဝိဇ္ဇာ





# အခန်း(၁)

"အဖေတို့ ပြောလာတာကြီးက မဟုတ်သေးပါဘူးဗျာ"

ကျွန်တော် အပြင်က ပြန်လာပြီး တိုက်ထဲကို လှမ်းဝင်ဝင်ချင်း ကြားလိုက်ရတဲ့ ကိုကိုကျော်ရဲ့ အောက်ကလီအာ လေသံကြီးပါ။

လှမ်းကြည့်လိုက်တော့ ဧည့်ခန်းစားပွဲမှာ အဖေနဲ့အတူ ထိုင်နေတဲ့ ကိုကိုကျော်ရဲ့မျက်နှာကြီးက ရှုံ့မဲ့လို့။

(၅)ရက်လောက် ဝမ်းချုပ်ပြီး စမြင်းပါ ခံနေတဲ့မျက်နှာမျိုး။

"ဘယ့်နှယ့် မဟုတ်ရမလဲကွ၊ မိဘဝတ္တရားတွေထဲမှာ. . ."

"ဟဲဟဲဟဲ. . . အဖေရာ၊ ကျွန်တော်လည်း ငတုံးမဟုတ်ပါဘူး



www.burmeseclassic.com

www.burmeseclassic.com



"မကောင်းမြစ်တား၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေနှီးရင်း၊ ထိမ်းမြားခြင်းလျှင် ဝတ်ငါးအင်၊ ဖခင်မယ်တို့တာ" ဆိုတာကို မှုလတန်းကတည်းက ကုန်းအော်ကျက်လာခဲ့တဲ့ကောင်ပါဗျ. . . သိပါတယ်"

ကိုကိုကျော်က ဖြတ်ပြောလိုက်တော့ အဖေ တော်တော် ဖီးလ်ငုပ်သွားပုံရတယ်။

"ဟေ့ကောင်. . တော်ကွာ. . တော်. . ငါ စကားပြောနေတုန်း ဖြတ်ပြီးဝင်မပြောနဲ့"

"ဩော်. . . အဖေ ရှင်းပြနေရရင် မောနေမှာစိုးလို့ ကျွန်တော် သိကြောင်း စေတနာနဲ့. ."

"တော်ကွာ. . . တော်လို့ ပြောနေတယ်၊ မင်းသိထားဖို့က ငါတို့မှာ အဲဒီဝတ္တရားတွေအနက် နောက်ဆုံးက အဲဒီထိမ်းမြားခြင်းဆိုတဲ့ တစ်ချက်ပဲ ကျန်နေတာကွ၊ မင်းကို ကြည့်ရတာလည်း ကိုယ့်စွမ်းကိုယ်စနဲ့တော့ အဖြစ်ရှိမယ့်ပုံ မပေါ်ဘူး၊ ဒါကြောင့် ငါက ပြောနေရတာ တောက်. . . ရှက်စရာကောင်းလိုက်တာ၊ ဒီအရွယ်ကြီး ရောက်နေတာတောင် ရည်းစားမရှိဘူးတဲ့၊ ငါငယ်ငယ်တုန်းကနဲ့များ ကွာပါ့. . . ထွီ"

အဖေက ကိုကိုကျော့်ကို ဖျစ်ဖျစ်နှစ်နှစ်ကြီး ဩဘာပေး ချီးမြှောက်နေပုံပါပဲ။

ကိုကိုကျော့်မျက်နှာကြီးကတော့ လေလျှော့ခံလိုက်ရတဲ့ ပူဖောင်းလို ရှုံ့တွသွားတယ်။

"ကျွန်တော်က အေးရာအေးကြောင်း နေချင်တာဗျ၊ ကျွန်တော့်ကို ပြောမယ့်အစား ဟိုကောင် ငဖော့်ကို ပြောပါလား၊ သူလည်း ကျောင်းပြီးတာ ကြာလှပြီ. . . အလကား၊ ခုထိ ကင်မရာတစ်လုံးနဲ့ ယောင်နေတာပဲဥစ္စာ"





ကျွန်တော် မျက်ခုံးလှုပ်သွားတယ်။

ဘယ့်နှယ်. . . မြားဦးက ကျွန်တော့်ဘက် လှည့်လာတာကိုး။

"ငဖော့်ကို မပြောနဲ့ကွ၊ ဒီကောင်က မင်းထက် အများကြီး ငယ်သေးတယ်၊ မင်းသာ အသက်က နားထင်ဆောင့်နေတာ၊ ပြီးတော့ မင်းက အကြီး၊ အိမ်ထောင်လေးဘာလေးပြုပြီး အိမ်ရဲ့စီးပွားရေးတာဝန်တွေကို တည်တည်ငြိမ်ငြိမ်နဲ့ ပခုံးပြောင်း တာဝန်ယူသင့်ပြီ၊ ပြီးတော့ ငါ့မိတ်ဆွေနဲ့ စကားပြောခဲ့တာကလည်း သားအကြီးဖြစ်တဲ့ မင်းနဲ့ စီစဉ်ပေးချင်တယ်ပဲ ပြောခဲ့တာ၊ ငဖော်က သူ့ဝါသနာကိစ္စကို ကြိုးစားနေတဲ့ကောင်၊ ခုနေမှာ အိမ်ထောင်ချပေးလိုက်ရင် မြင်းကောင်းခွာလိပ် ဖြစ်သွားမှာစိုးရတယ်၊ သူ့ဝါသနာပါတဲ့ကိစ္စကို ဒီထက် ပိုအောင်မြင်အောင် လွတ်လွတ်လပ်လပ်ဘဝနဲ့ ဆက်ကြိုးစားပါစေဦး"

တော်ပါသေးရဲ့. . .။

အဖေက ကျွန်တော့်ဘက်က ကာကွယ်လိုက်ပြီးသား ဖြစ်သွားပေလို့။

"အောင်မယ်လေးဗျာ. . . ကိုယ့်ငါးချဉ် ကိုယ်ချဉ်နေလိုက်တာ၊ အဖေ့သားကို ဒီလောက်အထင်ကြီးမနေပါနဲ့၊ ဟိုတစ်ခါ အရှေ့တောင်အာရှ ဓါတ်ပုံပြိုင်ပွဲမှာ ဆုကလေး ချိတ်လိုက်တာ အဲဒီက ဒိုင်လူကြီးတွေ မျက်စိမှုန်နေကြလို့ ကြက်ကန်း ဆန်အိုးတိုးသွားတာပါ"

"ကြွက်မနိုင် ကျီမီးနဲ့ရှို့" ဆိုတဲ့စကားဟာ အမှန်ပဲ။

ခုပဲ ကြည့်လေ။

အဖေ့ကို မနိုင်တာနဲ့ပဲ ကိုကိုကျော်က ကျွန်တော့်ဘက် လှည့်နှိပ်ကွပ်လာပြီ။

ပြီးခဲ့တဲ့ သုံးလလောက်တုန်းကမှ စင်္ကာပူမှာ ကျင်းပပြီးစီးသွားတဲ့ အရှေ့တောင်အာရှ နိုင်ငံတကာစုံ ဓါတ်ပုံပြိုင်ပွဲမှာ ကျွန်တော် ဆုရခဲ့



www.burmeseclassic.com

www.burmeseclassic.com



တာကို ကြက်ကန်း ဆန်အိုးတိုးတာဆိုပဲ။

ဒိုင်လူကြီးတွေက မျက်စိမှုန်နေကြလို့ အဲဒီမါတ်ပုံဆုကို ကျွန်တော် ရခဲ့တယ်ပေါ့လေ။

ပြောပုံက. . ပြောပုံက. . ။

သူက ကျွန်တော့်ကို နှိပ်ကွပ်လိုက်တာဆိုပေမယ့် ဘယ်ရမလဲ။

အဖေက အဲဒီမှာ ကျွန်တော် ဆုရခဲ့တဲ့ကိစ္စကြောင့် သူ့မိတ်ဆွေတွေကြားမှာ မျက်နှာပန်းပွင့်လို့ လက်မတထောင်ထောင်နဲ့ ဂုဏ်ယူလို့ ကောင်းတုန်း။

'ဒါမှ ငါ့သားကွ' ဆိုပြီး ဖူးဖူးမှုတ်နေတဲ့အရှိန်က သေသေးတာမဟုတ်ဘူးလေ။

"အံမာကွာ. . . မင်းက ကိုယ့်ညီကိုယ် နှိမ်လို့၊ ရွာနားမြက် ရွာနွားမစားဘူးဆိုတာ အဲဒါပဲ၊ အင်း. . . ဒီလိုဆိုတော့ မင်းကို မွေးထားမိတဲ့ ငါဖအေတောင် နွားဖြစ်သွားပါရော့လား. . . တောက်"

ကျွန်တော် ခွီးခနဲ ရယ်လိုက်မိတယ်။

ကိုကိုကျော်ကလည်း စပ်ဖြီးဖြီးကြီး ဖြစ်သွားတယ်။

"ကျွန်တော်ကတော့ ဘာမှမပြောဘူးနော်၊ အဖေ့ဟာအဖေပြောတာ၊ ကိုယ့်ဂိုးကိုယ်ပြန်ကန်သွင်းနေတာက အဖေနော်"

"တော်ကွာ. . တော်. . မင်းနဲ့ ဆက်စကားပြောနေရရင် ငါ ထလုပ်မိတော့မယ်၊ ငါ့ဟာငါ အလုပ်သွားတာပဲ ဒေါ်မယ်၊ ဒါပဲနော်. . ငါပြောတဲ့ကိစ္စကို ခေါင်းထဲ ထည့်ထား၊ ဟွန်း. . . ကိုယ့်ဟာကိုယ်လည်း အဖြစ်မရှိ၊ လူကြီးမိဘက သင့်တော်မယ် ထင်လို့ စီစဉ်မယ်ဆိုတော့လည်း ခါးခါးသီးသီး ငြင်းနေသေးတယ်"

"အဖေရာ. . . အဖေက အဖေ့ဘက် ရှုထောင့်ကချည်း ကြည့်ပြောနေတာကိုး၊ ကျွန်တော့်ဘက်ကလည်း ဝင်တွေးကြည့်ပါဦး၊ ဘယ်





နှယ်. . . လူကြီးချင်း စပ်ဟပ်ပေးမှပဲ မိန်းမရတော့တယ်ဆိုကတည်းက ကျွန်တော့်သိက္ခာတွေလည်း တစ်ပြားမကျန်အောင် ကျကုန်မယ်၊ ကိုယ်ရတဲ့မိန်းမနဲ့ စိတ်အခန့်မသင့်လို့ ရန်ဖြစ်ရင်တောင် ကျွန်တော့်ကို ကြိုက်လို့ ယူခဲ့တာမဟုတ်ဘူး၊ မိဘတွေ ပေးစားလို့ ယူခဲ့ရတာလို့ တစ်သက်လုံး အပြောခံသွားရမယ်. . . မမိုက်သေးပါဘူးဗျာ"

"မင်းဟာမင်း ပြောချင်ရာပြော၊ ငါကလည်း ငါစီစဉ်သင့်တယ်ထင်တာ စီစဉ်ရမှာပဲ၊ တော်ပြီကွာ. . . သွားမယ်"

အဖေက ရှူးရှူးရှားရှားနဲ့ လက်ဆွဲအိတ်ကလေး ဆွဲပြီး ထွက်သွားတယ်။

တိုက်ရှေ့ဆင်ဝင်အောက်မှာတော့ အဖေ့ဒရိုင်ဘာကြီး ဦးလေးမောင်က အဆင်သင့် စောင့်လို့။

အဖေ ကားနောက်ခန်းမှာ ဝင်ထိုင်လိုက်တာနဲ့ပဲ ဝူးခနဲ စက်နှိုးပြီး မောင်းထွက်သွားကြတော့တယ်။

ကိုကိုကျော်က "ခုမှပဲ နားအေးတော့တယ်" ဆိုပြီး ဝူးခနဲ လေတွေ မှုတ်ထုတ်လိုက်တယ်။

"နေပါဦး ကိုကိုကျော်ရ၊ အဲဒီစစ်အေးတိုက်ပွဲကြီးက ဘယ်အချိန်က စနေနှင့်တာလဲ"

ကျွန်တော်မေးလိုက်တော့ ကိုကိုကျော်က ပခုံးတွန့်ပြလိုက်ရင်း ဖြေတယ်။

"မင်းပြန်ရောက်မလာခင်ကလေးက စတာပဲ၊ ပြောစရာရှိလို့ လာဦးဆိုတာနဲ့ ဘာများပါလိမ့်လို့ ထွက်လာထိုင်မိပါတယ်၊ သူ့ဟာသူ ဘယ်တုန်းက တိတ်တိတ်ပုန်း စီမံနေမှန်း မသိတဲ့ မိန်းမပေးစားရေး ပရောဂျက်ကြီးကို ချပြတော့တာပဲ"

"ဘယ်က ကောင်မလေးနဲ့တဲ့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"မသိပါဘူးကွာ. . . သူ့မိတ်ဆွေတစ်ယောက်ရဲ့သမီးလို့ ပြောတာပဲ"

"မမြင်ဖူးသေးဘဲနဲ့ အရမ်းငြင်းမနေနဲ့ဦးဗျ၊ တော်ကြာ တကယ့်အလန်းစား ဂွတ်ရှယ်ထဲက ဖြစ်နေမှ ရင်ကျိုးနေရဦးမယ်"

"အောင်မယ်လေးကွာ. . . ကိုရီးယား မင်းသမီးတွေထက်များ ပိုလှနေဦးမှာမို့လို့လား၊ ငါဆိုတဲ့ကောင်က ကိုရီးယားမင်းသမီးတွေကိုတောင် ရင်ခုန်တဲ့ကောင် မဟုတ်ဘူး"

အဲဒါကတော့ အမှန်ပါပဲ။

ကိုကိုကျော်က တကယ့်ကို အေးရာအေးကြောင်းနဲ့ ရေခဲတုံးဖင်ခုထိုင်နေချင်တဲ့သူမျိုးပါ။

ဘယ်တုန်းကမှ ရည်းစားသနာကိစ္စ မကြားခဲ့ရဖူးသလို သူဝါသနာပါတဲ့ ရှေးဟောင်းပစ္စည်း သုတေသနကိစ္စတွေထဲမှာပဲ တစူးတစိုက် အချိန်ကုန်ချင်တဲ့သူ။ "ပျူခေတ်ကပစ္စည်းကွ" လို့ သူတို့ပြောကြတဲ့ မြေဆေးတံ အရိုးကျိုးလောက်တောင် မိန်းကလေးဆို ဂရုစိုက်တဲ့သူမဟုတ်ဘူး။

တွံတေးဘက်က တူးဖော်ရခဲ့တဲ့ ရှေးဟောင်းအုတ်ခွက်အပဲ့လောက်တောင် စိတ်ဝင်စားတာ မဟုတ်ဘူး။

"ဟီးဟီး. . . အဲဒီပြဿနာတောကြီးထဲမှာ ကိုယ့်ဟာကိုယ်သာ တဝဲလည်လည် ကျန်ရစ်ခဲ့ပေတော့၊ ဖိုးဖော်တို့ကတော့ နောက်သုံးလေးရက်ဆိုရင် အထက်မြန်မာပြည်ကို လစ်ပြီ၊ အနည်းဆုံး နှစ်ပတ်လောက်ကြာမယ်"

ကျွန်တော်ပြောလိုက်တော့ ကိုကိုကျော် ခေါင်းထောင်ထလာတယ်။

"မင်းကိုများ ချော့ကာမော့ကာနဲ့ ငါ့ဘက်က စစ်ကူရအောင်





ပူးပေါင်းဖို့ ချော့ဆွဲရမလား အောက်မေ့နေတယ်၊ အရေးထဲ မင်းကဘာကိစ္စ အထက်မြန်မာပြည်ဆိုတော့ ဘယ်အထိ ခြေဆန့်ဦးမှာလဲ၊ ဘယ်သူတွေနဲ့ သွားမှာလဲ"

မျက်လုံးပြူးကြီးတွေနဲ့ ကြည့်မောရင်း စပ်စုတယ်။

"မန္တလေး၊ ပြင်ဦးလွင်၊ ပင်းတယ၊ အင်းလေးတို့တော့ သေချာပေါက် ရောက်မယ်ထင်တာပဲ၊ သေသေချာချာတော့ မပြောတတ်သေးဘူး၊ အသင်းက လူကြီးတွေ စီစဉ်တဲ့ပရိုဂရမ်အတိုင်းပဲ လိုက်ရမှာပေါ့"

"မင်းတို့ အောက်မြန်မာပြည် ဓါတ်ပုံအသင်းကလည်း အင်မတန်ကို ခြေထောက်ဗွေပေါက်ပြီး ကိုးကုန်းကိုးကျင်း ခရီးထွက်နိုင်လွန်းတဲ့ အသင်းပဲကွ၊ ဘယ်မှာ ဘာကိစ္စ ပေါ်ပြန်ပြီတဲ့လဲ"

ကိုကိုကျော်က အပြစ်တင်တဲ့ အောက်သိုးသိုးလေသံကြီးနဲ့ ထပ်မေးတယ်။

"မလေးရှား ကေအယ်လ်က ဖိတ်ခေါ်ဓါတ်ပုံပြိုင်ပွဲအတွက် အောက်ဒိုးထွက်ကြမှာဗျ၊ မန္တလေးကျမှ အထက်မြန်မာပြည် ဓါတ်ပုံအသင်းက ဆရာတွေနဲ့ ပူးပေါင်းပြီး နက်ချရယ်ဗျူး (Natural View) အလှပုံမျိုးစုံ ရိုက်ကြမှာ၊ သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ခေါင်းစဉ်အောက်က ပြိုင်ပွဲဝင်ရမှာ၊ ဒီပွဲလည်း အရေးကြီးတာပဲ"

"အေး. . ကြီးကြ. . ကြီးကြ၊ မင်းကတော့ လတစ်ဝက်လောက် အိမ်ကနေ အပြင်ထွက်၊ မြို့တကာ နယ်တကာ လျှောက်သွားရင်း ဖိမ်ခံပေါ့ကွာ၊ ငါ့မှာသာ ဒီမှာ တစ်ယောက်တည်း ကျန်ခဲ့ပြီး ဒုက္ခ"

ကိုကိုကျော်က သူ့ခေါင်းသူ တဗျင်းဗျင်း ကုတ်ရင်း ညည်းတယ်။

ကျွန်တော်က တဟားဟား ရယ်ရင်း ကိုကိုကျော့်ကို ကလိလိုက်ပြီးမှ နောက်ဖေး မီးဖိုခန်းဘက် ဝင်ခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ့်နှယ် ဒုက္ခရမတုန်း၊ အပြောမလောနဲ့. . . တော်ကြာမှ မောင်ကျန်တစ်တို့ ဆိုသလို ဖြစ်နေဦးမယ်၊ ဖိုးဇော်တို့ကတော့ အေးရာ အေးကြောင်းပဲ၊ နောက်သုံးလေးရက်ဆိုရင် လစ်ပြီသာမှတ်"

ကိုကိုကျော်တစ်ယောက်တည်း မျက်နှာကြီး ရှုံ့မဲ့လို့ ဧည့်ခန်းထဲမှာ ပွစိပွစိ ကျန်နေရစ်ခဲ့တယ်။





# အခန်း(၂)

**ကိုယ့်**ဝါသနာနဲ့ကိုယ်မို့သာပါ။

တကယ်တမ်းကျတော့ ခရီးသွားရတာ ရက်ကြာလာတော့ တကယ်ပင်ပန်းတာပဲ။

ကျွန်တော်တို့အဖွဲ့တွေ မန္တလေးကို ရောက်သွားကြတော့ အထက်မြန်မာပြည်ဓါတ်ပုံအသင်းကလည်း နွေးနွေးထွေးထွေး ကြိုဆိုပါတယ်။

အထက်အောက် မြန်မာနိုင်ငံ ဓါတ်ပုံအသင်းဝင်တွေ [illegible] ဆွေးနွေးကြ၊ ညှိနှိုင်းကြ၊ ခေါင်းဆောင်တဲ့ အသင်းလူကြီးတွေက [illegible]



www.burmeseclassic.com

www.burmeseclassic.com



အတွက် လမ်းကြောင်းတွေ စီစဉ်ကြနဲ့ပေါ့။

ဒီလိုနဲ့ ခရီးစဉ်က နှစ်ပတ်ကျော်ကျော် ကြာသွားတယ်။

မန္တလေးမှာ ပြန်ထိုင်ကြတော့ လူတွေလည်း တော်တော် အီစလံဝေနေကြပြီ။

အထက်မြန်မာပြည် ဓါတ်ပုံအသင်းက ဖြေခဲ့တဲ့ နှုတ်ဆက်ညစာစားပွဲက ပြန်တော့ ကျွန်တော့်ရဲ့ဆရာလို အစ်ကိုလို လေးစားရတဲ့ ဓါတ်ပုံကိုကိုဦးက စိတ်ကူးရရနဲ့ ပြောလာတယ်။

"ဖိုးဇော်ရ. . . ငါတို့ ရိုက်သင့်သလောက်တော့ ရိုက်ခဲ့ကြပြီးပြီ၊ ဒါပေမယ့် တစ်ခုတော့ လိုနေသေးတယ် ထင်တယ်ကွ"

"ဘာတွေ လိုနေသေးလို့လဲ အစ်ကိုရ"

"ငါလည်း စောစောကမှ စဉ်းစားမိလာတာ၊ တောတောင်သစ်ပင်ပန်းမန်တွေကို ရိုက်ခဲ့ကြပေမယ့် တို့အသင်းမှာ မြစ်နဲ့ ပတ်သက်တဲ့ ဆပ်ဘဂျက်(Subject)တစ်ခုတော့ အားနည်းနေတယ်ထင်တယ်"

"အဲဒီတော့. . ."

"ဟ. . . ဧရာဝတီမြစ်ကြောင်းအတိုင်းသာ စုန်ဆင်းပြီး စိမ်ပြေနပြေ ရိုက်ရရင်လားကွာ၊ မြစ်ကြောင်းမှာ တွေ့ရမယ့် သဲသောင်တွေ၊ ဟာသာအုပ်တွေ၊ လှေတွေ ဖောင်တွေ၊ နေထွက်ချိန် နေဝင်ချိန် ဆိပ်ကမ်းအလှတွေ ရိုက်ပါလေ့၊ သောင်တိမ်စည်းတိမ်တွေ၊ မြစ်ကျိုးအင်းတွေလည်း အများကြီး တွေ့ရမှာပဲ"

ကျွန်တော်လည်း ကိုကိုဦး ပြောလာပါမှပဲ အဲဒီလွတ်ကွက်ဟာကွက်ကို စဉ်းစားမိလာတယ်။

"ဒါဆိုရင်လည်း ကျွန်တော်တို့ အပြန်ကို ရထားနဲ့ မလိုက်တော့ဘဲ မြစ်ကြောင်းအတိုင်း စုန်ဆင်းကြရအောင်လေ"

"ကျွတ်. . . အဲဒါ ခက်တာပေါ့ကွ၊ ငါ့မှာက အချိန်မပေးနိုင်





တော့ဘူး၊ လူတွေက အကုန်လုံး အိမ်ထောင်သည်တွေချည်း များနေတော့ ဘယ်သူ့ကိုမှလည်း ထပ်ပြောမနေချင်တော့ဘူး၊ အားလုံးက မိန်းမပစ် သားသမီး ပစ်ပြီး နှစ်ပတ်ကျော်ကျော် ထွက်လာကြတာကြီးသိရက်နဲ့ ငါလည်း မတိုက်တွန်းချင်တော့ဘူး၊ ငါကိုယ်တိုင်လည်း အိမ်ရောက်ရင် မိန်းမကြည်အောင် အလုပ်တွေ ကုန်းကျုံး လုပ်ပြရဦးမှာလေကွာ၊ ဒီတော့ အဲဒီနေရာမှာ မင်းတာဝန်ယူပါလား၊ မင်းက လူပျိုလူလွတ်ပဲဟာ"

"အွန်. . . လက်စသတ်တော့ ကျွန်တော့်ဘက် လှည့်လာတာကိုး"

ကျွန်တော်က တွန့်ခနဲဖြစ်သွားပြီး ပြောလိုက်တော့ ကိုကိုဦးက တဟဲဟဲ ရယ်တယ်။

"မင်းကို ချောက်ချနေတာ မဟုတ်ရပါဘူးကွာ၊ မင်းလုပ်မယ်ဆိုရင် ဖြစ်နိုင်ချေရှိလို့ ပြောကြည့်တာပါ၊ အသင်းအတွက် ပုံကောင်းကလေးတွေ ရလာစေချင်တာလည်း ပါတာပေါ့ကွာ၊ ငါစုံစမ်းကြည့်တော့ မန္တလေးကနေ ပြည်မြို့အထိ စုန်ဆင်းတဲ့ နှစ်ထပ်ကူးတို့သင်္ဘောလေးတွေ ရှိတယ်ကွ၊ လမ်းမှာ ပခုက္ကူတစ်ည၊ မကွေးတစ်ည၊ နောက်တစ်နေ့ ပြည်မြို့မှာ တစ်ညအချိန်ထပ်ပေးရမယ်၊ ပြည်မြို့ရောက်ရင်တော့ ညထွက်တဲ့ ပြည်ရထားနဲ့ ရန်ကုန်ကို လိုက်ချင်လိုက်၊ ဒါမှမဟုတ် အဝေးပြေးကားနဲ့ပဲ လိုက်လိုက်ပေါ့ကွာ"

ဒါဆိုရင် နောက်ထပ်(၃)ရက် အချိန်ထပ်ပေးရမယ့် သဘောပဲလို့ ကျွန်တော်တွက်လိုက်တယ်။

ကျွန်တော့်အဖို့က ဘာပြဿနာမှ မရှိပါဘူး။ နောက်ကြောင်းအေးတဲ့ လူလွတ်ပဲဟာ။

"နောက်ပြီး မင်းစဉ်းစားကြည့်ကွ၊ တို့အဖွဲ့တွေ အတော် ပင်



www.burmeseclassic.com

www.burmeseclassic.com



ပန်းနေကြပြီ၊ မင်းလည်း ပင်ပန်းမှာပဲ၊ ရေကြောင်းခရီးအတိုင်း စုန်ဆင်းမှာဆိုတော့ အေးအေးလူလူ သုံးညတိတိ အိပ်ရေး၀၀ အိပ်ပြီး အနားယူသလိုတောင် ဖြစ်ဦးမယ်၊ သင်္ဘောဦးခန်း (upper)အခန်းက လိုက်သွားရင် ဇိမ်ပဲကွ၊ အိပ်စင်လည်း ပါပြီးသား၊ အိမ်သာတောင် အဆင်သင့်၊ အထက်တန်းခန်းထဲက ထွက်စရာတောင် မလိုဘူး၊ စားရေးသောက်ရေးလည်း မပူရဘူး၊ သင်္ဘောနောက်ခန်းမှာ လက်ဖက်ရည်ဆိုင်၊ ထမင်းဆိုင် ပါပြီးသား၊ အခုဟာက မင်း ဆုံးဖြတ်ချက် ချလိုက်ဖို့ တစ်ချက်ပဲလိုတယ်၊ ခရီးစဉ်ကလည်း သင့်နေတာပဲ၊ (၃)ရက် (၃)ညတော့ အချိန်ထပ်ပေးရမှာပေါ့ကွာ၊ မန္တလေးကနေ ပြည်အထိ ဧရာဝတီအလယ်ပိုင်းကို စုန်ဆင်းပြီး ဓါတ်ပုံရိုက်ဖူးတဲ့ အတွေ့အကြုံလည်း ရမယ်မဟုတ်လား"

မဆိုးဘူး။

ဒါလည်း ဓါတ်ပုံသမားတစ်ယောက်အတွက် ရှိသင့်တဲ့ အတွေ့အကြုံပဲလို့ တွေးမိပြန်တယ်။

"အင်း. . . အစ်ကိုပြောတာက သိပ်မဆိုးလှပါဘူး၊ ကျွန်တော်လည်း အဲလို မြစ်ကြောင်းကို ရက်ရှည်ညအိပ် စုန်မဆင်းဖူးသေးပါဘူး၊ ဒါပေမယ့် ခက်တာက အဖော်မပါဘဲ ကျွန်တော်တစ်ယောက်တည်းကတော့ ပျင်းစရာကြီးဗျ"

"ခက်တဲ့ကောင်ပဲ. . . ပျင်းလာရင် အိပ်ပစ်လိုက်ပေါ့ကွာ၊ အတိုးချ အနားယူသလိုတောင် ဖြစ်သေးရဲ့၊ ဒါကလည်း စကားအဖြစ်သာ ပြောတာပါကွာ၊ တကယ်တမ်းကျတော့ ရှုခင်းအသစ်တွေ တွေ့ရင် မင်း ပျင်းဖို့တောင် သတိရချင်မှ ရမှာပါ၊ ဟိုတုန်းက မင်းပြောခဲ့တဲ့စကားကို မှတ်မိလား၊ ပုဂံနေထွက်ချိန်ကို ဧရာဝတီမြစ်အလယ်လောက်ကနေ ရိုက်ကြည့်ချင်လိုက်တာဗျာဆိုတာလေ၊ အဲလိုအခွင့်အရေးတွေ မင်းရလာနိုင်တယ်ကွ၊ ကြုံတုန်း ငါအကြံပြုသလို လုပ်ကြည့်စမ်းပါကွာ၊ မင်းက အချိန်လည်း ပေးနိုင်တဲ့ကောင်မို့ ပြောတာပါ၊ (၃)ရက်(၃)ညလောက် ထပ်အချိန်ပေးရမှာက မင်းအဖို့ အခက်အခဲ မရှိပါဘူး"

"အင်း. . . ကျွန်တော်စဉ်းစားဦးမယ်"

အဲဒီညက ကျွန်တော် တကယ်ပဲ အိပ်ရာထဲမှာ စဉ်းစားမိတယ်။

နောက်ဆုံးတော့ အဖွဲ့နဲ့အတူ မီးရထားနဲ့ ပြန်မလိုက်တော့ဘဲ ကိုယ့်ဟာကိုယ်ပဲ ဒီရေကြောင်းခရီးကို သွားကြည့်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။

လိုအပ်မယ် ထင်တဲ့ ဓါတ်ပုံပစ္စည်းတွေ၊ ဓါတ်ခဲတွေတော့ မန္တလေးကပဲ ဝယ်ဖြည့်သွားရမှာပေါ့လေ။







www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၃)

"**ဘော်**. . . ဘော်. . . ဘော်"

ခါတိုင်းမှာ ဘယ်လိုထုံးစံရှိသလဲတော့ မပြောတတ်ဘူး။

ကျွန်တော့်ရဲ့တစ်ကိုယ်တော် ရေကြောင်းခရီးစဉ် အစနေ့က တော့ မန္တလေးဆိပ်ကမ်းက သင်္ဘောခွာချိန်မှာ မနက်မိုးစင်စင်ကြီး လင်းနေပါပြီ။

ကုန်တင်ကုန်ချကတော့ အတော်များတာ တွေ့ရတယ်။

အပေါ်ထပ် အောက်ထပ် ကုန်းပတ်စီးခရီးသည်တွေက ကိုယ့် အစုကလေးတွေနဲ့ကိုယ် ဖယောင်းပုဆိုးကလေးတွေ၊ မိုးကာစကလေး





တွေ ခင်းပြီး နေရာယူကြတာပေါ့။

ကျွန်တော်ကတော့ အပ်ပါးလို့ ခေါ်တဲ့ အပေါ်ထပ် ရှေ့ဦးခန်း ထဲကဆိုတော့ အေးဆေးလိုက်သမှ တစ်ယောက်တည်း ခြောက်ကပ် တပ်ကြီး။

ဧရာဝတီမြစ်ပြင်ကြီးကတော့ မနက်စောစောမှာ မြူတွေ ထပြီး မှုန်မှိုင်းပြာလွင်နေတယ်။ အဲဒီမြူတွေ မှိုင်းပြာနေတဲ့ကြားကပဲ ဆိပ်ကမ်း က သစ်ဖောင်တွေနဲ့ စဉ့်အိုးဖောင်ကြီးတွေကိုတော့ ဓါတ်ပုံရိုက်ထား လိုက်ဖြစ်သေးတယ်။

သင်္ဘောက ဆိပ်ကမ်းက ခွာလာခဲ့ပါပြီ။

ဦးခန်းထဲမှာကတော့ အဝင်တံခါးရဲ့ဘေးဘက်မှာ ဘိုထိုင် အိမ် သာခန်းက ညာဘက်ခြမ်းက၊ ဘယ်ဘက်ခြမ်းမှာတော့ နံရံကပ် သုံးထပ် အိပ်စင်နှစ်စင်၊ အခန်းအလယ်မှာတော့ ဒူးဆစ်သာသာ အမြင့်ရှိတဲ့ စားပွဲနဲ့ ကုလားထိုင်ကလေးတွေ ပြင်ဆင်ပေးထားတယ်။ ဆက်တီအပု ကလေးတွေပါ။

ကျွန်တော်ကတော့ ဦးခန်းရဲ့ပြတင်းပေါက်မှာ လက်ထောက် ရင်း ပြင်ပက ဆိပ်ကမ်းမြင်ကွင်းတွေကိုပဲ ငေးကြည့်နေမိတယ်။

မနက်ခင်း မြစ်ပြင်ကို ဖြတ်လာတဲ့ လေပြည်နုကတော့ အေးမြ နေတယ်။

ဆိပ်ကမ်းက ခွာခဲ့တဲ့သင်္ဘောက တစ်ပတ်လည်ပြီး သင်္ဘောဦး က အစုန်ဘက်ကို လှည့်လိုက်တော့ မြစ်အောက်ဘက် ခပ်ဝေးဝေးမှာ ဖွေးလွနေတဲ့ စက်ဝိုင်းခုံးကြီးတွေနဲ့ လှပနေတဲ့ မြစ်ဖြတ်တံတားကြီးကို မြင်ရတယ်။

မန္တလေးဘက်ကမ်းကနေ တစ်ဖက်က ဧယျာရွှေမြေမိုးစစ် ကိုင်းကို ပေါင်းကူးထားတဲ့ တံတားကြီးပါ။



www.burmeseclassic.com

www.burmeseclassic.com



အနောက်ဘက်ဆီမှာကတော့ စိမ့်ညို့နေတဲ့ စစ်ကိုင်းတောင်ရိုးကြီးက ထုနဲ့ထည်နဲ့ ကြွနေကြီးနေလေရဲ့။

ဆွမ်းဦးပုညရှင်နဲ့ ရုပ်သံထပ်ဆင့်လွှင့် တာဝါမျှော်စင်တိုင်တို့ကတော့ စစ်ကိုင်းတောင်ရိုးရဲ့အမြင့်ဆုံးတစ်နေရာ ဗဟိုချက်မှာ ခပ်ရေးရေး။

ထုံးဖြူဖြူစေတီပုထိုးတွေက အစိမ်းရောင်အောက်ခံမှာ ဆေးအဖြူကလေးတွေ ပျောက်ကြားတို့ထိရေးဆွဲထားတဲ့ ပန်းချီကားတစ်ချပ်လိုပါပဲ။

စစ်ကိုင်းတောင်ရိုးဟာ ခပ်ဝေးဝေးက လှမ်းရှုမျှော်ရတာနဲ့တင် သူတော်စင်တို့ရဲ့အေးချမ်းစွာ တရားအားထုတ်ကြရာ သာသနာတော်မြတ်ရဲ့အရိပ်အငွေ့တွေ ယှက်သိုင်းပြီး အေးမြငြိမ်းချမ်းလာစေနိုင်စွမ်းရှိနေပါတယ်။

"ဒေါက်. . . ဒေါက်. . . ဒေါက်"

ဝန်းကျင်ရှုမျှော်ခင်း အသစ်စက်စက်တွေကို ကျွန်တော် နှစ်မျော ခံစားနေမိတုန်းမှာပဲ မှေးပိတ်ထားမိတဲ့ ဦးခန်းဝင်ပေါက်တံခါးဆီက တံခါးခေါက်သံ ထွက်လာတယ်။

ကျွန်တော် သွားဖွင့်ပေးလိုက်တော့ တံခါးကြားကနေ ပထမဆုံး တိုးဝင်လာတာက ကျွန်တော်အမည်မဖော်တတ်တဲ့ ရေမွှေးရနံ့သင်းသင်းကလေးပါ။

အဲဒီနောက်ကမှ ခရီးဆောင်အိတ် ခပ်လတ်လတ်တစ်လုံးကိုလက်က ဆွဲထားတဲ့ ကောင်မလေးတစ်ယောက် ကပ်လျက် ဘေးတိုးဝင်လာတယ်။

မနက်အစောကြီးဆိုပေမယ့် ရေဘင်မျက်မှန်အညိုရင့်ရင့်ကိုတပ်လို့။





NY ကက်ဦးထုပ်ကို ခပ်ငိုက်ငိုက် ဆောင်းလို့။

သူ့ကို မြင်တော့ ကျွန်တော်တောင် အတော်မျက်စိလည်သွားတယ်။

ဘယ့်နှယ့်။

သဘော်တောင် ကမ်းက ခွာခဲ့တာ အတော်ဝေးဝေး ရောက်လာခဲ့ပြီ။

သူက အခုမှ ဦးခန်းတံခါးကို ခေါက်ပြီး ဝင်လာရတယ်လို့။

စောစောတုန်းက တစ်ချိန်လုံး အောက်ထပ်မှာပဲ ထိုင်နေခဲ့လေသလား။

အပေါ်ထပ် ကုန်းပတ်မှာပဲ ငုတ်တုတ်မေ့နေခဲ့လေသလားမပြောတတ်တော့ဘူး။

"ဟော့. . . ဒီမှာ မင်းတစ်ယောက်တည်းပဲလား၊ နောက်ကအဖွဲ့တွေ ပါသေးသလား"

ကျွန်တော်က မေးလိုက်တော့ သူက ကက်ဦးထုပ်ကလေးကိုချွတ်လိုက်သေးတယ်။

"ရပါပြီ. . . တစ်ယောက်တည်းပါ၊ ဘာလို့ မေးတာလဲ"

ရေဘင်မျက်မှန်အညိုရင့်ကလေးကို ထပ်ချွတ်ရင်း သူက ပြန်မေးတယ်။

"ဘာရယ်မဟုတ်ပါဘူး. . . အဲဒီတံခါး ပြန်ပိတ်လိုက်ရအောင်လို့လေ"

"ရတယ်လေ. . . ပြန်ပိတ်ချင်ပိတ်လိုက်ပေါ့၊ အင်း. . . ဒီဦးခန်းထဲမှာ တစ်ယောက်တည်းပဲ ရှိသေးတယ်ဆိုတဲ့ ခရီးသည်ကတော့ ယူပဲဖြစ်လိမ့်မယ်ထင်တယ်"

သူက ဟမ်းဘက်အိတ်ကလေးကို စားပွဲပေါ် ချလိုက်ရင်း ပြော



www.burmeseclassic.com

www.burmeseclassic.com



တယ်။

"ဟမ်. . . [illegible]ထဲမှာ တစ်ယောက်တည်းပဲ ရှိသေးတယ်လို့ ဘယ်သူက ဖေါက်သည်ချလိုက်ပြန်တာလဲ"

"တို့လည်း ဒီလိုလေ၊ ဘာရယ်မဟုတ်ဘဲ လက်မှတ်ဖြတ်ရင်း ပါးစပ်ဆော့ပြီး မေးလိုက်မိတာ၊ အပ်ပါးထဲမှာ လူတွေ သိပ်များနေသလားလို့. . . အဟင်းဟင်း၊ လူတွေ သိပ်များနေရင် နေစရာ နေရာမရှိမှာစိုးလို့ မေးမိရင်းနဲ့ သိခဲ့ရတာ၊ ခုတော့ တန္ထွေခြောက်မှာတောင် ကြောက်ရမလိုကြီးပဲ"

"မကြောက်ပါနဲ့. . . ခြောက်ချင်း ခြောက်ရင် မင်းကို ကိုယ်က ခြောက်ဖို့ပဲ ရှိပါတယ်၊ စုစုပေါင်းမှ မင်းနဲ့ကိုယ်(၂)ယောက်တည်းပဲ ရှိနေသေးတာ"

သူက ထိုင်ခုံပုတလေးတစ်လုံးမှာ ဝင်ထိုင်လိုက်ရင်း ပခုံးလေး တွန့်ပြလိုက်တယ်။

ကျောက်ချဉ်ရောင်၊ ဒုတ္တာရောင် ဆောင်တာပေါ့လေ။ ပြီးမှ ပြုံးစိစိနဲ့ ပြောတယ်။

"အင်း. . . ကြောက်လောက်ပါတယ်နော်"

"သိပါတယ်. . မင်းမပြောလည်း ကိုယ့်ကိုယ်ကို တစ္ဆေလောက်တော့ ရုပ်မဆိုးသေးဘူးဆိုတာ"

ဘာရယ်မဟုတ်ပေမယ့် သူနဲ့ကျွန်တော် အတော်ကလေးတော့ လေပေးဖြောင့်သွားကြတယ်။ မဆိုးပါဘူး။

(၂)ယောက်တည်း ရှိတဲ့ကိစ္စမှာ တစ်ယောက်က ပါးစပ်မပါ သလိုလို၊ အ,နေသလိုလိုကြီးဆိုရင် ပျင်းစရာကြီး။

အခုတော့ သူက ကျွန်တော်ထင်မထားခဲ့လောက်အောင် ပွင့်ပွင့်လင်းလင်း သွက်သွက်လက်လက်ထဲက ဖြစ်နေတယ်။





"ကဲ. . . ဒီလိုဆိုရင် တို့နဲ့ယူနဲ့က မိတ်ဆွေဖြစ်သွားကြပြီလို့ပဲ အသိအမှတ်လိုက်ကြတာပေါ့နော်၊ တော်ပါသေးရဲ့. . . စကားပြောဖို့ မရဲလောက်အောင် အသက်ကြီးကြီး ဘိုးတော်ကြီးအရွယ် မဟုတ်ဘဲ လူငယ်ချင်း လာဆုံရတာဆိုတော့၊ တို့ကလည်း ယူ့လိုပဲ ပြည်အထိ တောက်လျှောက် စုန်ဆင်းမယ့်သူပဲလေ"

သူက ခပ်ပြုံးပြုံး ပြောလိုက်တော့ ကျွန်တော်အံ့အားသင့်သွားရတယ်။

"ဟောဗျာ. . . မင်းက အဲဒါလည်း သိလိုက်ခဲ့ပြီးပြီပေါ့လေ"

သူက လျှာကလေး တစ်လစ်ထုတ်ပြီး ပြောပါတယ်။

"အဲဒါကတော့ တို့က မေးလို့ သိခဲ့ရတာမဟုတ်ပါဘူး၊ သဘော်လက်မှတ်ရောင်းတဲ့စာရေးကိုက စေတနာပိုပြီး ခုထိတော့ ပြည်အထိ နှန်းစတော့ လိုက်မယ့်သူတစ်ယောက်ပဲ ရှိသေးတယ်လို့ ပြောလိုက်လို့ သိလာရတာပါ၊ ဆက်မေးရင် ယူ့အလုပ်အကိုင်ပါ ပြောလောက်တယ်"

"ကဲ. . ကဲ. . ကိုယ်တိုင်ပဲ ပြောပြပါတော့မယ်၊ မိဘအရိပ်ကို ခိုပြီး ကိုယ်ဝါသနာပါတဲ့ ဓါတ်ပုံကိစ္စကလေးပဲ ဖိလုပ်နေတဲ့သူ ဆိုပါတော့ ဗျာ"

"ဒါဆို ယူက ဖိုတိုဂရပ်ဖာပေါ့၊ ဟုတ်လား"

"ဆိုပါတော့၊ ဘာလဲ. . . မင်းကကော မော်ဒယ်ဝါသနာ ပါလို့လား"

"နိုး. . . နိုး. . . တို့က ဓါတ်ပုံအရိုက်ခံဖို့ ဝါသနာ မပါ,ပါဘူး၊ ဖိုတိုဂျင်းနစ်လည်း မဖြစ်ဘူး၊ တို့မှ ဓါတ်ပုံရိုက်လိုက်ရင် ကြွက်ခြောက်ဖို့ ကောင်းတဲ့ပုံတွေချည်း ထွက်လာတတ်တာ"

ပွင့်လင်းတဲ့ သူ့အပြောကြောင့် ကျွန်တော်တို့ ရယ်လိုက်မိကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



"အဲလောက်ကြီးတော့လည်း ကိုယ့်ကိုယ်ကို မနှိမ့်ချပါနဲ့လေ၊ မင်းပုံစံက ဒီနေ့ခေတ်နဲ့ တစ်ပြေးညီ ချီတက်နေတဲ့ပုံစံမျိုးပါ၊ ဖိုတိုဂျင်းနစ် မဖြစ်လည်း မပူနဲ့၊ ကိုယ်ကလည်း သဘာဝရှုခင်းတွေလောက်ပဲ ရိုက်တတ်တဲ့သူကွ၊ ကိုယ်ရိုက်ပေးလိုက်ရင် လှပြီးသား ကောင်မလေးတွေတောင် မလှမပ ပုံတွေ ထွက်ထွက်လာတတ်လို့ မိန်းကလေးတိုင်းက အော့ကြောလန့်တဲ့ ဓါတ်ပုံသမားပါ"

"မဆိုးလှပါဘူး. . . ကိုယ့်ကိုယ်ကို အဲလောက် တင်စားတတ်ရင် တို့နဲ့ သူငယ်ချင်းတော်လို့ရပြီ"

မထင်မှတ်ခဲ့ဘဲနဲ့ ကျွန်တော်တို့(၂)ယောက် ဆက်ဆံရေးက ပွင့်လင်းချောမွေ့နေတယ်။ သည်ကောင်မလေးမျိုးနဲ့ တစ်ခရီးတည်းသွားရမယ်ဆိုတာ တစ်ချက်တည်းနဲ့တင် ကျွန်တော့်ခရီးစဉ်က တော်တော် အဆင်ပြေနေပြီလို့ ပြောရမလိုပါပဲ။

"အင်း. . . ညဘက်ကျရင်တော့ ဒီအခန်းဘေး ပတ်ချာလည်မှာ ချပေးထားတဲ့ တန်းလျားကလေးတွေပေါ်မှာပဲ အိပ်ကြရမယ်နဲ့ တူတယ်နော်"

သူက ဦးခန်းထဲကို ဝေ့ကြည့်လိုက်ရင်း မေးပါတယ်။

"အဆင်ပြေသလိုပေါ့ကွာ. . . နံရံကပ်အိပ်စင်ကတော့ (၂)ခုပဲတွေ့တာပဲ၊ တို့လည်း ဒီလမ်းကြောကို အခုမှ သွားဖူးတာ၊ မင်းအတွက်လည်း နေရာတစ်နေရာတော့ ယူထားလိုက်နှင့်လေ၊ နောက်ဆိပ်ကမ်းတွေကျ ခရီးသည်တွေ တက်လာဦးမှာကွ၊ တစ်ပြုံကြီး တက်လာပြီး ရှိသမျှ တန်းလျားကလေးတွေ လူပြည့်သွားမှ ဟုတ်ပေ့ ဖြစ်နေဦးမယ်"

အဲဒီတော့လည်း သူက အသွက်သားပဲ။ သူ့ထိုင်ခုံနံဘေးမှာ ချထားတဲ့ ခရီးဆောင် ဟမ်းဘက်အိတ်ကလေးကို ယူပြီး လွတ်နေတဲ့ တန်းလျားရှည်ကလေးတစ်ခုံပေါ် သွားတင်ထားလိုက်တယ်။



"ကဲ. . . စကားပြောရတာလည်း မောသွားပြီ၊ ဂိတ်ဆုံး စီးကြမယ့် ခရီးသွားချင်းလည်း မိတ်သစ်ဆွေသစ် ဖွဲ့ပြီးပြီ၊ တို့တော့ ခဏနားလိုက်ဦးမယ်နော်"

သူက ခွင့်တောင်းသလို ပြောလာလို့ ဘာများလုပ်ပြီး ဘယ်လိုများ နားမလို့ပါလိမ့်လို့ စောင့်ကြည့်မိပါတယ်။

လက်စသတ်တော့ သူ့ခရီးဆောင်အိတ်ထဲကနေ ခေတ်ပေါ်လုံးချင်းဝတ္ထုစာအုပ်တစ်အုပ်ကို ဆွဲထုတ်လိုက်တာကိုး။ ပြီးတော့ အဲဒီစာအုပ်ကလေးကို ထောင်ပြလိုက်သေးတယ်။ စကားဖြတ်လိုက်ကြဦးစို့ဆိုတဲ့သဘောပေါ့လေ။

ဘာရမလဲ. . .

ကျွန်တော်ကလည်း ကျွန်တော့်ခရီးဆောင်အိတ်ထဲက ကင်မရာကို ဆွဲထုတ်ပြီး သူမြင်သာအောင် ထောင်ပြလိုက်တာပဲပေါ့။

www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၄)

သူက သူ့စာအုပ်ကလေးနဲ့ အာရုံယူလိုက်ပြီဆိုတော့ ကျွန်တော်ကလည်း ကိုယ့်ကင်မရာကလေးနဲ့ကိုယ် သင်္ဘောဦးခန်းရဲ့နံဘေး ပြတင်းပေါက်ကို နေရာယူလိုက်ခဲ့တော့တာပေါ့။

သည်လိုနဲ့ ကျွန်တော်တို့နှစ်ယောက် စကားမပြောဖြစ်တော့ဘူး။

ကျွန်တော်လည်း သင်္ဘောဦးခန်းရှေ့ ညာဘက်က ပြတင်းပေါက်မှာ ရပ်ရင်း အပေါ်စီးက လှမ်းမြင်နေရတဲ့ မြစ်ကမ်းရိုး ရှုခင်းတွေ၊ မြစ်ထဲမှာ တွေ့ရတဲ့ သစ်ဖေါင်တွဲတွေ၊ ရွက်လွှင့်နေတဲ့ ရွက်လှေကြီးတွေ၊





စီးတိမ်သောင်ခုံတွေပေါ်မှာ ကျက်စားနေကြတဲ့ ရေပျော် ဟင်္သာငှက်အုပ်တွေကိုပဲ ငေးကြည့်ရင်း အချိန်ဖြုန်းနေမိတယ်။

အာရုံထဲကို စိတ်ကြိုက်တိုးဝင်လာတဲ့ရှုခင်း၊ မြင်ကွင်းကလေးတွေကိုလည်း ကောင်းနိုးရာရာ ဓါတ်ပုံမှတ်တမ်း ရိုက်တဲ့အခါ ရိုက်ပေါ့လေ။

အတော်လှလှပပနဲ့ ထူးထူးခြားခြား အားရမိတဲ့ ရှုခင်းရယ်လို့တော့ သိပ်မရသေးပါဘူး။

ခပ်သင့်သင့် ဗျူးတွေလောက်ပဲ ရသေးတယ်လို့ ကိုယ့်ရိုက်ချက်တွေကို သိနေတယ်။

စစ်ကိုင်းတောင်ရိုးအလှနဲ့ ဧရာဝတီမြစ်ကူးတံတားသစ်ကြီးတွေကိုတော့ စိတ်ကြိုက် ရိုက်ဖြစ်ပါတယ်။

ဒါပေမယ့် အဲဒီဗျူးတွေက အထက်မြန်မာပြည်ဓါတ်ပုံအသင်းက ထွက်တဲ့ပြက္ခဒိန်တွေမှာ အတော်များများ ပါပြီးသားတွေ ဖြစ်နေတာမို့ စိတ်ကျေနပ်လောက်အောင်တော့ မရှိလှသေးဘူးပဲ ပြောပါတော့။

သူကတော့ သူ့စာအုပ်နဲ့သူ ငြိမ့်လို့။

ဒီတော့ အလိုက်မသိ အနှောင့်အယှက်ပေးသလိုဖြစ်မှာ စိုးတဲ့အတွက် စကားပြောဖြစ်ဖို့ မကြိုးစားတော့ပါဘူး။

ကူးတို့သင်္ဘောကတော့ မြစ်ကို တအိအိ စုန်ဆင်းနေတယ်။

မြစ်ရှုခင်းတွေကို ရပ်ငေးကြည့်ရတာ ကြာလာတော့ အာရုံညောင်းလာတယ်။

ဒါနဲ့ ကင်မရာကို ခရီးဆောင်အိတ်ထဲ ပြန်ထည့်လိုက်ပြီး နံရံကပ်နေတဲ့ အိပ်စင်တစ်ခုမှာပဲ နေရာယူလိုက်တယ်။

အိပ်စင်က (၂)ထပ်ဆိုတော့ အပေါ်ဆုံးထပ်မှာပဲ တက်လှဲလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



သက်တောင့်သက်သာနဲ့ လှဲချလိုက်ပြီး ကျောချလိုက်တော့ သဘော်ရဲ့စက်သံနဲ့အမျှ တုန်ခါနေတဲ့ အိပ်စင်ကြမ်းခင်းရဲ့အထိအတွေ့က လူကို ချော့သိပ်နေသလိုပဲ။

ကျွန်တော့်မျက်လုံးတွေ မှေးစင်းလာတယ်။

နောက်တော့ သိပ်မကြာလိုက်ဘူး၊ နရီမှန်နေတဲ့ သဘော်စက်သံကိုက အိပ်ဆေးတစ်မျိုးလိုပဲ။

မှေးခနဲကနေ ကျွန်တော်အိပ်ပျော်သွားတယ်။

အစကတည်းကလည်း ရက်ရှည်ခရီးပင်ပန်းထားခဲ့တာတွေကြောင့် ဖြစ်မှာပါ။

ဆိပ်ကမ်းတစ်ခု ကပ်ခါနီးမှာ တဘော်ဘော် ထွက်လာတဲ့ သဘော်ဥသြသံကို မေ့ခနဲ မေ့ခနဲ ကြားကာမတ္တ ကြားပေမယ့် ကျွန်တော် မထဖြစ်ဘဲ ပေအိပ်နေခဲ့မိတယ်။

အဲလို ပေအိပ်နေမိတဲ့ အချိန်အတိုင်းအတာတစ်ခုအတွင်းမှာပါပဲ. . .

"ဒီမှာ. . . ဒီမှာ"

ကျွန်တော့်လက်မောင်းရင်းတစ်ဖက်ကို လက်ဖနောင့်ကလေးနဲ့ တွန်းလှုပ်နေရင်း အနီးကပ် ခေါ်နေတဲ့အသံကြောင့် ကျွန်တော်အိပ်ရာက လန့်နိုးလာတယ်။

"ဒီမှာ. . . ဒီမှာ၊ ရှတ်. . . ရှတ်"

"အင်. . ဘာ. . ဘာလဲ "

ကျွန်တော်က ယောင်ကန်းကန်းနဲ့ နိုးသွားပြီး မျက်လုံးဖွင့်ကြည့်လိုက်တော့ အံ့သြသွားတယ်။ ကျွန်တော့်ကို အနီးကပ် လှုပ်ပြီးခေါ်နေတာက ဟိုကောင်မလေးကိုး။ သူ့မျက်နှာကလေးက ကျွန်တော်နဲ့ တစ်ပေလောက်အကွာမှာပဲ ရှိနေတယ်။





"ရှူး. . . တိုးတိုး"

သူက မျက်မှောင်ကလေး ကြုတ်ပြီး ဖျတ်ခနဲ မျက်စိတစ်ဖက် မှိတ်ပြလိုက်တယ်။ ကျွန်တော့်မှာ "ဘာတုန်းဟ" ဆိုပြီး ရုတ်တရက် ကြောင်သွားတယ်။

"ယူ့ကို အိပ်ရာက နှိုးနေတာ၊ အလိုက်အထိုက်ကလေးနော်"

သူက မျက်စိတစ်ဖက် ထပ်မှိတ်ပြရင်း ခပ်တိုးတိုး။ ဒါပေမယ့် ခပ်သွက်သွက် ပြောတယ်။

"နိုးလာပလား သီရိ၊ ညက အိပ်ရေးပျက်ခဲ့တာဆိုရင်လည်း အိပ်ပါစေလား သမီးရယ်"

သူ့နောက်ဘက် ကပ်လျက်ဆီက ထွက်လာတဲ့အမျိုးသမီးကြီး တစ်ယောက်ရဲ့စကားသံပါ။ သည်တော့ သူက ကျွန်တော့်ပခုံးကို ဆတ်ခနဲ သတိပေးသလို တွန်းလိုက်ရင်း ပြန်ပြောတယ်။

"မဟုတ်ဘူး အန်တီ၊ နိုးချိန် တန်နေပြီ၊ သူ ခုထိ ဘာမှမစားရသေးဘူး၊ မြင်းခြံကတောင် သဘော်ထွက်ခဲ့ပြီ၊ ဒါကြောင့် နှိုးနေတာ၊ ထတော့ ကိုကိုရဲ့၊ တကတည်း. . . ညအထိပဲ ဆက်အိပ်တော့မလားပဲ မသိဘူး"

ဟိုက်ရော။ ဘာတွေဖြစ်ကုန်ပြီလဲမသိ။ ကိုကို. . . တဲ့။

ကျွန်တော့်ရင်ထဲမှာ ဗုဒ္ဓေါဆယ်ကြိမ်လောက် တ,လိုက်မိပြီး ဖြစ်သွားတယ်။ ဇာတ်လမ်းက အဲဒီကနေ စရှုပ်တော့တာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၅)

မောစောကလေးကမှ သူပြောခဲ့တဲ့ "အလိုက်အထိုက်ကလေးနော်" ဆိုတဲ့ စကားသံကို ချက်ချင်း ပြန်သတိရမိတာနဲ့ ကျွန်တော်လည်း ဘာမှပြန်မပြောရဲဘဲ ဖြစ်သွားပါတယ်။

အခြေအနေက ပုံမှန်မဟုတ်ဘဲ တစ်ခုခုတော့ ထူးခြားနေပြီဆိုတာကိုလည်း ရိပ်မိလိုက်တယ်။ ကျွန်တော် အိပ်စင်ပေါ်က ဆင်းလိုက်တော့ ကျွန်တော်တို့ သင်္ဘောဦးခန်းထဲမှာ ထပ်တိုးရောက်နေတဲ့ ခရီးသည်တွေကို တွေ့လိုက်ရတယ်။ သူ့နောက်မှာ ရပ်နေတဲ့ အသက်ခပ်ကြီးကြီး စုံတွဲတစ်တွဲကတော့ ကျွန်တော့်ကို ပြုံးပြုံးကြီး ကြည့်နေကြလေရဲ့။ သူတို့အပြုံးတွေက ကျွန်တော့်ကိုပဲ သိကျွမ်းရင်းနှီးနေကြသလိုလို။





"ရော့ . . . ကိုကို၊ အိပ်ချင်ပြေသွားအောင် မျက်နှာသစ်လိုက်ဦး"

သူက ဘယ်အချိန်က အသင့်ထုတ်ထားမှန်း မသိတဲ့ ရေသန့်ဘူးတစ်ဘူးကို ထိုးပေးလိုက်တယ်။ ကျွန်တော်လည်း လှမ်းယူလိုက်ပြီး ပြတင်းပေါက်တစ်ပေါက်မှာ သွားရပ်၊ မျက်နှာသစ်၊ လက်ဖဝါးထဲ ရေနည်းနည်းလောင်းထည့်၊ ကုပ်ပိုးတွေကို တဖြောင်းဖြောင်း ရိုက်လိုက်တော့မှ အတော်အတန် ကြည်လင်သွားတယ်။ ပြတင်းပေါက်ကနေ ပြန်လှည့်လာတော့ သူက မျက်နှာသုတ်ဖို့ မွေးပွတဘက်ပိုင်းကလေး အသင့်ထိုးပေးလာတာနဲ့ လှမ်းယူပြီး မျက်နှာသုတ်လိုက်ရတယ်။

"ချိန်းထားရင် လွဲဦးမယ် ကိုကိုရေ၊ ဒီမှာ သွားရင်းလာရင်း အင်မတန် ရင်းနှီးတဲ့အသိတွေနဲ့ တိုးနေလို့၊ မြင်းခြံက အန်ကယ်ဦးအောင်မြင့်တို့ ဒေါ်ဒေါ်သက်တို့နဲ့မှ ဒီပေါ်မှာ တည့်တည့်လာဆုံနေရတယ်"

သူက ကျွန်တော့်ကို ခပ်တည်တည်နဲ့ အသိပေးလိုက်တာပါ။ သည်တော့ ဟိုအန်ကယ်ကြီးက ပြန်ပြောတယ်။

"ဝမ်းသာတယ် သမီးရေ၊ အန်တီတို့လည်း မန္တလေး မရောက်တာ ကြာပြီ၊ သမီးကို မမျှော်လင့်ဘဲ ခရီးသွားဟန်လွှဲ တွေ့လိုက်ရတော့ အံ့ဩဝမ်းသာသွားတယ်၊ နောက်မှ သမီးတစ်ယောက်တည်းတော့ မဟုတ်လောက်ပါဘူးလို့ မေးမိတော့မှ အစ်ကိုဝမ်းကွဲ အဖော်ပါလာတာ သိရတယ်၊ ဒီသူငယ်ကိုတော့ တစ်ခါမှ မမြင်ဖူးခဲ့ဘူးလေ၊ အမေဘက်ကတော်တဲ့ အစ်ကိုတစ်ဝမ်းကွဲဆိုပါတော့"

ဒီလောက်ပြောသံဆိုသံ ကြားရရင်ပဲ ရှေ့ကနေ သူ ကြိုခင်းထားနှင့်တဲ့ဇာတ်ကို ကျွန်တော်မှန်းဆနိုင်လိုက်ပါတယ်။ သည်တော့လည်း သူ စောစောက သတိပေးထားသလို ကျွန်တော်လည်း အလိုက်



www.burmeseclassic.com

www.burmeseclassic.com



အထိုက်ကလေး ချော်လဲရောထိုင်ပေးလိုက်ပါတယ်။

"ဩော်. . . ညီမလေးတို့နဲ့ ရင်းနှီးကြတာလား၊ ဟုတ်ကဲ့. . . ကျွန်တော့်နာမည် မောင်ဇော်ပါခင်ဗျာ"

"အေး. . . မင်းညီမက ပြောပြီးပါပြီ၊ မင်းက ဓါတ်ပုံဆရာဆိုကွဲ့"

"ဟုတ်ကဲ့ခင်ဗျ. . . အဲဒါ မနေ့ညက ဓါတ်ပုံတွေ ကူးရင်း တစ်ညလုံး မအိပ်ခဲ့ရဘူးခင်ဗျ၊ ဒါနဲ့ပဲ အိပ်ပျော်သွားတာ၊ သူနိုးတာလည်း အလောတော်ပါပဲ၊ အဟီး. . . ကျွန်တော်လည်း ဗိုက်ဆာနေပြီလေ၊ နောက်ဘက်မှာ တစ်ခုခု သွားဖြည့်ဦးမှပဲ၊ ကဲ. . . နင်လည်း တစ်ခါတည်း လိုက်ခဲ့လေ"

ကျွန်တော်က သူ့ကိုပါ တစ်ပါတည်း ခေါ်ထုတ်လိုက်တယ်။

"အေး. . . ဟုတ်သားပဲ၊ မောင်နှမနှစ်ယောက် ဘာမှမစားကြရသေးဘူးနဲ့ တူတယ်၊ အန်တီတို့မှာ ထမင်းချိုင့်တွေ ပါတယ်ကွဲ့၊ ဒီအထဲမှာပဲ ပြင်ဆင်စားလိုက်ကြပါလား"

"နေပါစေတော့ ဒေါ်ဒေါ်သက်ရေ၊ အပြင်မှာပဲ သွားစားလိုက်ကြတော့မယ်၊ လာ. . . ကိုကို၊ သွားကြရအောင်"

သူကလည်း သူခင်းထားနှင့်တဲ့ဇာတ်လမ်းကို သူသိပြီးသားကိုး။

သူ့ခရီးဆောင်အိတ်ကလေးထဲက သားရေပိုက်ဆံအိတ်ကလေး အမြန်ထုတ်ခဲ့ပြီး ပြောတယ်။

ကျွန်တော်တို့ သဘောရဲ့အပေါ်ထပ် နောက်ဆုံးခန်းမှာ ရှိနေတဲ့ စားသောက်ဆိုင်ကို ထွက်ခဲ့ကြတယ်။







# အခန်း(၆)

ကျွန်တော်တို့ ရောက်သွားတော့ စားသောက်ဆိုင်က လူအတော်ရှင်းနေပါပြီ။

စားချိန်သောက်ချိန်ထက်လည်း အတော်ကလေး လွန်နေပြီကိုး။ ထမင်းတစ်ပွဲစီနဲ့ ကြက်သားဟင်းတစ်ပွဲစီပဲ ကျွန်တော်တို့ မှာလိုက်ကြတယ်။

သူ့မျက်နှာကတော့ ပြုံးစိစိနဲ့ပါပဲ။

"ကဲ. . . ဘယ်လိုကနေဘယ်လို ကိုယ်က မင်းရဲ့တစ်ဝမ်းကွဲအစ်ကိုဖြစ်သွားရတယ်ဆိုတာလေး ရှင်းစမ်းပါဦး၊ ဆိုင်းမဆင့် ဗုံမဆင့်နဲ့ မထိတ်သာမလန့်သာကြီးတော့ မလုပ်နဲ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"တော်တော်ကလေးမှ ထိတ်လန့်တုန်လှုပ်သွားခဲ့ရတယ် ဆိုရင်လည်း တို့ တောင်းပန်ပါတယ်နော်၊ သူတို့က မြင်းခြံဆိပ်ကမ်းမှာ တက်လာကြတာ၊ ရုတ်တရက်ကြီး ရင်ဆိုင်လိုက်ရတော့ တို့လည်း ပျာနောက်သွားတယ်၊ ယူ့ကို တိုင်ပင်ချိန်လည်း မရလိုက်ဘူး၊ ယူက ကောင်းကောင်းကြီး 'ယူ' နေပြီလေ၊ နှစ်နှစ်ခြိုက်ခြိုက်ကြီးကို အိပ်ပျော်နေပြီး ဒီလိုပါ. . . အဲဒီ ဒေါ်ဒေါ်သက်တို့လင်မယားက တို့မိဘတွေနဲ့ သိပ်ရင်းနှီးတဲ့ မိတ်ဆွေတွေပါ၊ တို့ကို သင်္ဘောပေါ်မှာ တစ်ကိုယ်တော် ခရီးနှင်လာတာလို့ မပြောသာလို့ ယူ့ကို တို့အမေဘက်က အစ်ကို့ တစ်ဝမ်းကွဲ၊ တို့အဒေါ်ရဲ့သားပါလို့ ဆွဲစေလိုက်ရတာပဲ"

"နေပါဦး. . . တစ်ကိုယ်တော် ခရီးနှင်လာတာလို့ မပြောသာဘူးဆိုတာက ဘာသဘောလဲ၊ မင်းက ဂျစ်ပစီ လုပ်လာတာနဲ့ တူတယ်၊ ဟုတ်လား"

သည်ကကောင်လည်း သည်လောက်တော့ မဝေးသေးပါဘူးလေ။ ကျွန်တော်က ဒဲ့ပစ်ထည့်လိုက်တော့ သူကလည်း 'ငေ့' မနေဘူး။

ချက်ချင်း ခေါင်းညိတ်ပြတော့တာပဲ။ နှစ်ယောက်သား ထမင်းကလေး စားလိုက်၊ ဆွေးနွေးပွဲကလေး လုပ်လိုက်ပေါ့။

"ဟုတ်တယ်. . . တို့ ဂျစ်ပစီ လုပ်လာတာ အိမ်က သိသွားလို့ မဖြစ်ဘူး၊ အထူးသဖြင့် ဒီရေကြောင်းကနေ လစ်လာတယ်ဆိုတာကို သိသွားကြလို့ မဖြစ်ဘူး၊ ဒါပေမယ့် အဲဒီဘိုးတော်တို့စုံတွဲနဲ့ မရှောင်သာ မပြေးသာ ထိပ်တိုက်ကြီး တိုးချလိုက်တာဆိုတော့ လတ်တလောအားဖြင့် တို့မှာ ခရီးဖော် ပါလာတယ်ဆိုတာ မဖြစ်မနေ အသိပေးမှ သက်သာမှာ၊ တို့တစ်ယောက်တည်းနဲ့ ဒီလိုသွားလာခွင့်ကို တို့အိမ်က ဘယ်နည်းနဲ့မှ ပေးမှာမဟုတ်ဘူးဆိုတာ သူတို့က သိထားကြတယ်လေ၊ အဲဒါကြောင့် ယူ့ကို ဆွဲစေလိုက်ရတာပါ၊ ယူနဲ့က လူငယ်ချင်းဆိုတော့ ပြီးမှ





ခုလို နားလည်မှု ယူလိုက်ရတာပါ"

ကျွန်တော် သက်ပြင်းချလိုက်မိတယ်။

"အင်း. . . ကိုယ်တော့ သွားရင်းလာရင်း မြွေခလုတ်တိုက်ပြီ ထင်တယ်၊ ဆွမ်းခံရင်း ငှက်မသင့်ရအောင် ရှေ့မျက်နှာ နောက်ထားပြီး အသားကုန် စပ်စုရတော့မှာပဲ"

"ရတယ်. . . မစပ်စုရခင်ကတည်းက အရှိအတိုင်း ခင်းပြထားယ်၊ ဒါမှလည်း ယူ့ကို ဆက်အကူအညီတောင်းဖို့ လမ်းကြောင်းပွင့်နိုင်ယ် မဟုတ်လား"

"ဇာတ်လမ်းက ဆက်ရန်ရှိသေးတယ်ပေါ့လေ. . . ဟုတ်လား"

"ရာနှုန်းပြည့်ပေါ့၊ ဘယ့်နှယ်. . အခုမှ အစရှိသေးတာ"

"နေဦးလေ. . . ခုလို တစ်ကိုယ်တော် ရွက်လွှင့်လာတယ်ဆိုတော့ ဒီခရီးစဉ်မှာ မင်းကို ဦးဆောင်မယ့် မာလိန်မှူးက ဘယ်ရောက်နေလို့တုန်း၊ သူက ဘယ်သောင် ဘယ်ကမ်းက စောင့်နေမှာတဲ့တုန်း"

သူက ဟက်ခနဲ ရယ်လိုက်တယ်။

"ဘယ်သောင်ကမ်းကမှ စောင့်နေမယ့် မာလိန်မှူး မရှိဘူး၊ တို့ဦးတည်ချက်က ပြည်မြို့ပဲ၊ ပြည်မြို့မှာ တို့အချစ်ဆုံးသူငယ်ချင်း ဖြူဖြူဆိုတာ ရှိတယ်၊ ဖြူဖြူကို တို့ မန္တလေးကနေ ထွက်လာခဲ့ပြီဆိုတာကို ကြိုတင်ဖုန်းဆက်ထားပြီးသား၊ သူ တို့ကို ကြိုနေလိမ့်မယ်"

"ဩော်. . . ပြည်မြို့က မင်းရဲ့ဝပ်ကျင်းဆိုပါတော့လေ"

"ဟုတ်တယ်. . . တို့အတွက် ငြိမ်းချမ်းနယ်မြေ"

မေးရင်းမေးရင်းကနေ ကျွန်တော် သဘောပေါက်လာပါပြီ။

"ဘာလဲ. . . ဟိုသီချင်းတစ်ပုဒ်ထဲကလို ချစ်သူ့နယ်မြေသည်သာ ငြိမ်းချမ်းနယ်မြေဆိုတဲ့ အဓိပ္ပာယ်လား"

"ဟင့်အင်း. . . ဘုမသိဘမသိနဲ့ အိမ်ထောင်ဆိုတဲ့ ချောက်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ထဲ ချော်ကျရဖို့ကိစ္စကနေ လွတ်မြောက်ရာ ငြိမ်းချမ်းရေးဇုံလို့ ပြောတာ”

“အလိုဗျာ. . . ပြည်မှာများ တစ်သက်လုံး အခြေချဖို့ ဆုံးဖြတ်ထားလေရော့သလား”

ကျွန်တော်က ခပ်ပြုံးပြုံး ထေ့လိုက်တော့ သူက ရယ်ပြန်တယ်။

“တစ်သက်တာလောက်ကြီး အချိန်ပေးဖို့အထိ မလိုအပ်ပါဘူး။ သူတို့ဘာသာသူတို့ လူကြီးတွေချင်း လက်ဝါးရိုက်ပြီး အိမ်ထောင်တစ်ခုကို စီစဉ်ပေးချင်တယ်ဆိုတဲ့ကိစ္စ အရောင်ပြယ် မှေးမှိန်သွားရုံလောက်ပါ။ အခုကိုပဲ တို့လက်မခံနိုင်ဘူးဆိုတာကို သူတို့ သဘောပေါက်လောက်ကြပါပြီ၊ တို့ကို ခြေရာခံဖို့လည်း စိုင်းပြင်းနေကြလောက်ပြီ၊ ဒါပေမယ့် တို့က ခြေရာမထင်နိုင်တဲ့လမ်းကြောင်းက လစ်လာတာလေ”

“လူကြီးတွေကို သိပ်လျှော့မတွက်နဲ့ကွ၊ သူတို့မှာက တို့ထက် သာတဲ့ အတွေ့အကြုံဆိုတဲ့ အားသာချက်ကြီးတစ်ရပ် ရှိပြီးသား”

“လျှော့တွက်တာ မဟုတ်ပါဘူး၊ ဒါပေမယ့် သူတို့ ဘယ်လိုမှ မတွက်လောက်တဲ့ ပဟေဠိကို ချပေးထားခဲ့တာပါ။ တို့က ငယ်ငယ်တုန်းက ရေနစ်ဖူးတယ်၊ အဲဒီကတည်းက ရေကြောင်းခရီးဆို ရာသက်ပန်အမုန်းပဲ၊ ဘယ်တော့မှ မသွားဘူး၊ ဒီလောက် ရေကြောက်တတ်တဲ့ ရှောင်တတ်တဲ့ တို့က “သ-သင်္ဘောကြီး ပျော်ပျော်စီး” လိမ့်မယ်လို့ သူတို့ ဘယ်လိုမှ တွေးမှာမဟုတ်ဘူး၊ အဲဒီတွက်ကိန်းနဲ့ ဒီခရီးကို စွန့်စားမိကာမှပဲ ကံက ဆိုးချင်တော့ အိမ်ကို ကောင်းကောင်းပြန်သတင်းပို့မယ့် အထောက်တော်စုံတွဲနဲ့ တည့်တည့်တိုးလို့ ပျာနောက်သွားတာ”

သူက ထမင်းလုပ်ကလေးကို မျိုချရင်း နောက်က ရေနွေးကြမ်းတစ်ကျိုက် သောက်တယ်။

ကိုယ့်မတော့ သူ့အပူတွေ ငင်မိ တွေးမိရတာနဲ့ စားလက်စ ကြက်သားဟင်းတောင် မချိုတော့ဘူး။





“နေဦး. . . အဲဒီအထောက်တော်စုံတွဲရဲ့ခရီးဆုံးက ဘယ်ကိုတဲ့လဲ”

“သူတို့က ညောင်ဦးကို သွားကြမှာတဲ့၊ အသက်တွေ ကြီးလာပြီမို့ လူသက်သာတဲ့ ရေကြောင်းကို ရွေးခဲ့တာတဲ့လေ”

“ဒါဆို သူတို့က မနက်ဖြန်ဆိုရင်ပဲ ခရီးဂိတ်က ဆုံးပြီ၊ မင်းနဲ့ သင်္ဘောပေါ်မှာ ဆုံခဲ့တယ်ဆိုတဲ့အကြောင်း သူတို့က ဖုန်းလှမ်းမဆက်ပါဘူးလို့ မင်းယုံကြည်ထားမိလို့လား”

“မယုံကြည်ထားပါဘူး. . . အထူးသဖြင့် တို့တစ်ယောက်တည်းကို တွေ့ရတာဆိုရင် ညောင်ဦးရောက်တာနဲ့ ပျာပျာသလဲကို သတင်းပို့နိုင်တာပေါ့၊ ဒါ့ကြောင့် ယူ့ကို တို့အစ်ကိုတစ်ဝမ်းကွဲပါ၊ မန္တလေးကနေ အတူထွက်လာခဲ့ကြတာလို့ အသိပေးလိုက်ရတာပေါ့၊ အစ်ကိုဝမ်းကွဲတစ်ယောက် အစောင့်အရှောက်အဖြစ် အတူတူပါသွားပဲ ဆိုတဲ့အသိက သူတို့ကို အနည်းနဲ့အများတော့ စိတ်ချလက်ချ ရှိသွားစေနိုင်မယ်လို့ ထင်တယ်လေ”

“အင်း. . . မင်းတွက်ကိန်းက ဆိုးတော့မဆိုးလှပါဘူး၊ ဒါပေမယ့် ရာနှုန်းတစ်ဝက်ပဲ စိတ်အေးရမှာပါကွာ၊ ကျွန်မနဲ့ တွေ့ခဲ့တယ်လို့ အိမ်ကို လှမ်းဖုန်းမဆက်ပါနဲ့နော်လို့ မင်း ပြောင်ပြောင်တင်းတင်း ဖွင့်ပြောပြီး တားလို့မှ မရနိုင်တာပဲ၊ ဒါမျိုးက မလိုရင် ချော်တောငေါ့တတ်တာမျိုးလေ၊ သတိရတုန်း ဖုန်းဆက်လိုက်ဦးမဟဲ့ဆိုရင် မင်းဖျောက်ခဲ့တဲ့ ခြေရာက ဘွားဘွားကြီး ပေါ်ပြီ၊ ချောက်၊ မကွေး၊ ရေနံချောင်း၊ ဆင်ပေါင်ဝဲ၊ အောင်လံ၊ ဟား ကြိုက်ရာဆိပ်ကမ်းက ထိုင်စောင့်ရုံပဲ၊ သင်္ဘောဆိုက်တာနဲ့ အပေါ်တက်ရှာရုံပဲ၊ မင်းပြေးလမ်းမကြီးက ကိုယ့်နယ်ကိုယ် ချုပ်ပြီးသားကြီးပဲ”

ကျွန်တော်ပြောလိုက်ကာမှပဲ သူ တော်တော် အားငယ်သွားပုံ

www.burmeseclassic.com

www.burmeseclassic.com



ရတယ်။

ရုတ်တရက် ဘာမှပြန်မပြောနိုင်ဘဲ ငိုင်ကျသွားတာ၊ ဘယ်ကစတရှုကာသက်ရမှန်းတောင် မသိဘူး။

"အင်း. . . ဟုတ်တယ်နော်၊ ဗျူဟာပြောင်းပြီး လမ်းကြောင်းရွှေ့ရမလားတောင် မပြောတတ်တော့ဘူး"

သူ ပူပူပင်ပင်သံကလေးနဲ့ ညည်းတယ်။

"ကဲပါကွာ. . . စားလက်စ ထမင်းကလေး မြိုမကျ ဖြစ်မနေပါနဲ့ အခြေအနေ စောင့်ကြည့်ပြီး ကိုယ် ကူသင့်ရင် ကူပါ့မယ်၊ ကုသိုလ်ရတယ် မဟုတ်လား၊ အဲ. . . မင်းကလည်း ကိုယ့်ကို ယုံမယ်ဆိုရင်ပေါ့လေ၊ ခေတ်သစ်ကျွန်စစ်သားနဲ့ စောလူးမင်း ဇာတ်လမ်းတော့ မခင်းချင်ဘူးကွ၊ ကူလည်း ကူရသေး. . . ပူလည်း ပူရသေး ဆိုရင်တော့ သိပ်မမိုက်ဘူး၊ အဲဒါ အခုရှုပ်မှ နောင်ရှင်းဆိုသလို ကြိုပြောထားတာ"

ကျွန်တော်က စိတ်ထဲ ရှိနေတဲ့အတိုင်းပဲ ပွင့်ပွင့်လင်းလင်း ပြောထားလိုက်တယ်။

သည်တော့ သူက ရိပ်ခနဲ ပြုံးလိုက်တယ်။

"တို့ ဒီလောက်တော့ လူကဲခတ် မညံ့သေးပါဘူး၊ အိုင်တီခေတ်လူငယ်ချင်းပဲ၊ ဒီလောက်တော့ ဖြူဖြူစင်စင် စာနာခံစားကူညီပေးနိုင်လိမ့်မယ်လို့ တို့ယုံကြည်ပါတယ်"

"ကြည့်စမ်း. . . စည်းရုံးရေးကလည်း ပိုင်လိုက်တာ၊ တကယ့်လူလည်မ"

ကျွန်တော်က ဂုဏ်ပြုလိုက်တော့ သူက အပွင့်လင်းဆုံး ပြုံးလိုက်တယ်။

"အဲဒီနာမည်ကလေး ခေါက်ထားလိုက်ပြီး တကယ့်နာမည်ကလေးလည်း မှတ်ထားလိုက်ဦး"





"အေး. . . ဟုတ်သားပဲ၊ ကိုယ် ခုချိန်အထိ မင်းနာမည်ကို မမေးဖြစ်သေးဘူးနော်"

သူက ပိုက်ဆံအိတ်ရဲ့ဇစ်ကို ဆွဲဖွင့်လိုက်တယ်။

ပြီးတော့ ပလတ်စတစ်ကတ် လောင်းထားတဲ့ နိုင်ငံသားကတ်ကလေးကို ဆွဲထုတ်ပြီး လှမ်းပေးရင်း ပြောလိုက်တယ်။

"မှတ်ထားနော်. . . 'ပိုသီရိမို' တဲ့"

"အလဲ့. . . နာမည်က တစ်ချက်ကြားရုံနဲ့တင် တစ်သက်မှားသွားရမယ့်ကိန်းပါလား၊ နိုင်ငံသားကတ် ပြရအောင် ကိုယ်က လူဝင်မှုကြီးကြပ်ရေးကလည်း မဟုတ်ပါဘူးကွာ"

"မဟုတ်ပါဘူး. . . အဆုံးစွန် ရှုံးသားလိုက်တယ်ဆိုတာကို ပြလိုက်တာပါ"

"အိုကေ. . . ကိုယ့်နာမည်လည်း မှတ်ထားပေါ့၊ နောင်ရိုးဇော်တဲ့"

"မိုက်သွားပြီ. . . တို့ကို ကူညီဖို့အရေးမှာ ဘုရင့်နောင် ကျော်ထင်နော်ရထာ နောင်ရိုးတိုက်ပွဲမှာ အသားကုန် နွှဲသလို နွှဲမယ့်နိမိတ်လို့ ယုံကြည်လိုက်မယ်၊ သွားရင်းလာရင်း အမှတ်မထင် ကောက်ရခဲ့တဲ့ ညီမလေးကို အစ်ကိုဆက်တော်ခွင့် ပြုပါနော်"

ကျွန်တော်တို့ ပြိုင်တူရယ်ဖြစ်သွားကြတယ်။ ဖြစ်ရချေသေးရဲ့ "အစ်ကိုကြီး" ပေါ့လေ။

ဘဝကံများ အီစီကလီ လုပ်လာရင် အဲသလိုလည်း မထင်မှတ်ဘဲ ရာထူးရာခံတွေ ကောက်ရတတ်သားပဲနော်။





www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၇)

ဧရာအနောက်မြို့တော်လို့ ခေါ်တဲ့ ပခုက္ကူမြို့ဆိပ်ကမ်းကို သင်္ဘောဝင်ဆိုက်တော့ ညနေ(၅)နာရီခွဲနေပါပြီ။

သင်္ဘောက ပခုက္ကူဆိပ်ကမ်းမှာ တစ်ညအိပ်မှာပါ။

ကျွန်တော်တို့နှစ်ယောက် သင်္ဘောနောက်ခန်း စားသောက်ဆိုင်မှာ ထမင်းစားကြပြီး ဟိုအထောက်တော်ဖြစ်လာနိုင်တဲ့ အန်ကယ်ကြီးတို့စုံတွဲကို ခပ်တည်တည်နဲ့ ဆက်ပြီး ဗြောင်လိမ်ကြဖို့ တိုင်ပင်ညှိနှိုင်းလို့ ရှေ့ဦးခန်းကို ပြန်လာခဲ့ကြချိန်မှာ လူကြီးစုံတွဲကတော့ တစ်ရေးတစ်မော အိပ်နေကြတာ တွေ့ရတော့ အတော်ရင်အေးသွားရတယ်။





သူတို့နဲ့ အတတ်နိုင်ဆုံး စကားမပြောဘဲ နေကြရလေ ကောင်းလေပဲ မဟုတ်လား။

စကားစကား ပြောပါများ. . . စကားထဲက အမှားပါသွားမှာ ကြောက်ရတယ်လေ။

ကျွန်တော်ကလည်း သူပြောပြထားသမျှကလေးလောက်က လွဲရင် သူတို့မိသားစုအကြောင်း ဘာမှသိတဲ့လူ မဟုတ်လေတော့ သူတို့က "တောမေးတောင်မေး" လျှောက်မေးသမျှ ဖြေနိုင်မှာမှ မဟုတ်ဘဲ။

သည်တော့ သည်စုံတွဲကို ကျွန်တော်က မော်တော်ကားနောက်မှီက စာတန်းများလို "ဝေးလေ ကောင်းလေ"လို့ စိတ်တုံးတုံး ချထားမိတယ်။

ညနေဘက် နေလုံးနီနီရဲ့အရောင်တွေ ဖြာကျနေတဲ့ ပခုက္ကူဆိပ်ကမ်းကတော့ ထိုးဆိုက်ထားတဲ့ စက်လှေတွေ၊ မော်တော်တွေနဲ့ အပြွန့်တကျဲ လှပနေပါတယ်။

သည်တော့လည်း ရနိုင်သမျှ ပုံကလေးတွေကို သင်္ဘောအပေါ်ဆုံး ပြတင်းကနေ ရိုက်ယူလိုက်တယ်။ နေရောင်ကလည်း ဓါတ်ပုံရိုက်လို့ အဆင်ပြေတဲ့ အနေအထားကိုး။

သင်္ဘောက တဘော်ဘော်နဲ့ ဥသြမှုတ်သံပေးတော့မှ စောစောက မှိန်းနေကြတဲ့ အန်ကယ်ကြီးတို့လင်မယား နိုးလာကြတယ်။

ပခုက္ကူနဲ့ ညောင်ဦးကိုပဲ ဧရာဝတီကို ခါးလွယ်ခုတ် ဖြတ်ပြီး ဆွဲပေးနေတဲ့ ကူးတို့မော်တော် သီးသန့်ရှိပေမယ့် အန်ကယ်ကြီးလင်မယားကတော့ သင်္ဘောပေါ်မှာပဲ အေးအေးဆေးဆေး ညအိပ်မယ်လို့ ဆိုပါတယ်။

သူတို့ရဲ့စီမံကိန်းကို သိလိုက်ရပြီးတာနဲ့ပဲ ကျွန်တော်တို့နှစ်ယောက်ကတော့ မြို့ပေါ် လစ်ကြဖို့ သဘောချင်း ညီနေကြ

www.burmeseclassic.com



ပြောခဲ့တယ်လေ။ "ဝေးလေ ကောင်းလေ" ပါလို့။

ဦးခန်းရဲ့ထောင့်ဘက်မှာရှိတဲ့ သန့်စင်ခန်းနဲ့ တွဲထားတဲ့ ရေချိုးခန်းထဲကိုပဲ ခပ်သုတ်သုတ် ဝင်ပြီး ရေမိုးသန့်စင်လိုက်ကြရတယ်။

တွိုင်းလက်စ်က ဘိုထိုင်ဖြစ်တဲ့အပြင် ရေပန်းကရားနဲ့ ရေချိုးရတာမို့ အေးရာအေးကြောင်းပါပဲ။

လဲလှယ်မယ့် အဝတ်အစားတွေကိုတော့ တစ်ပါတည်း ယူသွားလိုက်ကြတယ်။ အနံ့အသက်လည်း ကင်းပါတယ်။

ခရီးသွားလမ်းသွားဆိုတော့ ပေးသမျှ အနေအထားနဲ့ပဲ အဆင်ပြေအောင် ကြိတ်ကြရတာပေါ့။ ကျွန်တော် ရေချိုးခန်းက ထွက်လာတဲ့အချိန်မှာ သူက ပြင်လို့ဆင်လို့ ပြီးနေပါပြီ။

အဲသလို ရေမိုးသန့်စင်ပြီး ပြင်လိုက်ဆင်လိုက်တော့မှ အမှတ်မထင် ကောက်ရခဲ့တဲ့ ညီမက အရမ်းလှနေတော့တာပါလား။ အလန်းဇယား ဖွင့်ထားလိုက်သမှ ကိုယ်တောင် ထိုင်ငေးမိတော့မလို ဖြစ်သွားရတယ်။

ကျွန်တော်တို့ အဝတ်အစားတွေ လဲလှယ်ဝတ်ဆင် ပြင်ဆင်နေတာ တွေ့တော့ ဒေါ်ဒေါ်သက်ဆိုတဲ့ အန်တီကြီးက မေးတယ်။

"မင်းတို့မောင်နှမက မြို့ပေါ် တက်ကြဦးမလို့လား"

"ဟုတ်ကဲ့ အန်တီ၊ ကျွန်တော်က ဒီမြို့ကို တစ်ခေါက်မှ ရောက်ဖူးတာ မဟုတ်ဘူး၊ သင်္ဘောပေါ် အလကား ထိုင်အချိန်ဖြုန်းနေမယ့်အစားတော့ မောင်နှမနှစ်ယောက် မြို့ပေါ် တက်လိုက်ကြဦးမလို့၊ ညစာထမင်းလည်း မြို့ပေါ်က တစ်ဆိုင်ဆိုင်မှာပဲ အပြီးစားလာခဲ့တော့မယ်လေ"

"ဒေါ်ဒေါ်သက်တို့ကော လိုက်ခဲ့ကြပါဦးလား"

သူက အရေးထဲ ဝင်လောကွတ်ချော်လို့ "တကယ်ထလိုက်လာ





ကြရင် ဒုက္ခပဲ" လို့ ကျွန်တော့်မှာ စိုးရိမ်သွားရသေးတယ်။ တော်ပါသေးရဲ့. . . သူတို့က ငြင်းလို့။

"ဒေါ်ဒေါ်တို့ကတော့ မလိုက်တော့ပါဘူးကွယ်၊ အေးအေးဆေးဆေးပဲ နေခဲ့ကြတော့မယ်၊ ညစာအတွက် ထမင်းဟင်းတွေလည်း ချိုင့်တွေနဲ့ အပြည့်အစုံ ပါလာခဲ့ပြီးသားဆိုတော့ ဒီအခန်းထဲမှာပဲ စားတော့မယ်၊ မင်းတို့တော့ ငယ်ရွယ်သူတွေပဲ. . . သွားကြပေါ့၊ ကုန်းအတက်ကမ်းပါးပေါ် ကျရင် မြင်းလှည်းဂိတ် ရှိတယ်ကွဲ့၊ ဒီမြို့ကို ရောက်တုန်း သိယိုလ်ရှင်ဘုရားကို ဖူးဖြစ်အောင် သွားဖူးကြဦးပေါ့၊ ပခုက္ကူရဲ့ တန်ခိုးကြီးဘုရားကွဲ့၊ နယုန်လ ပွဲတော်ခင်းရင် တစ်နယ်လုံး ပြုံကျတဲ့ ဓနိသတ်နဲ့ ဘုရားဖူးတွေနဲ့ သိပ်စည်ကားတာ"

ဒေါ်ဒေါ်သက်ကတော့ သည်နယ်တစ်ရိုးကို ငယ်စဉ်က ဒိုးလိုမွှေ ရေလိုနှောက်ခဲ့သူ ဖြစ်ဟန်တူပါရဲ့။ သူကပြန်ပြီး နတ်လမ်းညွှန်နေသေးရဲ့။

"ဟုတ်ကဲ့ အန်တီ၊ ဒီလိုဆို ကျွန်တော်တို့ သွားမယ်နော်"

"အေး. . အေး. . မင်းတို့ခရီးဆောင်အိတ်တွေလည်း စိတ်ချသွား၊ ဒေါ်ဒေါ်တို့ ဘယ်မှမသွားဘူး"

ကျွန်တော်တို့(၂)ယောက် ရှေ့ဦးခန်းကနေ ထွက်ခဲ့ပြီး အောက်ထပ် ဆင်းခဲ့ကြတယ်။

သင်္ဘောအောက်ထပ်မှာတော့ ဝတ်စုံပြာဝတ် အလုပ်သမားတွေ ပျားပန်းခတ် စည်ကားလို့။

ကျွန်တော်တို့ နှစ်ယောက်ကတော့ ရှုပ်ထွေးနေတဲ့ အလုပ်သမားတွေ၊ ခေါင်းရွက်ဗျပ်ထိုး ဈေးသည်လေးတွေကို လွတ်အောင် ရှောင်ကွင်းပြီး မြင့်မားတဲ့ ကမ်းခြေပေါ် ခပ်ဖြည်းဖြည်း လျှောက်တက်ခဲ့ကြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



မြို့ရဲ့မြေညီကမ်းနားလမ်းပေါ် ရောက်တော့ မြင်းလှည်းဂိတ်ကို အဆင်သင့် တွေ့ရတယ်။

"ကဲ. . . မြင်းလှည်းတွေတော့ တွေ့ပြီ၊ ဘယ်ကိုသွားကြရင် ကောင်းမလဲ"

သူက မေးတယ်။ ကျွန်တော် ခပ်နောက်နောက်ပဲ ပြန်ပြော လိုက်တယ်။

"တို့က လောလောဆယ်မှာ မုသာဝါဒသမားတွေ ဖြစ်နေကြ တာဆိုတော့ ဘုရားတရားဖက်မှ အဆင်ပြေမယ် ထင်တယ်ကွ၊ အဲဒီ တော့ ဘုရားပဲ သွားကြတာ ကောင်းမယ်"

သိယိုလ်ရှင်ဘုရားကို သွားဖို့ ကျွန်တော်တို့ မြင်းလှည်းတစ်စီး ငှားလိုက်ကြတယ်။





# အခန်း(၈)

သိယိုလ်ရှင်ဘုရားကြီးကို ကျွန်တော်တို့ ရောက်ကြချိန်မှာ မိုးစုပ်စုပ် မချုပ်သေးပါဘူး။

ဒါပေမယ့် ဘုရားမီးရောင်စုံကတော့ ကြည်ညိုစရာကောင်း လောက်အောင် ထိန်ထိန်ညီးနေပါပြီ။

ဘုရားပူဇော်ဖို့ ပန်းမျိုးစုံ၊ အလင်းတိုင်၊ တံခွန်ကုက္ကား မုလေး များတွေလည်း ဝယ်လိုက်ရသေးတယ်။

မြင်းလှည်းဆရာကို ဘုရားဝတ်ပြုချိန်မှာ စောင့်နေပေးနိုင် မလားလို့ မေးတော့ စိတ်တိုင်းကျ ကြည်ညိုပါ၊ သူတို့မြို့က မြင်းလှည်း



www.burmeseclassic.com

www.burmeseclassic.com



ဆရာတွေက ဘုရားဖူးကို ချန်ထားရစ်ခဲ့ပြီး ပြန်မောင်းသွားလေ့ မရှိပါဘူးတဲ့။

ဘုရားကို လိုက်ပို့ရုံတင်မကပဲ ပြန်ဖို့အတွက်ပါ ကြိုတင်ညှိနှိုင်းရင် အတတ်နိုင်ဆုံး စျေးနှုန်းချိုသာအောင် အပြန်အတွက် မြင်းလှည်းခကို တစ်ဝက်လျှော့ယူလေ့ရှိတယ်လို့ ဆိုတယ်။

ဒါနဲ့ မြင်းလှည်းဆရာကို အစောင့်ခိုင်းလိုက်ကြတယ်။

အဲဒီနောက် ကျွန်တော်တို့ ဘုရားဝတ်ပြုကြတယ်။

ကျွန်တော်ကတော့ ယောကျ်ားလေးတို့ ထုံးစံအတိုင်း ခပ်မြန်မြန်ပါပဲ။

ကျွန်တော် ဘုရားရှေ့က ပြန်ထလာခဲ့တဲ့ အချိန်အထိ သူကတော့ မျက်လုံးကလေးတွေ စုံမှိတ်ထားရင်း နှုတ်ခမ်းကလေးတွေ ရွရွလှုပ် ဘုရားစာရွတ်ဆိုရင်း အာရုံပြုလို့ ကောင်းနေဆဲပါ။

ဗုဒ္ဓရုပ်ပွားတော်မြတ် စံပယ်ရာ ပလ္လင်ရှေ့က ထိန်ထိန်ညီးတဲ့ မီးအလင်းရောင်ကြောင့် သူ့မျက်နှာကလေးကို ထင်ထင်လင်းလင်း မြင်နေရတယ်။

သူ့စိတ်ထဲမှာတော့ သူ့ရည်ရွယ်ချက်အတိုင်း သူချိန်းဆိုထားတဲ့ သူငယ်ချင်းဆီကို အနှောင့်အယှက်ကင်းကင်း ချောချောမွေ့မွေ့ ရောက်နိုင်ပါစေလို့ ဆုတောင်းနေမလားလို့ မှန်းဆမိပြန်တယ်။

ဟုတ်တယ်လေ။

အသက်အရွယ်ချင်း မတိမ်းမယိမ်း ခေတ်လူငယ်ချင်းတွေမို့ နားလည်မှုတွေနဲ့ ဆက်ဆံနေကြတယ်ဆိုတဲ့တိုင် တကယ်တော့ ကျွန်တော်နဲ့သူက သူစိမ်းတွေပဲ မဟုတ်လား။

သူ့ကို ဘေးတိုက်အနေအထားနဲ့ ဓါတ်ပုံရိုက်လိုက်ဖို့ ဖျတ်ခနဲ စိတ်ကူးပေါ်လာလိုက်သေးပေမယ့် အဲဒီစိတ်ကူးကို ကျွန်တော် ပြန်ဖျက်





သိမ်းလိုက်ပါတယ်။

စောစောက ကြိုတင်ခွင့်မတောင်းခဲ့မိလို့ မရိုက်တော့ဘူးလို့ပဲ ဆုံးဖြတ်လိုက်တယ်။

ဘာလို့ရယ် မသိဘူး။

အဲဒီဆုံးဖြတ်ချက်ကို ချလိုက်ချိန်မှာ ကျွန်တော် နင့်နင့်မောမောကြီး ခံစားလိုက်ရသလိုပါပဲ။

သည်နေ့မနက်ကတည်းက ပြောဆိုဆက်ဆံလာခဲ့ရသမျှ တစ်လျှောက်လုံးမှာ သူက ပျော့ရွှော့ဆန်ဆန် အသွက်စား အလန်းစားဖြစ်ခဲ့သလောက် အဲဒီဘုရားဝတ်ပြုနေတဲ့ အချိန်ကလေးမှာတော့ မှိတ်နိုးညွတ်နူးစရာ ကြေးရုပ်တုကလေးတစ်ခုလို သိမ်မွေ့အေးချမ်းနေပြန်ပါတယ်။

ကျွန်တော် သူ့ကို အချိန်အတော်ကြီး ကြာတဲ့အထိ ငေးကြည့်နေခဲ့မိတာကို သူသိမှာ မဟုတ်ပါဘူး။ အဲဒီအချိန်မှာ ကျွန်တော့်ရင်ထဲကို မြတ်ပြီး အင်မတန် နူးညံ့တဲ့ ကရုဏာစမ်းချောင်းကလေး တစိမ့်စိမ့် စီးဆင်းနေခဲ့သလို ခံစားလိုက်ရတယ်။ ကျွန်တော့်နားထဲမှာလည်း နေ့လည်တုန်းက သူပြောခဲ့တဲ့ ဝန်ခံစကားသံကလေးကို ပြန်ကြားယောင်နေမြန်ပါတယ်။

"ဘုမသိ ဘမသိနဲ့ အိမ်ထောင်ဆိုတဲ့ချောက်ကြီးထဲ ချော်ကျရမို့ ဘဲ့ကနေ လွတ်မြောက်ရာ ငြိမ်းချမ်းရေးဂုံလို့ ပြောတာ" ဆိုတဲ့စကားပဲ ဆေါ့။

ဒါဟာ သူရည်မှန်းထားရာ သူ့ခိုလှုံရာသူငယ်ချင်းတစ်ယောက်ရှိနေတဲ့ ပြည်မြို့ကို ညွှန်းဆိုလိုက်တဲ့စကားပဲ မဟုတ်လား။

တစ်နည်းအားဖြင့် အချစ်မပါရင် ပြန်လှည့်မကြည့်စကောင်းခေါင်းခါမှာပဲဆိုတဲ့ သူ့ခံစားချက် ခံယူချက်ကို ဖော်ပြလိုက်တဲ့စကား



www.burmeseclassic.com

www.burmeseclassic.com



လည်း ဖြစ်နေလိမ့်ဦးမလားပါပဲ။

ဟော. . . ကျွန်တော့်နှလုံးသားလေးက စပါးပင်လေးလိုမျိုး သူ့ရှိရာကို ညွတ်ကိုင်းနေမိလေသလား။

ကိုယ့်ကိုယ်ကို ပြန်သတိမူလိုက်တဲ့အချိန်မှာ ကျွန်တော် သိမ့်ခနဲ ဖြစ်သွားတယ်။

တော်ပြီဟေ့။ ဒါတွေ တွေးမနေနဲ့တော့လို့ ကိုယ့်ဘာသာ ပြန်ဘရိတ်နင်းလိုက်ရတယ်။

အဲဒီတုန်းမှာပဲ သူ ဘုရားဝတ်ပြု ရှိခိုးအာရုံပြုခြင်းအလုပ် ပြီးစီးသွားပါတယ်။

သူက ကျို့ကျို့ယို့ယို့ပဲ ဦးသုံးကြိမ်ချလိုက်ပါတယ်။ ပြီးမှ ခပ်ဖြည်းဖြည်း ထရပ်တယ်။

လက်အုပ်ကတော့ ချီထားဆဲပဲ။ ကျွန်တော် သူ့အနား လျှောက်သွားလိုက်တယ်။

"ဆောရီးနော် ယူ၊ တို့ တော်တော်ကြာသွားသလားပဲ"

သူ့အသံက တိုးတိုးညင်ညင်ပဲ။

ဘုရားရှင်ကို ကြည်ညိုဝပ်တွားခြင်းရဲ့အကြည်ဓါတ်တွေ လွှမ်းဂါနေတဲ့အသံမျိုးပါ။

"မကြာပါဘူး. . . မိန်းကလေး ဘုရားရှိခိုးတာ ဒီလောက်တော့ အချိန်ယူရမှာပေါ့။ ကိုယ်တွေလို ပုဆိန်ပေါက် ဦးချလို့ လူမြင်မကောင်း ဖြစ်မှာပေါ့"

"ကျေးဇူးပဲ ယူ. . . သွားကြစို့"

ကျွန်တော်တို့ ဘုရားတန်ဆောင်းထဲက ပြန်ထွက်ခဲ့ကြတယ်။

မနက်တုန်းက သွက်လက်လန်းဆန်းခဲ့သလောက် သည်ညဦးပိုင်းမှာ အေးချမ်းတည်ငြိမ်နေတဲ့ သူ့အမူအရာနဲ့ လှုပ်ရှားမှုတွေက





ကျွန်တော် သတိမပြုမိဘဲ မနေနိုင်လောက်အောင် သိသာခြားနားလွန်းနေတယ်။

အဲဒါကိုက ကျွန်တော့်အဖို့တော့ အံ့ဖွယ်တစ်ပါး ဖြစ်နေမိရပြန်တယ်။

သူနဲ့အတူ ယှဉ်လျှောက်လာနေမိရင်းက သည်တွေ့ဆုံမှုမျိုးကြုံတွေ့လာခွင့်ရအောင် ကျွန်တော့်ကို မြစ်ကြောင်းခရီးက ပြန်ဖို့ အစပျိုးပေးခဲ့တဲ့ နောင်တော်ကြီး ဓါတ်ပုံကိုကိုဦးကို စိတ်ထဲက ကျေးဇူးတင်နေမိပြန်တယ်။

ကိုကိုဦးသာ မတိုက်တွန်းခဲ့ရင် ကျွန်တော် သူနဲ့ ဒီလိုဆုံနိုင်စရာအကြောင်း မရှိဘူးလေ။

"သဘော်ဆိပ်ကို ဆင်းဖို့ နီးတဲ့တစ်နေရာရာက ထမင်းဆိုင်ကောင်းကောင်းတစ်ဆိုင်ကို ပို့ပေးတွာ"

"ရတယ် အစ်ကို"

လမ်းမီးတိုင်တွေကတော့ လင်းလက်နေပါပြီ။

စက်ဘီးတွေ ဆိုင်ကယ်တွေကတော့ လမ်းမကြီးတစ်လျှောက် စီးမျောလို့။

ကျွန်တော်က မြင်းလှည်းဦးပိုင်းမှာ မြင်းလှည်းဆရာလေးနဲ့ အတူယှဉ်တွဲထိုင်ပြီး သူကတော့ မြင်းလှည်းအိမ်အတွင်းမှာပဲ ဆိတ်ဆိတ်ငြိမ်ငြိမ် လိုက်ပါလာပါတယ်။

မြင်းခြူလုံးသံ တလွင်လွင်နဲ့ မြင်းခွာသံနရီကျက ဂီတသံတစ်ခုကို ဖန်တီးနေသလိုလို စိတ်ကို ငြိမ်းချမ်းနေစေနိုင်ရဲ့။

အညာတမာရနံ့ သင်းနေတဲ့ ပခုက္ကူမြို့ရဲ့ညလေးတစ်ညမှာ ကျွန်တော်နဲ့ လုံးဝမသိကျွမ်း မပတ်သက်ခဲ့ဖူးတဲ့ မိန်းမချောလေး တစ်ယောက်နဲ့ အတူတကွ မြင်းလှည်းကလေး အတူစီးပြီး ဘုရားဖူး သွားရ



www.burmeseclassic.com

www.burmeseclassic.com



လိမ့်မယ်လို့ တစ်ယောက်ယောက်ကသာ ကြိုတင်ဟောပြောခဲ့ရင် ကျွန်တော် လက်ခံနိုင်ခဲ့လိမ့်မယ် မထင်ဘူး။

ကျွန်တော်ဟာ လတ်တလော ကြည်မွေ့မှုကလေးကို အိပ်မက်တစ်ပုဒ်လို ခံစားနေမိပြန်တယ်။

မြင်းလှည်းကလေးက ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်ကြီးကို ဖြတ်သန်းခဲ့ပြီ။

ပိုလ်ချုပ်ကျောက်တိုင်အဝိုင်းကို ပတ်ချိုးခဲ့ပြီ။

ပြီးတော့ ဈေးကြီးရဲ့မျက်နှာစာ လမ်းမကျယ်ကြီးအတိုင်း ဧရာဝတီ ကမ်းဆိပ်ဆီ တရွေ့ရွေ့။ အတော်ကြာတော့မှ အသင့်အတင့်ကျယ်ဝန်းသန့်ရှင်းတဲ့ အဆင်အပြင်နဲ့ ထမင်းဆိုင်ကြီးတစ်ဆိုင်ရှေ့မှာ ရပ်လိုက်တယ်။

"အစ်ကိုတို့ ညစာစားမှာ မဟုတ်လား"

မြင်းလှည်းဆရာလေးက မေးတယ်။

"ဟုတ်တယ် ညီလေး"

"အဲဒီဆိုင်မှာပဲ စားလိုက်ပါ အစ်ကိုတို့ရာ၊ ဈေးနှုန်းကလည်း သင့်တယ်၊ အစားသောက်လည်း လက်ရာကောင်းပါတယ်၊ ပြီးရင် ဒီတည့်တည့်လမ်းကနေ အရှေ့ဆင်းလျှောက်လိုက်တော့၊ သင်္ဘောဆိပ်နဲ့ မဝေးတော့ဘူး၊ တစ်ခေါ်သာသာ လျှောက်ရင် ရောက်ပြီ"

"ကျေးဇူးပါပဲ ညီလေး"

မြင်းလှည်းခ ရှင်းပေးပြီး ကျွန်တော်တို့ ထမင်းဆိုင်ထဲ ဝင်ခဲ့ကြတယ်။ နာရီကို ကြည့်တော့ ညရှစ်နာရီပဲ ရှိပါသေးတယ်။ ညစာထမင်းချိန် အလောတော်ပါပဲ။

"ကဲ. . ကြိုက်တာမှာလေ၊ ဟော. ."

စားပွဲတစ်လုံးမှာ ထိုင်မိကြပြီးတော့ တိုင်ပင်ထားကြသလို (၂)





ယောက်စလုံးက စကားလုံးတူ အသံတူ ထွက်သွားကြလို့ ရယ်လိုက်ကြရသေးတယ်။

အဲဒီနောက်မှ ကြက်သားဟင်း၊ ငါးဖယ်ငါးဆုပ်နဲ့ အသီးအရွက်ကြော် ဟင်းလျာတွေ မှာလိုက်ကြတယ်။

"ထမင်းစားပြီးချိန်လောက်မှာ သင်္ဘောဆင်းကြရင် အချိန်ကိုက်လောက် နေမှာပါပဲ၊ ဒေါ်ဒေါ်သက်တို့လည်း အဲဒီအချိန် မအိပ်သေးဘူး ထင်ပါရဲ့"

"မိပါတယ်ကွ. . . ဖြောင့်ဖြောင့်သာ စားပါ၊ တို့ကတော့ စားပြီဆိုရင် ဟန်ဆောင်မနေဘူး. . . အားပါးတရပဲ"

ကျွန်တော်က သူ့ပန်းကန်ထဲကို ဟင်းဖတ်တွေ ခပ်ထည့်ပေးတော့ သူက ခပ်ပြုံးပြုံး ကြည့်တယ်။

"ဒါပဲနော်. . . အတူတူ စားတဲ့သူချင်းကို ငဲ့မပေးပါနဲ့၊ တို့ဘာသာ ခပ်စားပါ့မယ်၊ လိုသေးရင် ထပ်မှာကြတာပေါ့"

"မဟုတ်ဘူး. . . မင်းကသာ ခပ်စားပါ့မယ် ပြောနေတာ၊ မင်းထကယ်စားနေပုံက စိတ်မပါ လက်မပါကြီး၊ ဘာတွေတွေးပြီး ပူနေတာလဲကွာ၊ မပူစမ်းပါနဲ့. . . စိတ်ချ၊ မင်းသူငယ်ချင်းဆီ ရောက်တဲ့အထိကိုယ် ကူညီမယ်၊ မင်းသူငယ်ချင်းလက်ထဲကို မှည့်တစ်ပေါက် မစွန်းအောင် အပ်ပေးခဲ့ပြီးမှ ကိုယ့်ခရီး ကိုယ်ဆက်သွားမယ်"

ကျွန်တော်က စိတ်မပူဖို့ အားပေးလိုက်တယ်။

"ဟုတ်သားပဲ. . . ခုမှ ဆက်မေးစရာစကား ပေါ်လာတယ်၊ သူက တို့နဲ့ လမ်းခွဲပြီးရင် ဘယ်ကိုဆက်ရမှာလဲ"

"ရန်ကုန်ကိုပါကွာ. . . ကိုယ်က အောက်မြန်မာပြည် ခါတ်ပုံအသင်းကလေ၊ ပွဲ့ရပြီးတာနဲ့ ကိုယ့်ဝါသနာပါတဲ့ ဓါတ်ပုံကိစ္စတွေပဲ အောက်ချကြိုးစားနေတာ၊ တို့မိဘကလည်း အားပေးပါတယ်၊ ဟဲ. .



www.burmeseclassic.com

www.burmeseclassic.com



ထဲ . ကြုံတုန်း ကြွားလိုက်ဦးမယ်၊ အရှေ့တောင်အာရှပွဲတစ်ခုမှာ တို့က ဆုတစ်ကြိမ် ဝင်ဖူးထားတော့ တို့အဖေက အထင်တွေ စွတ်ကြီးပြီး ကြိုးစားဖို့ အားပေးနေတယ်၊ တို့အစ်ကိုကြီးကတော့ ရှင်းတယ်၊ ဆုရွေးချယ်ရေးအဖွဲ့က ဗိုင်လူကြီးတွေ မျက်စိမှုန်နေကြလို့ တို့ခါတ်ပုံက ဆုဝင်သွားတာဆိုပဲ"

သူက သဘောတကျ ရယ်တယ်။

"ဒါဆို ယူက ဓါတ်ပုံကိစ္စတစ်ခုပဲ အာရုံစိုက်နေတဲ့သူပဲ ပြောပါတော့"

"ဟင့်အင်း . . . အဲလိုတော့ မဟုတ်ပါဘူး၊ စီးပွားရေးအလုပ်တစ်ခုအနေနဲ့ ကိုယ်ပိုင်ဓါတ်ပုံ စတူဒီယိုတစ်ခုလည်း ဖွင့်ထားပါတယ်၊ အမှန်မှာတော့ အဲဒါက မိဘတွေ အထင်မသေးရအောင် ကာကွယ်ထားတဲ့ လိမ်နည်းတစ်မျိုး ဆိုပါတော့ကွာ၊ တကယ်မှာတော့ စီးပွားရေးဓါတ်ပုံထက် ပြိုင်ပွဲဝင်ဓါတ်ပုံတွေကို ပိုခရေဇီ ဖြစ်တယ်၊ အခုလည်း ကိုယ့် ဓါတ်ပုံအောက်ဒိုးခရီးတစ်ခုက ပြန်ခဲ့တာ"

အဲဒီနောက်တော့ လောလောဆယ် ပြန်လာဖြစ်ခဲ့တဲ့ ခရီးစဉ်အကြောင်းကို ကျွန်တော်ပြောပြဖြစ်တယ်။ ပြီးမှ . . .

"ကဲ . . . မင်းအကြောင်းလေးလည်း လုပ်ပါဦး" လို့ တောင်းဆိုလိုက်တယ်။

"တို့မိဘတွေက မန္တလေးမှာ ပွဲရုံလုပ်ငန်း လုပ်တယ်၊ သူတို့အလုပ်သမားတွေနဲ့သူတို့ နိုင်နိုင်နင်းနင်း လုပ်နိုင်ကြတော့ မိဘတွေ စီးပွားရေးမှာ ဝင်ကူစရာမလိုပါဘူး၊ ဟင်း . . ဟင်း . . လက်ဝါးဖြန့်သုံးရုံပဲ၊ ဒါပေမယ့် လက်ဝါးမဖြန့်ချင်တော့ စာသင်တာ ဝါသနာပါတဲ့ သူငယ်ချင်းတွေနဲ့ စုပြီး (၁၀)တန်းကလေးတွေကို စာပြကြတာပဲ၊ ကလေးတွေကို စာပြရင်း တစ်ဖက်က မဟာသိပ္ပံတန်း ဆက်တက်နေတုန်းပဲ၊ အဲဒါ





တို့ အေးအေးဆေးဆေး မတက်ရအောင် လူကြီးတွေက အိမ်ထောင်ရေးကိစ္စ စီစဉ်ပေးချင်နေတယ်နဲ့ လုပ်လာကြတယ်လေ၊ အဲဒါကို ဒေါ်ဖွားရှိတာနဲ့ ခုလို ထလစ်လာခဲ့တာပဲ"

"ဘာလဲ . . . မင်းနဲ့စီစဉ်ပေးမယ်ဆိုတဲ့လူက မင်းဘယ်လိုမှ ရင်ခုန်နိုင်တဲ့သူမျိုး ဖြစ်နေလို့လား"

ကျွန်တော်က သူ့စကားအဆုံးမှာ ဖြတ်မေးလိုက်တယ်။ သည်တော့ သူက ခစ်ခနဲ ရယ်ပြီး ပြောတယ်။

"သူတို့ဟာသူတို့ စွတ်ရွှတ်သဘောတူနေတာပါ ယူရယ်၊ တို့ကသူ့တောင် ဖြူသလား မည်းသလား မသိတဲ့ဟာ၊ အဲဒီလူရဲ့ဓါတ်ပုံတွေအယ်လ်ဘမ်လိုက် မှာပြီး ပြဦးမယ်လို့ ပြောသေးတယ်၊ မပြနဲ့ . . . တို့ကအရွေးချယ်ရေးက မဟုတ်ဘူးလို့ ပြောလိုက်တာနဲ့ ကျိုင်တက်ပြီးရှောတွေ ဝင်လာတာလေ၊ အလုပ်မဟုတ်တာကြည့်၊ တို့က ယောကျ်ားလုပ်စာ မှီခိုစားရရုံနဲ့ ဘဝကို ပုံမယ့်သူမှ မဟုတ်တာ"

"ကြိုက်ပြီ . . . အဲဒီအိုင်ဒီယာကို တို့လည်း ထောက်ခံတယ်၊ဘာပဲဖြစ်ဖြစ် ရင်ကလေးတော့ ခုန်ဦးမှပေါ့နော"

"ဒါဖြင့် ယူရော ရင်ခုန်ဖူးပြီလား"

သူက ဖျတ်ခနဲ လှမ်းကြည့်ပြီး မေးလိုက်တယ်။

ရတာပေါ့။

ကျွန်တော့်မှာ အဖြေက အသင့်ရှိပြီးသားပဲဟာ။

"သိပ်ခုန်ဖူးတာပေါ့ကွာ . . ဓါတ်ပုံကောင်းတွေ မြင်ရတဲ့အခါ"

ကျွန်တော်တို့နှစ်ယောက် ပြိုင်တူရယ်ဖြစ်သွားကြတယ်။

ဘာရယ်မဟုတ်၊ တစ်ယောက်အကြောင်း တစ်ယောက် သိထိတ်ကြရလို့ ကျွန်တော်ကတော့ သူ့ကို ပိုရင်းနှီးသလိုပဲ ခံစားရတယ်။

နှစ်ယောက်သား ထမင်းစားပြီးကြတော့မှ ကျသင့်ငွေကို ရှင်း



www.burmeseclassic.com

ပြီး ထွက်ခဲ့ကြတယ်။

အဲဒီထမင်းဆိုင် အနီးကပ်လျက် စတိုးဆိုင်နဲ့ မုန့်ဆိုင်ကနေပြီး ကိတ်မုန့်တွေလည်း ဝယ်ဖြစ်ကြသေးတယ်။ သဘောပေါ်မှာ ကျန်ရစ်ခဲ့တဲ့ ဒေါ်ဒေါ်သုက်တို့ စုံတွဲအတွက်ပေါ့။ သူတို့ အိပ်နှင့်ကြရင်လည်း မနက်စောစောစာပေါ့လေ။

မြင်းလှည်းဆရာကလေး ညွှန်ထားခဲ့တဲ့လမ်းက အမှန်ပါ။ အရှေ့ဘက် တစ်ဆစ်ချိုးပြီး တည့်တည့်လျှောက်လာကြရုံနဲ့ ဘယ်လောက်မှ မဝေးခင် ဆိပ်ကမ်းကုန်းအဆင်းလမ်းကို ရောက်တာပါပဲ။ ဆိပ်ခံဘောတံတား အဆောက်အဦကြီးက မီးချောင်းတွေ ထိန်လင်းနေပေမယ့် ကျွန်တော်တို့ အဆင်းလမ်းကတော့ မီးရောင်မှိန်မှိန်ပဲ။ အဲဒီလမ်းကလေးအတိုင်း အတူယှဉ်ဆင်းလာကြတုန်း ရှိသေး၊ ခဲတစ်လုံးကြောင့် သူခြေချော်သွားတယ်။

"အို"

သူ တစ်ချက်ယိုင်သွားပြီး ကျွန်တော့်ဘက် ပြိုဆင်းလာတဲ့အတွက် သူ့ပခုံးကနေ ဆွဲဖက်ထိန်းလိုက်ရတယ်။ နွေးထွေးအိစက်တဲ့ အထိအတွေ့တစ်ခု ကျွန်တော့်ရင်ခွင်အရပ်မှာ လျှပ်တစ်ပြက် မွေးဖွားသွားတယ်။

အဲဒီတော့မှ ကျွန်တော်တို့နှစ်ယောက်က ဘယ်လောက်ညီသလဲဆိုတာ ရုတ်ခနဲ အဖြေပေါ်လာတာ။

ကျွန်တော်က သူ့ပခုံးကို ထွေးဖက်ထားလိုက်မိတဲ့လက်ကို လွှတ်လိုက်ပြီး မေးလိုက်တယ်။

"ဟော့. . . မင်း တမင်လုပ်ချလိုက်တာတော့ မဟုတ်ပါဘူးနော်"

သူကလည်း ချက်ချင်းပြန်မေးလိုက်တာ မြန်မှမြန်ပဲ။



"ယူကလည်း တမင်အကြံနဲ့ ဆွဲဖက်လိုက်တာတော့ မဟုတ်ပါဘူးနော်"

ကျွန်တော်တို့နှစ်ယောက် ပေါ့ပေါ့ပါးပါး ပြိုင်တူရယ်ဖြစ်ကြပြန်ပါလေရော။

www.burmeseclassic.com





# အခန်း(၉)

ပခုက္ကူဆိပ်ကမ်းရဲ့နံနက်စောစောကတော့ မြူပြာပြာတွေ ဝေ့နေပြန်တယ်။

သည်နေ့မနက်ကတော့ သင်္ဘောစက် စနိုးလေကတည်းက ကျွန်တော် နိုးနေတယ်။ ကိုယ့်ကိုယ်ကိုတော့ ဟုတ်လှပြီပေါ့လေ။

ဒါပေမယ့် ကျွန်တော့်အိပ်စင် အပေါ်ထပ်က ဆင်းလိုက်တော့မှ ကျွန်တော့်အထင်မှားကြောင်း သိလိုက်ရတော့တယ်။

ကျွန်တော့်အိပ်စင်ရဲ့အောက်ထပ်တစ်ဆင့်မှာ 'ပိုသီရိမို' ဆိုတဲ့ နာမည်အဆန်းကလေးနဲ့သူ အိပ်ပါတယ်။ အဲဒီနေရာကို ကြည့်လိုက်တော့ သူက မရှိတော့ဘူး။ သူ ခင်းအိပ်တဲ့ စောင်ပါးကလေးတောင်



www.burmeseclassic.com

www.burmeseclassic.com



ကျကျနန ခေါက်လို့။

တစ်ဖက်က အိပ်စင်ပေါ်မှာတော့ အန်ကယ်ကြီးတို့စုံတွဲက ဆက်အိပ်နေတုန်းလား၊ နိုးပါလျက်နဲ့ လူကြီးတွေမို့ မှေးနေတာပဲလား မသိ။

နှစ်ယောက်စလုံး ရှိနေတယ်။

အိပ်စင်မဟုတ်တဲ့ တန်းလျားရှည်ကလေးတွေပေါ်မှာလည်း တချို့က ဆက်မှေးနေကြတုန်းပဲ။ တွိုင်းလက်စ်တံခါးကို ခေါက်ကြည့်လိုက်တော့ ဘာတုန့်ပြန်သံမှ မကြားရဘူး။

တံခါးကို တွန်းဖွင့်ကြည့်လိုက်တော့လည်း အထဲမှာ လူမရှိပါဘူး။

ကျွန်တော် မျက်နှာတွေဘာတွေ သစ်ပြီးချိန်ကျမှ ကုန်းပတ်နဲ့ခြားထားတဲ့ အခန်းတံခါး ပွင့်လာတယ်။

"ဟော. . . ယူ နိုးနေပြီကိုး"

သူ့လက်ထဲမှာလည်း ဓါတ်ဘူးကြီးတစ်လုံး ဆွဲလို့။

"နိုးနေပါပြီ. . . ဒါထက် မင်း ဘယ်ကို သွားနေတာလဲ"

"ရေနွေးသွားဝယ်နေတာပါ. . . ညတုန်းက ကိတ်မုန့်တွေနဲ့ ကော်ဖီမစ်စ်ထုပ်တွဲတွေ ဝယ်ခဲ့သေးတယ်လေ၊ အဲဒါ မနက်စောစော အတွက် ဖျော်ရအောင်လို့ ဒေါ်ဒေါ်သက်တို့ခြင်းထဲက ဓါတ်ဘူးကြီး ဆွဲပြီး နောက်ဘက်က ဆိုင်ခန်းမှာ သွားဝယ်တာလေ"

"အလဲ့. . . တယ်ဝီရိယကောင်းပါလား၊ ရပါတယ်. . . ကိုယ်ပါ ကူညီပေးမှာပေါ့"

သူက ဓါတ်ဘူးကြီးကို အခန်းအလယ်က စားပွဲပေါ် တင်လိုက်တယ်။

ပြီးမှ ဒေါ်ဒေါ်သက်တို့ လက်ဆွဲခြင်းကြီးထဲက ရေနွေးကြမ်း





ဓတ်ခွက်ကြီးနဲ့ အချိုပန်းကန်နှစ်စုံကို ထုတ်တယ်။

"ခဏနေဦးနော်. . . နောက်ဘက်က ဆိုင်မှာ ရေနွေးကြမ်းလည်း အိုးလိုက် ဝယ်လို့ရတယ်၊ ရေနွေးကြမ်းပန်းကန်လည်း (၄-၅)လုံးအထိ ငှားပေးတယ်လို့ ပြောတယ်၊ တို့ သွားမ,လိုက်ဦးမယ်၊ ယူက အဲဒီမတ်ခွက်ကြီးနဲ့ ကော်ဖီဖျော်နှင့်လေ၊ 'တစ်ယောက်တစ်လက်ကျောင်းသားလက်' ပေါ့နော်"

"ဟာ. . . မဟုတ်သေးပါဘူး၊ 'မောင်တစ်ထမ်း မယ်တစ်ရွက်' လို့ လုပ်ပါကွ"

"ဟင့်အင်းကွာ. . . အဲဒီအထိတော့ အကျုံးဝင်ဖို့ မဖြစ်သေးဘူး၊ 'ပြိုင်တူတွန်းလျှင် ရွေ့နိုင်ပါသည်' လောက်ဆို ကျေနပ်ရောပေါ့"

ကျွန်တော်တို့နှစ်ယောက်ရဲ့အရိုးစင်းဆုံး နောက်ပြောင်မှုတွေနဲ့ အဲဒီနေ့ရဲ့မနက်ခင်းကို စတင်ဖွင့်လှစ်နိုင်ခဲ့ကြတယ်။ သူ အပြင်ထွက်သွားတုန်းမှာပဲ ကျွန်တော်က ကော်ဖီဖျော်နှင့်တယ်။ ခဏကြာလို့ သူပြန်ဝင်လာတော့ ရေနွေးကြမ်း တစ်ခရား၊ အကြမ်းပန်းကန်(၅)လုံးတစ်ထုပ် (ဓလတ်စတစ် ကြွပ်ကြွပ်အိတ်နဲ့ ထုပ်ထားတာ)ရယ်၊ အကြော်စုံ ပူပူနွေးနွေးလေး တစ်ထုပ်ကြီးရယ် ပါလာတယ်။ ဆိပ်ကမ်းကနေ သင်္ဘောပေါ်လာရောင်းတဲ့ အကြော်သည်ဆီက ဝယ်လာခဲ့တာတွေလေ။ သူပြောလို့ သိရတာပါ။

"အိုကေ. . . ယူနဲ့တို့ (၂)ယောက်အတူ ကုသိုလ်ယူလိုက်ကြဦး

သူက ကျွန်တော်ဖျော်ထားနှင့်တဲ့ ကော်ဖီတွေကို ငုံ့ကြည့်ရင်းပြောတယ်။ ဘာများပါလိမ့်လို့ စောင့်ကြည့်တော့ ကော်ဖီတစ်ခွက်နဲ့ ကိတ်မုန့်၊ အကြော်တွေကို ဗန်းသေးသေးလေးတစ်ချပ်ပေါ် စုတင်ပြီး သင်္ဘောဦးခန်းရဲ့ရှေ့ဆုံးအထပ်စင်မြင့်ကလေးနဲ့ ဘုရားစင်မှာ ဆွမ်း

www.burmeseclassic.com



တော် ကပ်တော့တာကိုး။ ကျကျနန ထိုင်ရှိခိုးပြီး ရှတ်ဆိုပြီး ကပ်တာပါ။ သူ့ပုံစံက ခေတ်နဲ့အညီ ပောာ့ရှော့ဖြစ်နေပေမယ့် သူ့အပြုအမူတွေထဲ က မြန်မာမှုတွေကို ကျွန်တော်တွေ့နေရတော့ ဘာကြောင့်မှန်းမသိ ကျွန်တော် ကျေနပ်နေမိပြန်တယ်။ သူဟာ မြန်မာမလေးစစ်စစ်ပါလေ။

ပခုက္ကူဆိပ်ကမ်းကနေ သင်္ဘောထွက်လာခဲ့ပြီး အတော်လေး ကြာတော့မှပဲ ဒေါ်ဒေါ်သက်တို့စုံတွဲနဲ့ အခြားသူတွေ အလျှိုလျှို အိပ်ရာ က နိုးထလာကြတယ်။ တခြားသူတွေဆိုတာကလည်း သိပ်တော့ များ များစားစား မဟုတ်ပါဘူး။ ကျွန်တော်တို့ထက်စာရင် အသက်ပိုကြီးတဲ့ (၄၀)ကျော် (၅၀)ကျော်အရွယ်တွေပါ။ သူက အားလုံးကို ကော်ဖီတိုက် ကိတ်မုန့်နဲ့ အကြော်စုံ ကျွေးမွေးဒါနပြုတယ်။

အရှေ့ဆီက နေခြည်က တဖြည်းဖြည်း လင်းဖြာလာတယ် မြစ်ပြင်တစ်ခိုမှာ ပြာရီဆိုင်းဆို့နေခဲ့တဲ့ မြူငွေ့တွေလည်း တစ်စတစ်စ ကျဲပါးလာတာနဲ့အမျှ မြစ်ရဲ့မြင်ကွင်းသစ်တွေကလည်း ကျွန်တော့် ကင်မရာတစ်လုံးနဲ့အတူ ရှေ့ဦးခန်း ပြတင်းပေါက်ဆီကို ဆွဲခေါ်တော့ တာပါပဲ။

သည်လိုနဲ့ ညောင်ဦးကမ်းပါးဘက်ဆီက ရွှေစည်းခုံ စေ တော်ကြီးရဲ့ဖွေဖွေးရေးရေးပုံရိပ်က တစ်စတစ်စ နီးကပ်ထင်ရှားလာ တယ်။ "နတ်သမီးကမ်းပါး" ဆိုတာ သည်ကမ်းပါးကြီးပေလား။

"ဘော်. . . ဘော်. . . ဘော်"

"ဟော. . . ညောင်ဦးကို ဆိုက်တော့မယ် သီရိရဲ့"

ညောင်ဦးဆိပ်ကမ်းမှာ ဆင်းရတော့မှာဖြစ်တဲ့ အန်ကယ် ဦး အောင်မြင့်တို့ ဒေါ်ဒေါ်သက်တို့လည်း သူတို့ ခရီးဆောင်အိတ်တွေ လက်ဆွဲခြင်းကို ပြင်ဆင်နေကြရင်း လှုပ်လှုပ်ရှားရှား ဖြစ်လာကြတယ် ညောင်ဦးဆိပ်ကမ်းကလည်း သင်္ဘောဆိုက်ကပ်စရာ ဆိပ်ခံကြီး ရှိနေ





တယ်။

"ကိစ္စမရှိဘူး. . . ဒေါ်ဒေါ်သက်တို့ အိတ်တွေကို သမီးတို့ မောင်နှမ ဝိုင်းသယ်ပေးမယ်၊ လူတွေသာ အလွတ်အတိုင်း ဆိပ်ခံပေါ် ရောက်အောင် ဆင်းနှင့်"

ကျွန်တော်တို့က သူတို့အိတ်တွေကို တစ်ယောက်တစ်လက် ဆွဲရင်း ဝိုင်းကူညီသယ်ပေးဖို့ ပြင်ရတယ်။ သိပ်မကြာခင်မှာပဲ သင်္ဘော က ဆိပ်ခံကို ပူးကပ်ဆိုက်လိုက်တယ်။ ကူးတို့နှစ်ထပ်သင်္ဘောတို့ရဲ့ထုံးစံ အတိုင်း သင်္ဘောကို ခုတ်မောင်းလာတဲ့ လမ်းကြောင်းက တစ်ပတ်လှည့် ပြီးမှ ပြောင်းပြန်ဆိုက်ကပ်တာပါ။ သည်ဆိပ်ကမ်းက ကုန်းပတ်စီး ခရီး သည် အဆင်းအတက် အတော်စည်ကားရှုပ်ထွေးပါတယ်။ အန်ကယ် ဦးအောင်မြင့်တို့ စုံတွဲနောက်ကနေ သူတို့ရဲ့ခရီးဆောင်အိတ်တွေ ကူဆွဲ ပေးရင်း ဆိပ်ခံပေါ် ရောက်တဲ့အထိ ကျွန်တော်နဲ့သူ လိုက်ပို့ကြတယ်။

သူတို့ကလည်း ကျေးဇူးတင်မဆုံးဘူးပေါ့။ ဒါပေမယ့် အဲဒီမှာပဲ နှုတ်ဆက်လမ်းအခွဲမှာ ဒေါ်ဒေါ်သက်ဆီက ကျောချမ်းစရာ မှာခွ စကားတစ်ခွန်း ထွက်ကျလာခဲ့တယ်။

"အေး. . . အေး၊ ခုလို ဆိပ်ခံပေါ်အရောက် ကူသယ်ပြီး လိုက်ပို့ပေးကြတာ ကျေးဇူးပါပဲ သမီးတို့ရယ်၊ စိတ်ချ. . . အိမ်ကို ရောက်တာနဲ့ သမီးတို့ မန္တလေးအိမ်ကို ဖုန်းလှမ်းဆက်လိုက်မယ်"

"ရှင်"

သူ့ မျက်လုံးကလေးတွေ ဝိုင်းသွားတယ်။ ကျွန်တော်က ဟန် မပျက်စေဖို့ သူ့ကို တစ်ချက်လှမ်းကြည့်ပြီး မျက်ရိပ်ပြလိုက်တယ်။ ဒေါ် ဒေါ်သက်က ထပ်ပြောတယ်။

"ဩော်. . . အိမ်ရောက်တာနဲ့ သမီးတို့မောင်နှမနဲ့ သင်္ဘော ပေါ်မှာ တစ်ညအိပ် အတူတူ တစ်ခရီးတည်း ဆုံခဲ့ကြတာကိုမှတ်မှတ်



www.burmeseclassic.com

www.burmeseclassic.com



ရှရှ လုပ်ဖန်းဆက်လိုက်ဦးမယ်လို့ ပြောတာပါ၊ သမီးတို့မောင်နှမလည်း ဒီသင်္ဘောနဲ့ပဲ ချောချောမောမော ခရီးဆက်ပါသွားကြောင်း သတင်းပို့လိုက်မယ်လေ၊ ဘာပဲဖြစ်ဖြစ် လူကြီးတွေ စိတ်အေးရတာပေါ့ သမီးရဲ့”

“ဩော်. . အင်း. . ဟုတ်ကဲ့. . ဟုတ်ကဲ့”

“ဒါနဲ့ သမီးတို့က ဘယ်အထိ ဆက်လိုက်ရမှာလဲ၊ ဘယ်လို စီစဉ်ထားကြသတုန်း”

သူ ရုတ်တရက် ဘာပြန်ပြောရမှန်းမသိ ဖြစ်နေတယ်။ တစ်နည်းအားဖြင့် သူ ‘ပျာ’ စပြုနေပြီ။

“ကျွန်တော်တို့က ··ကွေးအထိ ဆက်လိုက်သွားမှာ ဒေါ်ဒေါ်၊ မကွေးက ကျွန်တော့်အဖေဘက်က ဦးကြီးအိမ်မှာ တစ်ညအိပ် ဝင်စရာကိစ္စရှိနေသေးလို့လေ”

ကျွန်တော် ခပ်တည်တည် ဝင်ပြောလိုက်တော့ ဒေါ်ဒေါ်သက်က ခေါင်းညိတ်တယ်။

“အေး. . အေး. . အဲဒီအတိုင်းပဲ ထည့်ပြောလိုက်မယ်နော်၊ တဲ. . ကဲ. . သင်္ဘောပေါ် ပြန်တက်ကြ၊ သွားလမ်းလာလမ်း ဖြောင့်ကြပါစေကွယ်”

“ဩော်. . . တည့်တည့်လွဲ၊ ဖြောင့်ဖြောင့်ဆန့်ကျင်တဲ့ဆုကို ပေးတော့တာပါလား” လို့ ကျွန်တော်ပြုံးချင်သွားတယ်။ ဒေါ်ဒေါ်သက်ရဲ့ မှတ်မှတ်ရရ ဖုန်းဆက်ပြောလိုက်မယ်ဆိုတဲ့စကားက ကျွန်တော်တို့အတွက်တော့ သွားလမ်းလာလမ်း ရှေ့ခရီးအတွက် ခေါင်းစားကြရစေတော့မယ့် အစိပ္ပါယ်ပဲ မဟုတ်လား။ သူတို့ကို ဟန်မပျက် ခပ်ပြုံးပြုံး နှုတ်ဆက်ပြီး သင်္ဘောပေါ် ပြန်တက်ခဲ့ကြတယ်။ သိပ်မကြာခင်မှာပဲ သင်္ဘောက ညောင်ဦးဆိပ်ကမ်းက ခွာခဲ့တယ်။

အချိန်အတော်ကြာသွားတဲ့အထိ ကျွန်တော်တို့ စကားမပြော





ဖြစ်ကြဘူး။ ဒါပေမယ့် ရှေ့ခရီးစဉ်အတွက် ခေါင်းချင်းရိုက် တိုင်ပင်ကြရတော့မယ်ဆိုတာကိုတော့ နှစ်ယောက်လုံးက သိနေကြတယ်။ သူလည်း ဦးခန်းအလယ်က ကျောမှီ ဆက်တီခုံပုကလေးတစ်လုံးပေါ် ခပ်ငိုင်ငိုင်ကလေး ထိုင်ပြီး အတော်ကြာတဲ့အထိ တွေးနေတယ်။ ကျွန်တော်ကလည်း ရှေ့ဘက် ပြတင်းပေါက်တစ်ခုကို လက်ထောက်ပြီး မြင်ပရှုခင်းတွေ ငေးရင်း သည်အကြောင်းကိုပဲ စဉ်းစားနေမိတယ်။ သိပ်မကြာပါဘူး။ သူ ထိုင်ခုံက ထလာပြီး ကျွန်တော့် နံဘေး လာရပ်တယ်။

“ခက်တော့ ခက်နေပြီ ယူရေ၊ ယူ မနေ့က ပြောခဲ့တဲ့စကားက တွက်တိလာမှန်နေပြီ”

“ဘယ်စကားများပါလိမ့်”

“ဩော်. . . ဒါမျိုးက မလိုရင် အလွန်ချော်တောင်ေ့ါတတ်တယ်၊ အကယ်၍ သူတို့ကများ ဖုန်းဆက်လိုက်မယ်ဆိုရင် မင်းဖျောက်ခဲ့တဲ့ခြေရာက ဘွားဘွားကြီး ပေါ်နေပြီ၊ မြစ်အောက်ဘက် ကြိုက်ရာဆိပ်ကမ်းက ထိုင်စောင့်ရုံပဲ ဆိုတဲ့စကားလေ ယူရဲ့၊ ဒေါ်ဒေါ်သက်က အိမ်ကို သေချာပေါက် ဖုန်းနဲ့ ပြောမှာပဲ”

ကျွန်တော်က သူ့ကို အားပေးတဲ့အပြုံး ပြုံးပြလိုက်တယ်။

“ဒီလိုဆိုတော့လည်း မင်း မနေ့က ပြောခဲ့တဲ့စကားအတိုင်းပဲ ကိုယ်တို့ အတူတကွ လှုပ်ရှားကြတာပေါ့ကွာ. . . စိတ်မပူပါနဲ့”

“ဟင်. . . ပြန်ပြောပါဦး၊ တို့ဘယ်လို ပြောခဲ့မိလိုက်လဲ”

“ဖျူဟာပြောင်းပြီး လမ်းကြောင်းရွှေ့ရမလားတောင် မပြောတတ်ဘူးဆိုတဲ့ စကားပေါ့ကွ၊ အခုပုံအတိုင်းဆိုရင်တော့ အဲဒီစကားအတိုင်း တို့ ကိုယ့်လမ်းကြောင်းကို မဖြစ်မနေ ကြိုတင်ပြောင်းကြရဖြစ်တော့မှာပေါ့၊ ဒေါ်ဒေါ်သက် မေးတုန်းက ကိုယ်တို့က မကွေးအထိ ဆက်လိုက်သွားမယ်လို့ ပြောလိုက်မိတယ်၊ ဒါပေမယ့် တကယ်တမ်းမှာ



www.burmeseclassic.com

www.burmeseclassic.com



တော့ မကွေးအထိ ဆက်လိုက်သွားလို့ မဖြစ်နိုင်ဘူး"

"ဟင်. . . ဘာဖြစ်လို့လဲ"

"တွေးကြည့်လေကွာ. . . တကယ်လို့ ဒေါ်ဒေါ်သက်က သူ့အိမ်ရောက်ရောက်ချင်း မင်းတို့ မန္တလေးအိမ်ကို ဖုန်းဆက်ဖြစ်ခဲ့ရင် ခုအချိန်ဆိုရင်ပဲ မင်းအိမ်က သိပြီးနေပြီ၊ ကဲ. . . နာရီကို ကြည့်ဦး၊ မနက်(၁၀)နာရီပဲ ရှိသေးတယ်၊ ကိုယ်ပိုင်ကားလေးတစ်စင်းဟာ မန္တလေးနဲ့ မကွေးခရီးကို (၇)နာရီကြာအောင် မောင်းစရာမလိုဘူးကွ၊ သက်သက်သာသာ နားနားနေနေ မောင်းခဲ့ဦး၊ လွန်လှ (၅)နာရီပဲ၊ အခု မင်းအိမ်က သိသိချင်း မနက်(၁၀)နာရီမှာပဲ မောင်းထွက်ခဲ့ဦး၊ ညနေ(၃)နာရီသာသာဆိုရင် မကွေးကို ရောက်နေပြီ"

"ဟုတ်ပြီ. . . နားလည်ပြီ၊ ဆက်ပြောပါဦး"

"ဒါက မန္တလေးကနေ ကိုယ်ပိုင်ကားနဲ့ အားချင်း လိုက်ချလာကြမယ့် ခရီးရဲ့အချိန်ကို တွက်ပြခဲ့တာ၊ တို့သင်္ဘောက စုန်ဆင်းနေမယ့်အချိန်ကို တွက်ဦး၊ မန္တလေး-ပြည် ကူးတို့သင်္ဘောဟာ ပုံမှန်အားဖြင့် ကြားမှာ ပခုက္ကူတစ်ည၊ မကွေးတစ်ညအိပ်ပြီး နောက်နေ့ညကျမှ ပြည်မြို့ဝင်လေ့ရှိတယ်၊ အခု ဒီနေ့ တို့သင်္ဘောဟာ မကွေးမှာ ညအိပ်ဝင်မယ့် သင်္ဘောပဲ၊ မကွေးမြို့ကို အစောဆုံး ဝင်တယ်ပဲထား၊ ညနေ(၅)နာရီထိုးနေပြီ"

"အဲဒီတော့. . ."

"ဟဲ့. . . ချာတိတ်မရဲ့၊ မင်းအိမ်က လိုက်လာမယ့်ကားက ညနေ(၃)နာရီလောက်ကတည်းက မကွေးဆိပ်ကမ်းကို ကြိုရောက်နေနှင့်မှာလေ၊ ညနေ(၅)နာရီလောက်မှ ဆိပ်ကမ်းကို ဝင်လာမယ့် မင်းသင်္ဘောကို (၂)နာရီလောက် အေးအေးလူလူ အိပ်စောင့်ရုံပဲ၊ ဆိပ်ကမ်းကို သင်္ဘောဝင်လာတော့မှ မင်းကို ကွဲခနဲ တက်ဖမ်းလိုက်ရုံပဲပေါ့. . .





မရှင်းသေးဘူးလား"

ကျွန်တော်က သူ့ခေါင်းကို မနာအောင် ခေါက်ပြီး ရှင်းပြလိုက်တော့မှ သူတော်တော်တုန်လှုပ်သွားပုံရတယ်။ မျက်လုံးကလေးတွေ ဝိုင်းလို့။

"ဟာ. . . ဟုတ်တယ်နော်၊ ယူ တွက်ပြပုံအတိုင်းဆို တို့က ထောင်ချောက်အဝကို တည့်တည့်ပြေးဝင်သလို ဖြစ်တော့မှာပဲ. . . ဘယ်လိုလုပ်ကြမလဲဟင်"

လေသံတုန်တုန်ယင်ယင်ကလေးနဲ့ ထပ်မေးတယ်။ 'အရေးဟဲ့' ဆိုရင် 'ပျာ' တတ်တဲ့ မိန်းကလေးသဘာဝပဲပေါ့။

"ဩော်. . . ရှေ့မှာ ကျွမ်းထိုးမယ့်ရေတံခွန်ရှိမှန်း သိတဲ့နောက်တော့ အဲဒီကို အတည့်ဦးတည်နေတဲ့ ချောင်းရိုးထဲက လှေကို ဆက်မစီးလိုက်ရုံပေါ့ကွ၊ သူတို့ စောင့်နေမယ့်လမ်းကို ကိုယ်က ဆက်မလျှောက်ရုံရှိတာပဲ၊ ကဲ. . . ခုကတည်းက မင်းပြင်ဆင်ထားပေတော့၊ အခု ရှေ့မှာ ဆိုက်မယ့် ပုဂံဆိပ်ကမ်းမှာပဲ ဆင်းကြမယ်"

"ဟင်. . . ဗြုန်းစားကြီးပါလား"

သူက လန့်သွားသလို ပြောတယ်။ သည်စကားကို သူမျှော်လင့်ထားခဲ့ပုံ မရဘူးလေ။

"ဗြုန်းစားကြီးပဲ ကလေးမ၊ ဒါ အမြန်ဆုံး လမ်းကြောင်းရွေးလိုက်တာပဲ၊ သူတို့ ပျာယာခတ်တဲ့အချိန်မှာ ကိုယ်က ငြိမ်ငြိမ်သက်သက်ကလေး နေပေးတာဟာ အကောင်းဆုံးဗျူဟာပဲ၊ တို့ ပုဂံမှာပဲ အေးအေးဆေးဆေး တစ်ညအိပ်မယ်၊ ဘယ်မှာ အိပ်မှာလဲ မမေးနဲ့၊ ပုဂံမှာ တည်းခိုခန်းတွေ၊ ဟိုတယ်၊ မိုတယ်တွေ ပုံလို့၊ စိတ်မပူပါနဲ့ကွ. . . ကိုယ် ပြောခဲ့တယ်မဟုတ်လား၊ မင်းသူငယ်ချင်းဆီကို မင်းကို မှည့်တစ်ကောက် ရွှန်းစေရဘဲ အရောက်ပို့အပ်ပေးခဲ့ပြီးမှ ကိုယ့်ခရီးကို ကိုယ်ဆက်သွား



www.burmeseclassic.com

www.burmeseclassic.com



မယ်ဆိုတာ၊ မင်းပဲ သွားရင်းလာရင်း လမ်းမှာ အမှတ်မထင် ကောက်ရခဲ့တဲ့ ညီမလေးလို့ သဘောထားပေးပါဆို"

"ဟုတ်ကဲ့. . . ကျေးဇူးတင်လျက်ပါ အစ်ကိုကြီးရှင့်"

သူက ခပ်ငေါ့ငေါ့လေသံကလေးနဲ့ ပြောလိုက်ပြီး ကျွန်တော့်ကို မျက်စောင်းနုနုကလေး ထိုးတယ်။

ကျွန်တော်ကလည်း သူစိတ်ပူပင်နေတာလေးမှ ပြေလျော့သွားပါစေတော့ဆိုပြီး ခပ်နောက်နောက်လေသံနဲ့ပဲ အမိန့်ပေးလိုက်ပါတယ်။

"ကဲ. . . အထက်ညွှန်ကြားချက် ရပြီဆိုတော့ ရှေ့ဆိပ်ကမ်းမှာ ဆင်းဖို့အတွက် ရဲမေ ခရီးဆောင်အိတ်တွေ အသင့်ပြင်"





# အခန်း(၁၀)

ပုဂံဆိပ်ကို သင်္ဘောဆိုက်တော့ မနက်(၁၁)နာရီထိုးပါပြီ။

ကျွန်တော်တို့နှစ်ယောက် ပုဂံဆိပ်ကမ်းမှာပဲ ဆင်းလိုက်ကြပါတယ်။

ရေကြောင်း ကြပ်နေတဲ့အတွက် မြစ်အနောက်ဘက်ကမ်း တန့်ကြည်တောင်နဲ့ အလှမ်းမဝေးတဲ့ ကျွန်းချောင်းဆိပ်ကမ်းနဲ့ ခါးလွယ်ခုတ်တာ ဆိပ်ကမ်းပါ။

ကျွန်းချောင်းနဲ့ပုဂံကို ဟိုဘက်ကမ်း သည်ဘက်ကမ်း 'ဇက်ရုပ်' ကြီးနဲ့ ကားတွေလူတွေကို အပြန်အလှန် သယ်ပိုးပေးနေတာတွေ့ကြရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ရှေးဟောင်းသမိုင်းဝင် ကမ္ဘာကျော် ပုဂံဒေသကို လာကြတဲ့ နိုင်ငံတကာက တိုးရစ်ခရီးသည်တွေချည်း တသီးတသန့် တင်ဆောင်ပြေးဆွဲပေးတဲ့ "ဧရာဝတီမင်းသမီး" အထူးသင်္ဘောကလည်း ပုဂံရေဆိပ်မှာ ဆိုက်ကပ်ထားတာ တွေ့ကြရတယ်။

ဒီအထူးသင်္ဘောကတော့ မနေ့ကမှ ပုဂံကို ရောက်ရှိဆိုက်ကပ်ခဲ့တာလို့ သိရတယ်။

"ဟော့. . . အချိန်လည်း သိပ်မစောတော့ဘူးကွ၊ တို့ ဗိုက်ပြဿနာကို ဆိပ်ကမ်းက ထမင်းဆိုင်တစ်ဆိုင်မှာပဲ စောစောစီးစီး ဖြေရှင်းထားလိုက်ကြရင် ကောင်းမယ်ထင်တယ်၊ အဲဒီကိစ္စကို အရင်ဖြေရှင်းထားလိုက်ပြီးမှ တစ်ညတာ ဝပ်ကျင်းအတွက် အေးအေးဆေးဆေး စီစဉ်ကြတာပေါ့"

ကျွန်တော်က လက်က နာရီကို ကြည့်ရင်း ပြောလိုက်တော့ သူက ခေါင်းညိတ်ပါတယ်။

"ကောင်းသားပဲ ယူ၊ ဒါလည်း တစ်ပြဿနာ ရှင်းတာပေါ့"

ဆိပ်ကမ်း ကုန်းအတက်လမ်းတစ်လျှောက်မှာ တန်းစီနေတဲ့ ထမင်းဆိုင်တွေထဲက ခပ်သန့်သန့် မြန်မာထမင်းဆိုင်ကလေးတစ်ဆိုင်ကို ဝင်ပြီး နေ့လယ်စာ တစ်နပ်ကို စားလိုက်ကြတယ်။

ဈေးနှုန်းလည်း ချိုသာသင့်တင့်ပြီး အစားအသောက်လည်း မညံ့တဲ့ ဆိုင်ကလေးတွေပါပဲ။

"ဒီအချိန်လောက်ဆိုရင် မင်းရဲ့အိမ်ကတော့ မင်းရဲ့သတင်းကို ဖုန်းကတဆင့် ရပြီးလောက်ပြီ ထင်တယ်နော်"

ကျွန်တော်မေးလိုက်တော့ သူက သက်ပြင်းကလေး ချတယ်။

"ရပြီးလောက်ပြီလို့ပဲ မှန်းဆရတာပဲ ယူရယ်"

"ရပြီးရင် သူတို့ ဘာဆက်လုပ်မယ် ထင်သလဲ"





"တို့ဖေဖေကတော့ သေချာပေါက် သူ့တပည့်ထဲက နှစ်ယောက်လောက်ကို အဖော်ခေါ်ပြီး လိုက်လာဖို့ ပြင်ဆင်ရောပေါ့၊ တို့တစ်ခါမှ ဒီလို အိမ်ပြေးမလုပ်ဖူးဘူးလေ"

"အင်း. . . ထားပါတော့၊ တကယ်လို့ မင်းနဲ့ ပြန်ဆုံဖြစ်ကြမယ်ဆိုရင်ကော၊ သူတို့ရဲ့မူလအစီအစဉ်ကို ဖျက်သိမ်းပေးမယ် ထင်သလား"

သူ ခေါင်းခါတယ်။

"ဝေးသားပဲ ယူရယ်၊ တိုးပြီးတောင် အမြန်ဆုံး စီစဉ်ကြလိမ့်မယ် ထင်တယ်၊ သူတို့ကလည်း သူတို့ရှုထောင့်နဲ့သူတို့၊ သူတို့ စီစဉ်တာဟာ မှန်တယ်လို့ ယုံကြည်ထားကြတဲ့သူတွေလေ"

သည်တစ်ခါ သက်ပြင်းချလိုက်မိတာက ကျွန်တော်ပါ။

"အင်း. . . မင်းရှေ့ရေးကလည်း ရင်လေးစရာပါလားကွာ"

"ကိစ္စမရှိပါဘူး ယူရဲ့၊ ပြည်က တို့သူငယ်ချင်းဆီ တို့ရောက်သွားပြီးရင် စိတ်အေးရပါပြီ၊ ပြည်ကို ပြောင်းသွားနှင့်တဲ့ တို့သူငယ်ချင်းကို သူတို့ ခြေရာခံနိုင်ဖို့ ခဲယဉ်းပါတယ်၊ အဲဒီဝပ်ကျင်းဟာ တို့အတွက် အလုံခြုံဆုံး ဖြစ်မှာပါ"

"အေးလေ. . . ဒီလိုဆိုလည်း ပြီးတာပါပဲ၊ စိတ်ချ. . . ပြည်က မင်းရဲ့သူငယ်ချင်းဆီကို ကိုယ် အရောက်ပို့ပေးခဲ့မယ်၊ ကဲ. . . လာ. . . ကိုယ်တို့ သွားကြရအောင်"

ထမင်းဆိုင်မှာ ကျသင့်ငွေကို ရှင်းခဲ့ကြပြီး ကုန်းအတက်လမ်းအတိုင်း ကျွန်တော်တို့ ဆက်တက်ခဲ့ကြတယ်။ ကုန်းထိပ်ရောက်တာနဲ့ပဲ လက်ဝဲဘက်ခြမ်းမှာ လတ်တလော ခိုလှုံစရာ ဝပ်ကျင်းကို တွေ့ရတယ်။ ဝါဝါဟိုတယ်တဲ့။ ဧရာဝတီရဲ့ကမ်းနဖူးမှာပဲ ကပ်လျက်ရှိနေတဲ့ ဟိုတယ်တစ်ခုပါပဲ။

"ဘယ်လိုလဲ. . . တို့ ဒီမှာပဲ ဝင်လိုက်ကြမလား"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါတယ်. . . ခရီးဆောင်အိတ်တွေ ဆွဲပြီး တဝဲလည်လည် လျှောက်သွားနေကြရမှာထက်စာရင် တစ်နေရာရာ ဝင်လိုက်ကြတာက ကျေနပ်ရတာပေါ့"

သူက သဘောတူတဲ့အတွက် အဆင့်သင့် တွေ့ကြရတဲ့ Power Hotel ကိုပဲ ဝင်လိုက်ကြတယ်။ သာမန်တည်းခိုခန်းတွေထက်စာရင် အဆင့်မြင့်တဲ့ ဟိုတယ်တစ်ခုပါ။ နိုင်ငံတကာ ခရီးသွားတွေ အတော်များများ တည်းခိုကြတာကို တွေ့ရပါတယ်။

ဧည့်ကြိုကောင်တာကို ရောက်လို့ စုံစမ်းကြည့်လိုက်တော့ ဟိုတယ်က မနေ့က ဝင်ထားတဲ့ ရောဝတီမင်းသမီး သင်္ဘောက နိုင်ငံခြားခရီးသည်တွေနဲ့ ပြည့်နေနှင့်ပြီလို့ သိရတယ်။

"နှစ်ယောက်ခန်းတစ်ခန်းပဲ ရတော့မယ်"

ကောင်တာက တာဝန်ခံ အမျိုးသမီးက ပြောတော့ ကျွန်တော်က သူ့ကို တစ်ချက်လှည့်ကြည့်လိုက်တယ်။ ဘယ်လိုလဲ၊ တစ်ခြားနေရာ တစ်ခုခုကို ထပ်ရှာကြည့်ဦးမလားလို့ အကြည့်နဲ့ မေးလိုက်တဲ့သဘောပါ။ သူကတော့ ရှင်းတယ်။ တွေခနဲ တစ်ချက်ပဲ စဉ်းစားပြီး ပြောတယ်။

"မထူးပါဘူး ယူရယ်၊ အဲဒီအခန်းကိုပဲ ယူလိုက်ပါ၊ တို့ ယုံကြည်ပါတယ်"

အဲဒီစကားတစ်ခွန်းနဲ့တင် ကျွန်တော် သူ့ကို ကျေးဇူးတင်သွားတယ်။

"အိုကေ"

သူဟာ ကျွန်တော့်ကိုယ်ကျင့်တရားနဲ့ ဂုဏ်သိက္ခာကို အပြည့်အဝ ယုံကြည်ကြောင်း နှုတ်က ဖွင့်မပြောဘဲနဲ့ အသိပေးလိုက်သလို ခံစားရပါတယ်။ တစ်ဆက်တည်းပဲ ကျွန်တော်ဟာ သူ့ကို သွေးသားရင်းချာ ညီမလေးတစ်ယောက်လို စောင့်ရှောက်ကူညီပေးသွားဖို့ စေတနာ





စိတ်တွေလည်း နိုးကြွလာသလိုပဲ။ ရတဲ့အခန်းကိုပဲ ကျွန်တော်တို့ ယူလိုက်ကြတယ်။

ဟိုတယ်အခန်းထဲကို ရောက်တော့ ရေချိုးခန်း၊ အိမ်သာ၊ သန့်စင်ခန်းတွေနဲ့ တစ်ပါတည်း တွဲလျက်သားအိပ်ခန်းမို့ အတော်စိတ်ချမ်းသာရတယ်။

အိပ်ရာအတွက် နှစ်ယောက်အိပ် ခုတင်တစ်လုံးပဲ ရှိနေပေမယ့် အဲဒါက ကျွန်တော်တို့အတွက် ပြဿနာ မဟုတ်ပါဘူး။

တီဗွီ၊ ဖုန်း၊ စာရေးစားပွဲ၊ အဝတ်အစားထည့်ဖို့ ဗီရို၊ အစားအသောက်တွေ ထည့်ပေးထားတဲ့ ရေခဲသေတ္တာ။ အားလုံး ပြည့်ပြည့်စုံစုံပါပဲ။

"ကဲ. . . စိတ်အေးလက်အေး နားပေတော့ကွာ၊ ကိုယ်တော့ ကောင်တာကို ပြန်ဆင်းပြီး နည်းနည်းပါးပါး သွားစပ်စုလိုက်ဦးမယ်"

"ဟင်. . . ဘာတွေ သွားစပ်စုမလို့လဲ"

"ကိုယ်ကတော့ ဒီမှာ အခန်းအောင်းပြီး နပ်မနေချင်ဘူးကွ၊ ပုဂံကို ရောက်တုန်း ဘုရားတွေ လည်ဖူးမယ်၊ ရနိုင်သမျှ ဓါတ်ပုံတွေ ရိုက်မယ်၊ ဒီအခန်းကို ယူလိုက်တာက ညဘက် ကျောခင်းဖို့ ရရင် တော်ပြီ၊ အဲ. . . ညကျရင်လည်း မင်းက အဲဒီခုတင်ပေါ်မှာပဲ အိပ်ပေါ့ကွာ၊ ကိုယ်က တစ်နေရာ ခွဲအိပ်ပေးမှာပေါ့. . . ဟုတ်ပြီလား"

သည်တော့ သူက ပေါ့ပေါ့ပါးပါး ရယ်လိုက်တယ်။

"ဩ. . . ယူက တို့ကိုတော့ ဒီအခန်းထဲမှာပဲ တစ်ယောက်တည်း ပစ်ထားခဲ့တော့မယ်ပေါ့လေ၊ ဘယ်ဖြစ်မလဲ ယူရဲ့၊ တို့လည်း လိုက်မှာပေါ့၊ တစ်ယောက်တည်း နေခဲ့ရမှာ ပျင်းစရာကြီး"

"ဒါဆိုလည်း အေးအေးဆေးဆေး ရေမိုးချိုးလိုက်ဦးပေါ့ကွာ၊ ကဲ. . . တို့ အောက်ထပ် ပြန်ဆင်းလိုက်ဦးမယ်၊ အခန်းတံခါး ပိတ်ထား



www.burmeseclassic.com

www.burmeseclassic.com



နော်"

ကျွန်တော် အောက်ထပ်ကို ပြန်ဆင်းလာခဲ့တယ်။ ကောင်တာမှာ စုံစမ်းကြည့်တော့ နိုင်ငံခြားဧည့်သည်တွေအတွက် ပုဂံမြေကို လည်ပတ်ဖို့ တိုး(ရ်)ဘတ်စ် စီစဉ်ပေးထားပေမယ့် ပြည်တွင်းခရီးသွားတွေအတွက်တော့ သီးသန့်စီစဉ်ပေးထားတာ မရှိဘူး၊ ကိုယ့်အစီအစဉ်နဲ့ကိုယ် လည်ပတ်ကြလေ့ရှိတာပဲလို့ သိရတယ်။ ဟိုတယ်က သတ်မှတ်ထားတဲ့ အာမခံကြေး စပေါ်ငွေ တင်ရင်တော့ ဆိုင်ကယ်ငှားပေးတယ်ဆိုတော့ ကျွန်တော့်စိတ်ကြိုက်ပါပဲ။ ကျွန်တော်တို့အတွက် ဆိုင်ကယ်တစ်စီး စီစဉ်ပေးထားဖို့ မှာထားခဲ့ပြီး အပေါ်ထပ် ပြန်တက်လာခဲ့တယ်။

အပေါ်ထပ် ရောက်ပေမယ့် အခန်းကိုတော့ ပြန်မဝင်ဖြစ်ပါဘူး။ သူ လွတ်လွတ်လပ်လပ် ရေမိုးချိုးချင် ချိုးနိုင်အောင်လို့ ဟိုတယ်ရဲ့နောက်ဘက်မှာ ဧရာဝတီမြစ် ရှုခင်းဘက် သီးသန့်ခွဲထုတ်ထားတဲ့ လသာဆောင်သဘောမျိုး စားသောက်ဆောင်ဘက်ပဲ ထွက်လာခဲ့တယ်။ အဲဒီမှာ စားပွဲဝိုင်းတွေ ချထားပေးတယ်လေ။ နိုင်ငံခြားဧည့်သည်တွေ သုံးလေးဝိုင်း ထိုင်နေကြတာ တွေ့ရပါတယ်။ ကျွန်တော်က စားပွဲလွတ်တစ်လုံးမှာ ဝင်ထိုင်ပြီး ကော်ဖီတစ်ခွက် မှာသောက်ရင်း အချိန်ဖြုန်းပေးနေလိုက်တယ်။ (၁၅)မိနစ်လောက် ကြာတော့မှ အခန်းကို ပြန်လာခဲ့တယ်။

ကျွန်တော်ထင်တဲ့အတိုင်းပါပဲ၊ အခန်းကို ပြန်ရောက်တော့ သူ ရေမိုးသန့်စင်ပြီးနေပြီ။ အဝတ်အစားတွေလည်း လဲလှယ်ပြီးနေပါပြီ။

"ကဲ. . . အပြင်သွားပြီး စပ်စုခဲ့တဲ့ ဆရာ၊ လုပ်ပါဦး. . ဘာတွေသိခဲ့ရပြီး ဘယ်လိုတွေ စီမံကိန်း ချခဲ့သလဲ"

"အိုကေပါတယ်ကွ. . . ဟိုတယ်က ဆိုင်ကယ်ငှားပေးပါတယ်၊ အာမခံကြေးတော့ တင်ရမှာပေါ့၊ ဆိုင်ကယ်ငှားခက သက်သာ



ပါတယ်၊ အဲဒီဆိုင်ကယ်နဲ့ပဲ ဒီကနေ့ ခြေစကြာ ဖြန့်ရမှာပေါ့"

"တို့လည်း ပြည်ကို ဖုန်းခေါ်ကြည့်တယ်၊ သူငယ်ချင်းနဲ့ တွေ့ရပါတယ်၊ မနက်ဖြန်ကို အရောက်လာမယ်ဆိုတဲ့ကြောင်း ပြောလိုက်တယ်၊ ယူက ဘယ်လို ဆက်စီစဉ်မယ်ဆိုတာက မသိရသေးတော့ ဘယ်နေရာမှာ လာကြိုဖို့ရယ်လို့တော့ ထည့်မပြောနိုင်သေးဘူးပေါ့၊ အဲဒါကကိစ္စမရှိဘူး၊ ပြည်ကို ရောက်မှ ဖုန်းထပ်ခေါ်ပြီး ပြောရုံပဲ"

"မူလက မင်းစီစဉ်သလို ရေလမ်းကနေ သွားဖို့တော့ မဖြစ်နိုင်တော့ဘူးပေါ့ကွာ၊ ဟိုက်ဝေးဘတ်စ်နဲ့ပဲ လစ်ကြရတော့မှာပေါ့၊ အခုနေလည်ပဲ ဆိုင်ကယ်နဲ့ပတ်ရင်းနဲ့ ဟိုက်ဝေးဂိတ် တစ်ဂိတ်ဂိတ်ကို ဝင်ပြီး ထားလက်မှတ် ရအောင် ကြိုတင်ဝယ်ကြရုံပေါ့၊ ကဲ. . . မင်းလည်း အေးအေးဆေးဆေး နားလိုက်ဦး၊ ကိုယ်လည်း ရေချိုးခန်း ဝင်လိုက်ဦးမယ်"

"ဝင်လိုက်လေ. . . ရေချိုးခန်းက အဆင်ပြေပါတယ်၊ ရေပူရေအေး(၂)မျိုးလုံး ရတယ်၊ စပ်ပြီးချိုးရုံပဲ၊ တို့တောင် မနေ့က ဝတ်လာတဲ့အဝတ်စုံကို လျှော်လိုက်ပြီ၊ အဝတ်အခြောက်ခံတဲ့ဗီရိုထဲမှာ ချိတ်တွေနဲ့လှမ်းထားလိုက်တယ်"

"ကောင်းတာပေါ့. . . ကိုယ်လည်း တစ်စုံတော့ လျှော်ရမှာပဲ၊ အဲဒီမှာ နားနားနေနေ နေဦးပေါ့ကွာ၊ ပျင်းလာရင်လည်း တီဗွီလေးဘာလေး ဖွင့်ကြည့်ပေါ့"

ကျွန်တော် ရေချိုးခန်းထဲ ဝင်ခဲ့ချိန်မှာ သူက တီဗွီရှေ့က ဒရင်းဆက်ပေါ် လှဲရင်း တီဗီကို ဖွင့်ကြည့်နေခဲ့လေရဲ့။

www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၁)

ကျွန်တော်တို့ ဟိုတယ်က ပြန်ထွက်လာကြချိန်မှာ နေ့ခင်း (၂)နာရီ ထိုးပြီးပါပြီ။

ကျွန်တော်တို့ နေရာယူမိတဲ့ ဟိုတယ်နဲ့ အနီးဆုံးမှာ ရှိနေတာက ဗူးဘုရားပါ။

ဧရာဝတီရဲ့ကမ်းနဖူးမှာရှိနေတဲ့ ဘုရားပါပဲ။

ဟိုတယ်က ငှားပေးလိုက်တဲ့ ဆိုင်ကယ်နဲ့ပဲ ထွက်ခဲ့ကြတယ်။ ဗူးဘုရားကို ကြည်ညိုကြတယ်။

ဉာဏ်တော်က သိပ်မြင့်လှတာ မဟုတ်ပေမယ့် ဘယ်စေတီနဲ့မှ





မတူ၊ တစ်မူထူးခြားတဲ့ ဗိသုကာလက်ရာကြောင့် ပုဂံရဲ့ထင်ရှားကဲ့ ဘုရားစေတီတစ်ဆူပါ။

'ကြာထောင်' တွေ ဝန်းပတ်ထားတဲ့ ရင်ပြင်တော်ပေါ်မှာကတော့ နေပူရှိန် ရှိနေပေမယ့် ဧရာဝတီကို ဖြတ်သန်းတိုက်ခတ်လာနေတဲ့ လေပြည်ညင်းကြောင့် အနေရခက်လောက်အောင် မပူပါဘူး။

လှေငယ်ကလေးတွေ တန်းစီထိုးဆိုက်ထားတဲ့ မြစ်ဆိပ် မြင်ကွင်းကို ရင်ပြင်တော်ပေါ်ကနေ အထက်စီးမြင်ကွင်းနဲ့ မြင်ရတာမို့ တစ်မျိုးတစ်ဖုံသောအလှနဲ့ ဆွဲဆောင်နေတယ်။

အဲဒီမှာ ကျွန်တော် ဓါတ်ပုံ(၄-၅)ပုံ ရလိုက်တယ်။

သူက ကျွန်တော် ဓါတ်ပုံရိုက်နေတာကို နံဘေးကနေ တပြုံးပြုံးနဲ့ အားပေးပါတယ်။ မြစ်ဘက်က တိုးဝှေ့လာတဲ့ လေပြည်ကြောင့် သူ့နဖူးပေါ်က ဆံယဉ်စကလေးတွေက လှုပ်ခတ်လို့၊ ခရမ်းရောင် အထက်အောက်ဝတ်စုံနဲ့ သူက အလှကြီး လှနေတယ်။

"အင်း. . . မင်းကိုပဲ ကျေးဇူးတင်ရဦးမယ်ကွ၊ မင်းနဲ့ မမျှော်လင့်ဘဲ တွေ့ကြရတာနဲ့တင် အစက မရည်ရွယ်ခဲ့တဲ့ ပုဂံမြေကို ရောက်နေရပြီ၊ ဓါတ်ပုံတွေလည်း ရိုက်ဖြစ်နေရပြီ၊ တို့အတွက်တော့ ဖိုးသူတော်ချက်စိလည်လေ ဆွမ်းဆန်ပိုရလေ ဆိုသလို ဖြစ်နေပြီ"

"တို့ကလည်း ယူ့ကိုပဲ ကျေးဇူးတင်နေတာပါ၊ တို့ကို ကူညီစောင့်ရှောက်ပေးလို့လေ၊ ယူနဲ့တို့ လမ်းခွဲပြီးကြရင်တောင်မှ တို့ကတော့ ယူ့ကို သတိရနေမှာပါ"

သူ့စကားကြောင့် ကျွန်တော့်ရင်ထဲမှာ အိလည်လည်ကြီး ဖြစ်သွားတယ်။

"ယူနဲ့တို့ လမ်းခွဲပြီးကြရင်. . ." တဲ့လား။

"ဟုတ်တယ်နော်. . . တို့ မနက်ဖြန်ဆိုရင် လမ်းခွဲကြရတော့



www.burmeseclassic.com

www.burmeseclassic.com



မယ်၊ အင်း. . . ကိုယ်လည်း မင်းကို သတိရနေမိမှာပါပဲကွာ၊ တစ်ချိန်ချိန်မှာ မင်းတကယ်ချစ်နိုင်မယ့် ဖူးစာရှင်နဲ့ပဲ လက်တွဲနိုင်ပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်၊ အဲဒီအချိန်ကျရင်လည်း မင်းရဲ့မင်္ဂလာပွဲကို ကိုယ့်ကို လှမ်းဖိတ်ဦးပေါ့၊ ခုမှ စကားလမ်းကြော ဆုံမိလို့ သတိရလာပြီ၊ ကိုယ်နဲ့ ဆက်သွယ်နိုင်မယ့် ဇစ်ဇစ်တင်းကတ်ကလေး အမှတ်တရ ပေးရဦးမယ်၊ အဲဒီအထဲမှာ ကိုယ့်ဖုန်းနံပါတ်ကအစ ဖက်စ်အဆုံး အားလုံးပါပါတယ်၊ ရော့. . . ကြုံတုန်းယူထား၊ မမှားဘူး"

ကျွန်တော်က ကျွန်တော့်ပိုက်ဆံအိတ်ထဲက ဇစ်ဇစ်တင်းကတ်တလေးတစ်ခု သူ့ကို ထုတ်ပေးလိုက်တယ်။ သူက လက်လှမ်းယူပြီး သူ့လက်ကိုင်အိတ်ကလေးထဲ ထည့်လိုက်ရင်း သက်ပြင်းဖွဖွချတယ်။

"အင်း. . ယူနဲ့တို့ ကံကြမ္မာတွေက ဆန်းကြယ်တယ်နော်"

"ဘာဖြစ်လို့လဲ"

"ဩော်. . . တစ်နေ့နေ့မှာ ဒီလိုလာဆုံကြပြီး ဘုရားတွေ အတူလည်ဖူးကြ၊ အတူစားကြ၊ အတူနားကြ၊ အတူသွားကြရလိမ့်မယ်လို့ တို့ အိပ်မက်တောင် မမက်မိဖူးဘူး၊ ခုတော့ မထင်တာတွေ တကယ်ဖြစ်နေ ကြုံနေကြရတယ်"

"မဆန်းပါဘူးကွာ. . . ဒီ(၂)ယောက် ဒီနေ့ ဒီရက် ဒီနေရာမှာ အတူဆုံကြဖို့ အတိတ်ကံတွေ ပါလာခဲ့လို့ပဲလို့ အောက်မေ့လိုက်ပေါ့၊ ကိုယ်လည်း မိန်းကလေးတစ်ယောက်ကို ဒီလို ဘော်ဒီဂတ် လုပ်ပေးနေရလိမ့်မယ်လို့ ယောင်လို့မှ စိတ်ကူးမကြည့်ခဲ့မိဖူးပါဘူး"

"ဘော်ဒီဂတ်လို့တော့ မပြောပါနဲ့ ယူရယ်၊ ယူ့စကားကြီးက တစိမ်းဆန်လိုက်တာ"

"အေးလေ. . . တကယ်ကော တစိမ်းတွေ မဟုတ်ကြဘူးလား"





"အင်း. . . ပြီးခဲ့တဲ့သုံးလေးရက်အထိကတော့ ဟုတ်ခဲ့တာပေါ့လေ၊ ခုအချိန်မှာတော့ ယူ့ကို တစိမ်းတစ်ယောက်လို့ တို့ မသတ်မှတ်ချင်တော့ဘူး၊ အင်မတန်ရင်းနှီးတဲ့ သူငယ်ချင်းစာရင်းမှာ သွင်းလိုက်ပြီးပြီ၊ ယူသိရဲ့လား"

"ကောင်းတာပေါ့ကွာ. . . တို့ကလည်း မင်းနဲ့ တစ်သဘောတည်းပါပဲ၊ ဩော်. . ဒါနဲ့ မင်းကို ခွင့်တောင်းရဦးမယ်၊ ပြောရင်းက သတိရလာမိလို့"

"ဘာများပါလိမ့်"

"ကြီးကြီးမားမား ထူးထူးခြားခြားကြီး မဟုတ်ပါဘူး၊ မင်း ဘုရားဖူးပြုနေတဲ့အချိန် တစ်ချိန်ချိန်မှာ မင်းကို အမှတ်တရ ဓါတ်ပုံရိုက်ခွင့်ပေးပါလား၊ မနေ့တုန်းက သိဃ်ိုလ်ရှင်ဘုရားမှာ မင်း ဘုရားဝတ်ပြုနေတုန်းက ဓါတ်ပုံရိုက်ဖို့ စိတ်ကူးပေါ်လာသေးတယ်၊ ဒါပေမယ့် မရိုက်ဖြစ်ခဲ့ဘူး"

"ဘာလို့ ခုမှ လာပြောနေလဲ၊ အဲဒီတုန်းက ရိုက်ထားလိုက်ရင်ပြီးရော"

"ဩော်. . . မင်းကိုမှ ခွင့်မတောင်းရသေးပဲကွ၊ ဘယ်ဖြစ်မလဲ၊ တော်ကြာ လူ့စည်းမျဉ်းကို ချိုးဖေါက်ရာ ရောက်မှာပေါ့၊ ဒါကြောင့် ဒီနေ့ သတိရတုန်း ခွင့်တောင်းတာ၊ စိတ်ချပါ. . . ပုံတွေ ကူးပြီးရင် မင်းကို ဆက်သွယ်ပြီး ရအောင်ပို့ပေးမှာပါ၊ မင်းဓါတ်ပုံတွေကို တို့က ပြိုင်ပွဲမဝင်ပစ်ပါဘူး"

"ဒါဖြင့် ကြွက်ခြောက်ဖို့ ရည်ရွယ်တယ်ပေါ့လေ. . . ဟုတ်လား"

သူက ခပ်နောက်နောက်နဲ့ ပြောပြီး ရယ်လိုက်တယ်။

"မဟုတ်ပါဘူးကွ. . . မင်းက တကယ်လှပါတယ်၊ ဘယ့်နှယ်



www.burmeseclassic.com

www.burmeseclassic.com



တွက်ခြောက်ရမှာတုံး"

"အင်း. . . နှစ်ယောက်တည်း ရှိတာကို အချင်းချင်း ကပ်မြှောက်ပေးနေပြန်ပြီ၊ စိတ်ချ. . . ဟိုတယ်ကျရင် ဒီနေ့ည ညစာကို သူ့အတွက် သေချာပြီလို့ အောက်မေ့နေလိုက်တော့"

"မလုပ်ပါနဲ့ကွာ. . . အတူတူပဲ မျှဝေရှင်းကြတာ ကောင်းပါတယ်၊ တော်ကြာ ကိုယ်က ဘော်ဒီဂတ်ခ ဈေးကြီးတယ် ဖြစ်နေပါဦးမယ်"

"လာပြန်ပလား. . ဒီဘော်ဒီဂတ် ဆိုတာ၊ အဲဒီစကားလုံးတော့ မသုံးနဲ့ကွာ၊ တို့လက်မခံဘူး"

ကျွန်တော်တို့ ပြိုင်တူရယ်လိုက်မိကြတယ်။

"ကဲ. . သွားကြစို့ကွာ၊ အချိန်ရသလောက်ကလေးမှာ ရောက်နိုင်သလောက် လျှောက်ဖူးကြသေးတာပေါ့၊ ပုဂံက ရောက်ခဲ့တယ်လေ ရန်တုန်ရောက်ပြီးကာမှ တတူးတက ပြန်လာရရင် အချိန်ရော လူရော သက်သာမှာ မဟုတ်ဘူး၊ ကိုယ်ကတော့ ဒီနေ့အဖို့တော့ အမုန်းရိုက်ရမှာပဲ"

"အင်း. . . ယူက တကယ့် ဖိုတိုဂရပ်ဖာ ပီသပါတယ်၊ ယူ့သဘောလေ. . . သွားကြတာပေါ့"

ကျွန်တော်တို့ ဗူးဘုရားကနေ ပြန်ထွက်ခဲ့ကြတယ်။

အာနန္ဒာ၊ ဓမ္မရံကြီး၊ လောကနန္ဒာ၊ ဂေါ်ဓေါပလ္လင် (ကန်တော့ပလ္လင်)ဘုရားတွေကို လည်ပတ်ဖူးကြပြီးချိန်မှာပဲ နေက အတော်စောင်းသွားပါပြီ။

ကျွန်တော်တို့ နောက်ဆုံးရောက်တာက သဗ္ဗညုဘုရားပါ။

သဗ္ဗညုစေတီတော်ရဲ့အထပ်တွေပေါ်မှာတော့ ပုဂံနေဝင်ချိန်ကို စောင့်ကြည့်ခံစားကြမယ့် နိုင်ငံခြားဧည့်သည်တွေနဲ့ ပြည့်နေတယ်





အနောက်ဘက်ကမ်းက တန့်ကြည်တောင်တန်းက ပြာလွင်မှိုင်းညို့နေတယ်။

ရွှေရောင်ဝင်းဝင်းလက်နေတဲ့ တန့်ကြည်တောင်စေတီရဲ့နောက်မှာ နေလုံးနီနီ။

ပုစွန်ဆီရောင်ပြေးနေတဲ့ တိမ်မျှင်တွေနောက်ခံနဲ့ တန့်ကြည်တောင်စေတီ ရှုမျှော်ခင်းက ငေးမောလို့ မဝအောင် လှပနေပါတယ်။

ဆည်းဆာနေခြည် ပက်ကျဲထားတဲ့ ဧရာဝတီကတော့ တောင်တန်းပြာကြီးရဲ့ရှေ့ဘက်မှာ ကြန့်ကြီးနေလေရဲ့။

ပုဂံမြေရဲ့တစ်နေ့တာခင်းက ကျွန်တော့်အတွက် အလဟဿမဖြစ်ခဲ့ပါဘူး။

ပုံကောင်းအတော်များများ ရအောင် ကျွန်တော်ရိုက်ယူနိုင်ခဲ့ပါတယ်။

အဲဒီပုံတွေ အများကြီးထဲမှာ သူ့ရဲ့ပုံရိပ်တွေလည်း အတော်များများ ပါတယ်ဆိုပေမယ့် အလှရိုက်တဲ့ပုံတွေတော့ မဟုတ်ပါဘူး။

သဘာဝ ပုံတွေပါ။

သူ ဘုရားအာရုံပြုနေချိန်မှာ ရှုထောင့်မျိုးစုံကနေ ရိုက်ထားတဲ့ပုံတွေပေါ့။

ပုဂံနေဝင်ချိန်အလှကို စိတ်တိုင်းကျ ဓါတ်ပုံတွေ ရအောင်စောင့်ရိုက်ပြီးမှ ကျွန်တော်တို့ ဟိုတယ်ကို ပြန်ခဲ့ကြတယ်။

ဟိုတယ်ကို ရောက်တော့မှ ဆိုင်ကယ်ကို ပြန်အပ်ပြီး ကျွန်တော်တို့အခန်းကို ပြန်တက်ခဲ့ကြတယ်။

"ဘယ်လိုလဲ. . . တို့နောက်ကို လိုက်ရတာနဲ့ သိပ်ပင်ပန်းသွားသလား"

"မပင်ပန်းပါဘူး. . . ပြောရရင် ဒီကနေ့ခရီးက ဘိုသိုက်



www.burmeseclassic.com

www.burmeseclassic.com



တောင် အများကြီး ရသေးတာပဲ၊ ကိုယ်ကျေနပ်ပါတယ်"

ကျွန်တော်က တီဗွီကို ဖွင့်လိုက်တယ်။

"အပန်းဖြေသဘောနဲ့ အဲဒီဒရင်းဘက်ပေါ်မှာ ခဏတစ်ဖြုတ်လှဲချင်လှဲလိုက်ဦးလေ၊ ပြီးမှ အောက်ထပ်ဆင်းပြီး ညစာစားကြတာပေါ့၊ တို့လည်း ခဏနားတဲ့သဘောနဲ့ ရိုက်ခဲ့သမျှပုံကလေးတွေ ပြန်စစ်လိုက်ဦးမယ်"

ကျွန်တော်က ရိုက်ခဲ့သမျှဓါတ်ပုံတွေကို ကင်မရာနောက်ဘက်က စကရင်ကတစ်ဆင့် ပြန်ဖော်ကြည့်ပြီး စစ်ဆေးနေလိုက်တယ်။

လွတ်နေတဲ့ခုတင်ပေါ်မှာ သက်သက်သာသာ ကျောဆန့်လှဲရင်းပေါ့။

တင်မရာ သိမ်းပြီးပြန်တော့ မနေနိုင်မထိုင်နိုင် သတင်းပေးမိသွားပြန်တယ်။

"မပြောမရှိနဲ့နော်. . . တို့အထဲမှာ မင်းပုံတွေ အတော်များများပါတယ်၊ ရန်ကုန်ရောက်လို့ ကူးပြီးတော့မှ မင်းအတွက် သပ်သပ်အယ်လ်ဘမ်တစ်ခု ထုတ်ပြီးပို့ပေးမယ်"

"ဒါဆို အဲဒီဓါတ်ပုံခတွေက ဘယ်လောက်ရှင်းပေးရမယ် ဆိုတာလည်း ပြောဦးလေ"

သူက ခပ်ပြုံးပြုံးလေးနဲ့ လှမ်းနောက်တယ်။

"အခုတော့ ပြောလို့မရသေးဘူးလေကွာ၊ ပြီးမှ ထွက်လာတဲ့ပုံတွေကို ကြည့်ပြီး တွက်ချက်ပြောရမှာပေါ့၊ အလကား စတာပါကွာ ကဲ. . ထ. . တစ်နေကုန် လျှောက်သွားထားကြတာဆိုတော့ မင်းလည်း ဝမ်းဟာနေရောပေါ့၊ ဟိုတယ်မှာပဲ ညစာသွားစားကြရအောင်"

ကျွန်တော်တို့ အောက်ထပ်စားသောက်ခန်းကို ဆင်းခဲ့ကြတယ်။

BURMESE CLASSIC .com



အံ့ဩစရာတော့ အကောင်းသားပဲ။

တကယ်ဆိုရင် တစ်နေ့လည်ခင်းလုံး လှုပ်လှုပ်ရှားရှား သွားသွားလာလာနဲ့ ဝမ်းဟာနေကြတာ ဖြစ်ပါလျက်နဲ့ ကျွန်တော်ရော သူပါ တို့ကနန်း ဆိတ်ကနန်းလောက်ပဲ ညစာစားနိုင်လိုက်ကြတယ်။

သူတော့ မသိဘူး။

ကျွန်တော်ကတော့ ဒီကနေ့တစ်ညပဲ သူနဲ့ကျွန်တော် အတူရှိခွင့်ရတော့တာပါလားဆိုတဲ့ အတွေးကြီးက အသိထဲက မထွက်ဘဲ ကြီးစိုးနေတယ်။

အဲဒီအတူ ရှိနေခွင့်ကလေးကို နှမြောမိနေတာလည်း အမှန်ပါလား။

ညစာစားပြီး အပေါ်ထပ်အခန်းကို ပြန်ရောက်ကြတော့ ညအိပ်ဖို့အရေးကို ကျွန်တော်ကပဲ အိပ်ရာဝေပုံကျ ခွဲတမ်းချလိုက်ပါတယ်။

"ကဲ. . . မင်းက အဲဒီကုတင်ပေါ်မှာပဲ အိပ်တော့ကွာ၊ တို့ကတော့ ဒရင်းဘက်ပေါ်မှာပဲ မှိန်းတော့မယ်၊ တို့ကို လိုရမယ်ရ စောင်တစ်ထည်သာ ပေးတော့"

"အိုး. . . ဘယ်ဟုတ်ပ့ါမလဲ ယူရယ်၊ တို့ပဲ ဒရင်းဘက်မှာ အိပ်ပါ့မယ်၊ ယူက ယောကျာ်းလေးပဲ၊ ခုတင်ပေါ်မှာ ယူပဲ အိပ်ပါ"

သူ ဟန်ဆောင်ငြင်းတာ မဟုတ်ပါဘူး။

စောင်တစ်ထည် ယူပြီး ဒရင်းဘက်ဆီ သွားဖို့ ကြိုးစားတော့တာပါ။

"မဟုတ်ပါဘူးကွာ. . . Lady First ဆိုတာ မင်းကြားဖူးတယ်မဟုတ်လား၊ မင်းကို ဦးစားပေးရမှာပေါ့၊ စိတ်ချလက်ချ စိတ်ဖြောင့်ဖြောင့်နဲ့သာ အိပ်ပေတော့၊ မင်းကို ကိုယ်ပြောထားတယ် မဟုတ်လား၊ မင်းသူငယ်ချင်းဆီကို မှည့်တစ်ပေါက်မစွန်းအောင် စောင့်ရှောက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



အရောက်ပို့ပေးမယ်ဆိုတာ၊ ဘာပဲပြောပြော နှစ်ယောက်စလုံး ပင်ပန်းထားတော့ ဒီညတော့ အိပ်လို့ကောင်းကြမှာပါ"

ကုတင်ရဲ့ခြေရင်းဘက်မှာရှိတဲ့ မတ်ရပ်ခန်းဆီးကို ဆွဲကာလိုက်ပေးပြီး စောင်တစ်ထည်ယူ၊ ဒရင်းဘက်ဆီကို ကျွန်တော်ထွက်ခဲ့တယ်။

"ကဲ. . . ဂွတ်နိုက်ဟော့ ဂျစ်ပစီလေး၊ ကိုယ်တော့ အိပ်ပြီကွာ"

ဒရင်းဘက်ပေါ် ကျောခင်းလိုက်ရင်း ကျွန်တော် လှမ်းပြောလိုက်တယ်။

တစ်ကိုယ်လုံးက အကြောအခြင်တွေကို ဖြေလျှော့ချလိုက်ပြီး မျက်စိကိုမှိတ်၊ အသက်မှန်မှန်ရှူပြီး အိပ်ဖို့ ကြိုးစားလိုက်တယ်။

ဘာမှ စဉ်းစားမနေနဲ့။ မနက်ဖြန်ဆိုရင် သူနဲ့ငါနဲ့ ခရီးစဉ်ထွက်ပြီလို့ စိတ်ကိုတင်းပြီး သံယောဇဉ် ဖြတ်ချလိုက်တော့မှပဲ အဆင်ပြေသွားပါတယ်။

ဒီကြားထဲကပဲ ပုဂံရဲ့ညက လွမ်းစရာ ကောင်းသားပါကလားလို့လည်း တွေးတွေးမိလာလို့ အတော်ဒုက္ခရောက်လိုက်ရသေးတယ်။

သူ့အိပ်ရာဆီကတော့ ဘာသံမှ ထွက်မလာတော့ပါဘူး။

နောက်တစ်နာရီလောက်ကြာတော့မှပဲ မှေးမှေး,မှေးမှေးကနေ ကျွန်တော်အိပ်ပျော်သွားတယ်။

တစ်ချိန်ကျမှ ကျွန်တော် ဖျတ်ခနဲ လန့်နိုးသွားတယ်။

ကျွန်တော့်ရင်ဘတ်ပေါ်ကို စောင်ကလေးတစ်ထည် လာခြုံပေးတဲ့ အထိအတွေ့ကြောင့်ပါ။

မျက်လုံးတွေ ဖွင့်ကြည့်လိုက်တော့ သူဖြစ်နေတယ်။ သူက တိုးတိုးကလေး ပြောပါတယ်။

"ဆောရီးနော်. . ယူ၊ အခန်းက အဲကွန်းဖွင့်ထားတယ်လေ





သူက စွပ်ကျယ်လက်ပြတ်ကလေးနဲ့ဆိုတော့ အအေးပတ်သွားမှာစိုးလို့"

ကျွန်တော့်ရင်ထဲ တစ်နေရာမှာ နွေးသွားသလိုပဲ။

သူခြုံပေးတဲ့စောင်ကြောင့် ခန္ဓာကိုယ်က နွေးသွားရမယ့်ကိစ္စ၊ ခန္ဓာကိုယ်ကို ကျော်ပြီး ရင်ထဲမှာ နွေးသွားတာ အံ့ဩစရာပဲ။

"ဩော်. . အင်း. . ကျေးဇူးပါပဲကွာ၊ သိုင်းကျူး. . သိုင်းကျူး၊ မနက်ဖြန် ခရီးဆက်ရဦးမှာနော်. . . ပြန်အိပ်တော့"

သူ့ကို ပြောလိုက်ရင်း လက်က နာရီကို အမှတ်တမဲ့ ကြည့်လိုက်မိတယ်။

မနက်(၂)နာရီ ထိုးပြီးနေပါပကောလား။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၂)

"ဒီကနေ့ကတော့ မင်း နည်းနည်းအပင်ပန်းခံရလိမ့်မယ်နော်၊ ဘာကြောင့်လဲဆိုတော့ တိုက်ရိုက်စီးသွားလို့ရမယ့် အဝေးပြေးကားက အချိန်ဇယားနဲ့ တွက်တော့ မကိုက်ဘူးဖြစ်နေတယ်၊ အဆင့်ဆင့်ပဲ သွားကြရလိမ့်မယ်ကွ"

ဟိုတယ်က ထွက်ထွက်ချင်းပဲ ကျွန်တော် သူ့ကို ကြိုတင် သတိပေးထားလိုက်တယ်။

ဟုတ်တယ်လေ။

ပုဂံကနေ ရန်ကုန်အထိ ပြေးဆွဲပေးနေတဲ့ အဝေးပြေးဘတ်စ်တွေက အစောဆုံး ထွက်မှာကိုက နေ့ခင်း(၁)နာရီ ဖြစ်နေတော့ ပြည်





မြို့ကို ရောက်မယ့်အချိန်က ညပိုင်းကြီး ဖြစ်နေတယ်။

ဒါကြောင့် အဲဒီခရီးစဉ်ကို ကျွန်တော်တို့ ရွေးချယ်ဖို့ မဖြစ်နိုင်ဘူးလေ။

ပြည်ကို အချိန်နဲ့ ရောက်ချင်တာကိုး။

ဒါကို သူလည်း သဘောပေါက်ပါတယ်။

"ဖြစ်ပါတယ် ယူရယ်၊ ကြုံသလို အဆင့်ဆင့် သွားကြရုံပေါ့၊ အရေးကြီးတာက ဒီနေ့ ပြည်ကို ရောက်ဖို့ ဖြူဖြူနဲ့ တွေ့ဖို့ပဲ၊ တို့ ယူ့ကို အရမ်းအားနာပါတယ်၊ တို့နဲ့ တွေ့လို့ ယူ ခုလို ဒုက္ခတွေ ပိုနေရတာ၊ ယူ့ဘာသာယူ တစ်ယောက်တည်းဆို ခုလို ဘာပြဿနာ ဘာဒုက္ခမှ ပိုရမှာ မဟုတ်ဘူး"

"ကိစ္စမရှိပါဘူး. . . ကြုံတုန်း ကူညီရတာပဲ၊ တို့ဘဝမှာလည်း မမေ့နိုင်တဲ့ အတွေ့အကြုံသစ်တစ်ခု ရလိုက်တာပေါ့၊ အိမ်ပြေးမလေးတစ်ယောက်ကို လမ်းသွား ခရီးသွားရင်း ဝင်ကူညီစောင့်ရှောက်ခဲ့ဖူးတယ်ဆိုတဲ့ အတွေ့အကြုံလေ၊ အင်း. . . ဒါနဲ့ မေးရဦးမယ်၊ တို့နဲ့ လမ်းခွဲပြီးကြတဲ့နောက်ပိုင်းကျရင်ကော မင်း ဘယ်လို ဆက်စခန်းသွားမလဲ. . . ကြိုစဉ်းစားထားပြီးပြီလား"

"လောလောဆယ်တော့ ဘာမှ စဉ်းစားမထားသေးဘူး၊ ဖြူဖြူနဲ့ တွေ့ပြီးမှ သူငယ်ချင်းနဲ့ ဆက်တိုင်ပင်ပြီး လှုပ်ရှားရမှာပေါ့"

ကျွန်တော်ကတော့ ဟူးခနဲသာ သက်ပြင်းပူကြီး ချမိရတော့တယ်။

မနက်စောစောစာကိုတော့ ကျွန်တော်တို့ ဟိုတယ်ကပဲ စားလာခဲ့ကြပြီးတာမို့ ပြဿနာမရှိပါဘူး။

ခရီးစဉ်နဲ့ ပတ်သက်ပြီး ဒေသခံတစ်ယောက်ကို မေးကြည့်လိုက်တော့ လွယ်သွားပဲ။



www.burmeseclassic.com

www.burmeseclassic.com



"အခုပဲ အနောက်ဘက်ကမ်းကနေ ဇက်ခရပ်ကူးလာပြီ အစ်တို့ အဲဒီအပေါ်မှာ 'ပခုက္ကူ-ချောက်' ပြေးတဲ့ ရွှေနံ့သာလိုင်းပေါင်းစုံကားပါလာလိမ့်မယ်၊ ဘယ်မှ ဝေးဝေးသွားမနေနဲ့၊ ဒီလမ်းကပဲ ဖြတ်စောင့်ပြီး တားစီးသွားကြပေ့၊ အနီးဆုံး ချောက်မြို့ကိုတော့ ရောက်မှာပဲ၊ ချောက်မြို့ရောက်မှ နောက်တစ်ဆင့် ခရီးဆက်ကြပေ့"

"ကျေးဇူးပါပဲဗျာ"

ချောက်မြို့အထိ ပြေးဆွဲပေးမယ့် ရွှေနံ့သာကား လာမယ့်လမ်းက ကျွန်တော်တို့ ဟိုတယ်အဆင်းလမ်းတင်ပဲ။ ဧရာဝတီကို ဖြတ်ကူးလာနေတဲ့ ဇက်ခရပ်ကလည်း ဆိပ်ကမ်းကို ကပ်တော့မယ်ဆိုတော့ ကျွန်တော်တို့က ထိုင်စောင့်ကြရုံပဲလေ။

"အေးပေ့ါကွာ. . . အရေးအကြောင်းဆိုရင်လည်း ကိုယ့်ဆီကို လှမ်းဖုန်းဆက်ပေ့၊ အင်း. . သံယောဇဉ်မပြတ်လို့သာ ပြောနေရတယ်၊ မင်းကတော့ ပြည်မြို့ရောက်ပြီးရင် ကိုယ့်ကို မေ့သွားမှာပါလေ"

ကျွန်တော်က ပြောလိုက်တော့ သူ့မျက်နှာကလေး နွမ်းသွားတယ်။

"အဲလိုတော့ မပြောပါနဲ့ ယူရယ်၊ တို့လည်း ယူ့ကို သတိရနေမှာပါ။ ယူ့ရဲ့ရိုးသားတဲ့ အရိုးခံစိတ်ဓါတ်နဲ့ ဖြူစင်မှုကို တို့ မေ့နိုင်မှာ မဟုတ်ပါဘူး၊ တို့ဘဝမှာလည်း သူစိမ်းယောကျ်ားလေးတစ်ဦးနဲ့ ခရီးအတူတူသွားဖူးတာ ဒီတစ်ကြိမ်ပဲ ရှိခဲ့ဖူးပါတယ်၊ ဟိုတယ်အိပ်ခန်းတစ်ခုတည်းမှာ နှစ်ယောက်တည်း တစ်ညအတူတူ အိပ်ခဲ့ကြရပေမယ့် ယူက တို့ကို မရိုးမသား မကြံစည်ခဲ့ဘူး၊ အဲဒါကိုက တို့ မမေ့နိုင်ဘဲ ကျေးဇူးတင်နေရမယ့် ယူ့ရဲ့ဖြူစင်မှုပါ"

သူ တကယ် အလေးအနက် ပြောနေတယ်ဆိုတာကို သူ့မျက်နှာထားနဲ့ လေသံက သက်သေခံပေးနေသလိုပါပဲ။





"မင်းကို ကိုယ်ပြောခဲ့သားပဲ၊ မင်းသူငယ်ချင်းလက်ထဲကို မှည့်တစ်ပေါက် မစွန်းစေရဘဲ မင်းကို အပ်မယ်လို့၊ အဲ. . . ညတုန်းက ကိုယ့်ကို မင်းစောင်ပိုင်းကလေး လာခြုံပေးခဲ့တာကိုလည်း ကျေးဇူးတင်ပါတယ်ကွာ၊ မင်းသိလား၊ အဲဒီအချိန်မှာ ကိုယ်က အိပ်မက်မက်နေတာကွ၊ မင်း စောင်ကလေး လာခြုံလိုက်မှ လန့်နိုးသွားတာ"

"ဟုတ်လား. . . ဘာအိပ်မက်တွေ မက်နေတာလဲဟင်"

"မင်းသိရင် တော်တော်စိတ်ညစ်သွားမယ့် အိပ်မက်ပါကွာ၊ မသိချင်ပါနဲ့"

ကျွန်တော်က ပြုံးစိစိနဲ့ ပြောလိုက်မိတော့ သူက ဖွတ်ခနဲ လှမ်းကြည့်တယ်။

"အဲဒီအိပ်မက်က တို့နဲ့ ပတ်သက်နေလို့လား"

"အင်း. . . ပတ်သက်နေတယ်၊ အိပ်မက်က ရယ်ရမလို ငိုရမလိုပါကွာ၊ ကဲ. . . ပြောမိလက်စနဲ့တော့ မထူးတော့ပါဘူး၊ ကိုယ်ပြောပြတော့မယ်"

"ပြောပါ. . . တို့ စိတ်ဝင်စားပါတယ်"

"အိပ်မက်က မင်းနဲ့ကိုယ်နဲ့ ခုလိုပဲ ခရီးတစ်ခုကို အတူသွားနေကြတယ်၊ ခရီးစဉ် ပြီးဆုံးဖို့က ရက်အကန့်အသတ်မရှိ. . တဲ့"

သူက ကျောချမ်းသွားသလို ပခုံးတွန့်ပြလိုက်ပြီး ပြောတယ်။

"အောင်မယ်လေး. . . ဘယ်လိုနတ်ဆိုးကများ ကျိစယ်ပြီး ဒီအိပ်မက်ကို ပေးလိုက်ပါလိမ့်"

"ဘယ်နတ်ဆိုးနဲ့မှ မဆိုင်ဘူးကွ၊ ကေန္တတော့ ကိုယ့်မသိစိတ်ထဲမှာ တိတ်တိတ်ကလေး ခိုးဝင်လာတဲ့ ဆန္ဒတစ်ခုရဲ့ရောင်ပြန်ဟပ်မှုဖြစ်နိုင်ပါတယ်၊ မင်းတော့ မသိဘူး၊ ကိုယ်တော့ ဒီနေ့ခရီးစဉ်အတွက် တွေးမိတိုင်း ရင်ထဲမှာ လွမ်းလွမ်းမောမောကြီး ခံစားရတယ်၊ ဒီစကားကို



www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်လို့ အထင်မလွဲနဲ့နော်၊ ကိုယ့်ရင်ထဲမှာ တကယ်ခံစားရတဲ့ အတိုင်းကို ရိုးရိုးကြီး ပြောလိုက်တာပါ”

သူ ခေါင်းကလေး ငုံ့သွားတယ်။

ကျွန်တော်ပြောလိုက်တဲ့စကားက သူ့ခေါင်း ငုံ့သွားစေနိုင်လောက်တဲ့စကားကော ဟုတ်လို့လား။

ကိုယ့်ဘာသာ အထိတ်တလန့် ပြန်တွေးရင်း ‘ငါတော့ မှားပြီထင်တယ်’ လို့ အောက်မေ့လိုက်မိတယ်။

“ဘာလဲ. . . ယူက တို့ကို လွမ်းနေမိမှာပဲလို့ ပြောချင်တာလား”

“အင်း. . . အဲဒီသဘောပဲ ဖြစ်မယ်ထင်ပါရဲ့ကွာ၊ ကိုယ်လည်း ဘာဆက်ပြောရမှန်း မသိတော့ပါဘူး”

“ဟော. . . ဆိပ်ကမ်းကနေ ကားတွေ တက်လာကြပြီ ယူရယ်”

သူက ဆိပ်ကမ်းအတက်လမ်းကို မျှော်ကြည့်ရင်း ပြောတယ်။

ကျွန်းချောင်း ဆိပ်ကမ်းဘက်ကနေ ကားတွေ လူတွေ သယ်လာခဲ့တဲ့ ဇက်ခရပ်ပေါ်က ဆင်းလာတဲ့ကားတွေပါ။ ခဏကြာတော့ ကျွန်တော်တို့ ရပ်စောင့်နေတဲ့ လမ်းအတိုင်း တစ်စီးပြီးတစ်စီး မောင်းဝင်လာကြတယ်။

ချောက်မြို့ကို သွားမယ့် ရွှေနံ့သာ မှန်လုံကားတစ်စင်းကို လက်ပြတားလိုက်ပြီး တက်လိုက်ကြတယ်။

သူ့အတွက် ထိုင်ခုံရပေမယ့် ကျွန်တော့်အတွက်တော့ မရဘူး။

ဒါကိုပဲ သူက အားနာနေပုံရတယ်။ ဒါကြောင့် သူ့ကို ကပ်ပြောလိုက်ရသေးတယ်။

“ကိုယ့်အတွက် ထည့်တွေးမနေနဲ့ ရှေ့မှာ ဆင်းတဲ့လူ ပေါ်လာရင် ထိုင်ခုံရမှာပဲ၊ စိတ်ဖြောင့်ဖြောင့်သာထိုင်”



ကားလမ်းက ဧရာဝတီမြစ်ကမ်းနံဘေးအတိုင်း တောင်မြောက်ဖောက်ထားတဲ့လမ်းမို့ ချောက်မြို့နဲ့ပုဂံမြို့က သိပ်ဝေးလှတယ် မဟုတ်ပါဘူး။

ပုဂံက ထွက်လာပြီး သိပ်မကြာခင်မှာပဲ လမ်းဘေးတစ်လျှောက် ရွာတွေက လမ်းဆင်းခရီးသည်တွေ ရှိနေတာဆိုတော့ ကျွန်တော့်အတွက် ထိုင်ခုံက အဆင်ပြေသွားပါတယ်။ ချောက်မြို့အထိကို ချောချောမောမော ရောက်သွားကြတယ်။ ချောက်မြို့ ယာဉ်ပေါင်းစုံရပ်နားရေးစခန်းက ချောက်မြို့လယ်ဈေးကြီးရဲ့တောင်ဘက်မှာပါ။

ပြည်မြို့အထိ တိုက်ရိုက်ကားရှိသလားလို့ စုံစမ်းတော့ ရန်ကုန်ကားနဲ့ လိုက်ပြီး ပြည်မှာ ဆင်းနေခဲ့ဖို့ကလွဲပြီး အသွားအပြန် တိုက်ရိုက်ပြေးတဲ့ကား မရှိဘူးဆိုတာနဲ့ ချောက်မြို့နဲ့ မကွေးမြို့နဲ့ ပြေးတဲ့ ရွှေနံ့သာမှန်လုံတစ်စင်းမှာပဲ လက်မှတ်ဖြတ်လိုက်တယ်။

သူတို့ ကားထွက်မယ့်အချိန်က (၁၅)မိနစ်လောက်ပဲ လိုတော့တယ်။

လက်ဖက်ရည်သောက် မုန့်စားရင်း စောင့်ကြရုံပါပဲ။

သိပ်မကြာလိုက်ခင်မှာပဲ ခရီးသည်တွေ တင်ပြီး ချောက်မြို့ဂိတ်ကနေ ကားထွက်ပါတယ်။

“တော်သေးတာပေါ့ ယူရယ်၊ ဒီတစ်ခါတော့ (၂)ယောက်တွဲထိုင်ခုံ အဆင်ပြေသွားလို့”

ချောက်မြို့ကနေ ထွက်လာကြတော့ သူက ကျေနပ်သံနဲ့ ပြောတယ်။

ပုဂံနဲ့ချောက်မြို့အကြားမှာတုန်းက တစ်ယောက်တစ်နေရာစီထိုင်ခဲ့ကြရတာကိုး။

“မကွေးဂိတ်မှာကတော့ ပြည်နဲ့မကွေး တိုက်ရိုက်ကားတွေ ရှိ

www.burmeseclassic.com



တယ် ပြောပါတယ်၊ နောက်တစ်ဆင့်ဆိုရင်တော့ မင်းရဲ့ဦးတည်ရာ ငြိမ်းချမ်းနယ်မြေကို ဒါရိုက်ဟစ် ရောက်ပြီလို့သာ အောက်မေ့ပေတော့"

သူ့ စိတ်အေးရာအေးကြောင်း ဖြစ်အောင် ကျွန်တော့်မှာ ပြော ပြရသေးတယ်။

ရွှေနှံ့သာမှန်လုံကားကတော့ မြေနီတောင်ကုန်းတွေအလယ် က ကွေ့ကွေ့ကောက်ကောက် ကတ္တရာလမ်းမကြီးအတိုင်း တဝေါဝေါ ပြေးဆွဲနေတယ်။

အဲဒီမှာ ကျွန်တော်တို့ စကားသိပ်မပြောဖြစ်ကြတော့ဘူး။

ကျွန်တော်ကလည်း လမ်းဘေးမြင်ကွင်းတွေကိုပဲ ငေးကြည့် ရင်း လိုက်ပါလာခဲ့မိတယ်။

ဘာကြောင့်ရယ် မသိဘူး။

ကျွန်တော့်ရင်ထဲမှာ အခြောက်တိုက်ကြီး လေးလံနေတယ်။

ကျွန်တော် သူနဲ့ ခွဲမသွားချင်တာလား။ သူ့ကို ခွဲမထားရစ်ခဲ့ချင် ဘဲ ဖြစ်နေမိတာလား။

ကိုယ့်ကိုယ်ကို ပြန်မေးကြည့်မိတော့ ကျွန်တော် တုန်လှုပ်စ ပြုလာတယ်။

"သည်နှစ်ရက်တစ်ပိုင်းလောက်ကလေးနဲ့ သံယောဇဉ် တွယ်မိ တယ်ဆိုတာ ဖြစ်နိုင်ပါ့မလားကွာ၊ မင်းဟာက မဟုတ်သေးပါဘူး" လို့ စောဒက တက်ကြည့်မိပေမယ့် အဲဒီစောဒကကလည်း အင်အားချိနဲ့နေ သလိုပါပဲ။

ကျွန်တော်မှ မဟုတ်ဘူး။ သူကလည်း ဒီနေ့ကျမှ စကားနည်း နှုတ်ဆိတ်နေတာ အံ့သြစရာ ဖြစ်နေတယ်။

သူ ဘာတွေ တွေးနေသလဲ။

ကျွန်တော့်လိုပဲ မကြာခင် ခွဲခွာရတော့မယ့်အချိန်ကို တွေးမိနေ



လေသလား။

ကျွန်တော့်လိုပဲ သူ့ရင်ထဲမှာကော ထပ်တူထပ်မျှ ခံစားနေမိ တာလား။

မဖြစ်နိုင်ပါဘူး။ စိတ်ကူးမယဉ်ချင်စမ်းပါနဲ့ကွာ. . လို့ပဲ ကိုယ့် အတွေးကိုယ် ပြန်သရော်မိရပြန်တယ်။

သူကတော့ ပြီးဆုံးတော့မယ့် ခရီးတစ်ခုအတွက် ဝမ်းမြောက် နေမှာပဲမဟုတ်လား။

ဒါကလွဲလို့ တခြားဖြစ်နိုင်စရာအကြောင်း ဘာမှမရှိဘူးလို့ ဆုံး ဖြတ်လိုက်မိတော့ ကျွန်တော့်ရင်ထဲမှာ "ဟာ" သွားတယ်။

သည်လိုနဲ့ပဲ ကျွန်တော်တို့ကားဟာ ရေနံချောင်းမြို့ကို ကျော် ဖြတ်၊ မကွေးကားကြီးဝင်းအတွင်းကို ဝင်လာခဲ့ပြီ။

မကွေးဂိတ်ကို ရောက်တဲ့အချိန်မှာ နေမွန်းတည့်နေပါပြီ။

"မင်း ဆာရောပေါ့၊ စားသောက်ဆိုင်တစ်ဆိုင်ဆိုင်ကို ဝင်ကြရ အောင်"

"သိပ်တော့ မဆာလှပါဘူး၊ ပေါ့ပေါ့ပါးပါး ထမင်းသုပ်ကလေး တစ်ပွဲလောက်တော့ စားထားကြတာပေါ့လေ၊ အဲလောက်ဆို ဖြစ်ပြီ"

ကျွန်တော်တို့ ဆိုင်တစ်ဆိုင်ကို ဝင်လိုက်ကြတယ်။

"ကဲ. . . မင်းက ဒီမှာ တစ်ခုခု စားရင်း စောင့်နေနော်၊ တို့ ပြည်ကားလက်မှတ် သွားစုံစမ်းဦးမယ်၊ ကားလက်မှတ် ရဖို့က အရေး ကြီးတယ်"

သူ ခေါင်းညိတ်ပြတယ်။ ကျွန်တော် သူ့ကို ဆိုင်ထဲမှာပဲ ထားခဲ့ ပြီး 'မကွေး-ပြည်' ကားဂိတ်တွေ ရှိရာကို စုံစမ်းဖို့ ထွက်ခဲ့တယ်။ သူ့ ကံကောင်းပါတယ်။ နေ့ခင်း(၁)နာရီမှာ ပြည်ကို ထွက်မယ့် မှန်လုံကား တစ်စင်းကနေ လက်မှတ်ဝယ်လို့ ရခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



"အဆင်ပြေခဲ့လားဟင်"

စားသောက်ဆိုင်ထဲ ဝင်ခဲ့ပြီး သူ့စားပွဲကို ရောက်တော့ သူက ဆီးမေးတယ်။

"အိုကေ. . . ညနေဆို မင်းသူငယ်ချင်းဆီကို ရောက်ပြီ၊ ဟော ဒီမှာ ကားလက်မှတ်"

ကားလက်မှတ်ကလေးကို သူ့ရှေ့ချပြလိုက်တော့ သူဝမ်းသာသွားသလို ပြုံးတယ်။

"ဟန်ကျတာပဲ. . . ဒါဆို ဖြူဖြူ့ကို ခုညနေဘက်မှာပဲ ပြည်တားကြီးဝင်းထဲမှာ လာကြိုနေဖို့ ဖုန်းကြိုဆက်ထားရမယ်"

"ကောင်းတယ်. . . ဒီနားက ဖုန်းဆိုင်တစ်ဆိုင်ကပဲ ကြိုပြောထားလိုက်ပေါ့၊ ဒါနဲ့ မင်းဘာစားပြီးပြီလဲ"

"ဟင့်အင်း. . . ဘာမှမမှာသေးဘူး၊ ယူ့ကို စောင့်နေတာ"

"အရေးထဲ အစာအိမ်ချင်း တန်းညှိနေရသေးကွာ၊ မှာစားနှင့်ရင် ပြီးရော၊ ပြော. . . ဘာမှာမလဲ"

"တို့ကတော့ ရင်ခံနေသလိုပဲ၊ ထမင်းသုပ်ကလေးတစ်ပွဲလောက်ဆိုရင် တော်ပြီ၊ ဒါတောင် အစာအိမ် ဒုက္ခရောက်မှာစိုးလို့စားရမှာ၊ တကယ်ပြောရရင် စားချင်စိတ် မရှိဘူး"

"မလုပ်နဲ့ကွ. . . အစားအစာဆိုတာ အချိန်မှန် စားရမယ်၊ ဒါမှကိုယ့်ကျန်းမာရေးကိုယ် လေးစားရာ ပြုစုရာ ရောက်တယ်"

ကျွန်တော်တို့ ထမင်းသုပ်တစ်ပွဲစီ စားကြတယ်။

ထမင်းစားနေရင်းက ဟိုဟိုဒီဒီအကြည့်နဲ့ စပ်စုလိုက်တော့ ဆိုင်တ ကောင်တာခုံပေါ်မှာ "အဝေး - အနီး" ဆိုတဲ့ စာတန်းကလေးထောင်ထားတဲ့ တယ်လီဖုန်းကို မြင်တယ်။

"ကဲ. . . မင်းစားလို့ပြီးရင် သူငယ်ချင်းဆီ ဖုန်းဆက်ထားမှ





ဆို၊ ဟိုကောင်တာကပဲ သွားပြောလိုက်ပေတော့၊ ဒီညနေပဲ ရောက်လာမယ်လို့ ကြိုအကြောင်းကြားထားလိုက်တော့ပေါ့"

"ဟုတ်သားပဲ. . . ခဏလေးနော်"

သူက ဆိုင်ကောင်တာဆီကို ထသွားပြီး ဖုန်းပြောတယ်။

သူ့သူငယ်ချင်းနဲ့ တွေ့ပြီး ပြောခွင့်ရတယ်ဆိုတာကို ရယ်ရယ်မောမော ပြောနေတဲ့ သူ့ပုံစံကို မြင်ကတည်းက ကျွန်တော်သိလိုက်ပါတယ်။

(၅)မိနစ်လောက်ကြာမှ သူပြန်ရောက်လာတယ်။

"ဘယ်လိုလဲ. . . ပြောခဲ့ရတယ် မဟုတ်လား"

"ရတယ် ယူရေ၊ သူကြိုတင်စောင့်နေလိမ့်မယ်၊ ကဲ. . . ကားဂိတ်ကို သွားကြစို့၊ အဲ. . . နေဦး၊ ခုမှ သတိရတယ်၊ ယူ့ Note Book လေး ခဏလောက်"

သူက ဆိုင်က ထွက်သွားတော့မလို ပြင်ပြီးမှ တစ်ခုခုကို သတိရလိုက်သလိုနဲ့ စားပွဲမှာ ဝင်ထိုင်ပြန်တယ်။ ကျွန်တော်က ကျွန်တော့်အိတ်ထဲက နုတ်ဘုတ်စာအုပ်ငယ်ကလေးကို ထုတ်ပေးလိုက်တယ်။

"တော်ကြာကျ မေ့သွားမှာစိုးလို့"

သူက စာအုပ်ကလေးထဲကို ချရေးတယ်။

"ဖြူဖြူရဲ့ ပြည်က တယ်လီဖုန်းနံပါတ်လေ၊ အဲဒီဖုန်းနံပါတ်ကိုဆက်ရင် ယူနဲ့တို့နဲ့ စကားပြောလို့ရပြီ၊ အဲဒါ ဖြူဖြူရဲ့ဟမ်းဖုန်းနံပါတ်ပဲ၊ အလောဆယ်တို့နဲ့ ယူနဲ့ ဆက်သွယ်စရာလမ်းကြောင်းဆိုလို့ အဲဒီဖုန်းနံပါတ်ပဲ ရှိတယ်၊ ဘာကြောင့်လဲဆိုတော့ ဖြူဖြူရဲ့နေရပ်လိပ်စာကို တို့ကိုယ်တိုင်ကိုက ခုထိ မသိသေးလို့ပဲ"

ကျွန်တော် လှိုက်ခနဲ ဝမ်းသာသွားရတယ်။

ဒီလိုဆိုတော့ သူ ကျွန်တော့်ကို အပြီးတိုင် သံယောဇဉ် ဖြတ်



www.burmeseclassic.com

www.burmeseclassic.com



မထားခဲ့ဘူးဆိုတာ သေချာသွားပြီကိုး။

"ရပါပြီကွာ. . . ဒီဖုန်းနံပါတ်ပေးတဲ့ ရည်ရွယ်ချက်က ကိုယ်တို့ချင်း ရှေ့ဆက်ပြီး အဆက်အသွယ် လုပ်ကြရဦးမယ်ဆိုတဲ့ အဓိပ္ပါယ်ပေါ့လေ. . . ဟုတ်လား"

"ဒါပေါ့၊ ဘာလဲ. . . ယူက တို့ကို လုံးလုံးသံယောဇဉ်ဖြတ်ထားရစ်ခဲ့တော့မယ်လို့ စိတ်ကူးနေလို့လား၊ ဒီလိုမရဘူးနော်. . . တို့ဆီမှာ ယူ ပေးထားတဲ့ ဇစ်ဇစ်တင်းကတ်ကလေး ရှိနေပြီးသား"

ခပ်ပြုံးပြုံး ခြိမ်းခြောက်ဟန်ကလေးနဲ့ ပြောလိုက်တာမို့ ကျွန်တော်လည်း ကျောက်ချဉ်ယောင် ဒုတ္ထာယောင် ဆောင်တဲ့အနေနဲ့ ပခုံးတွန့်ပြလိုက်တယ်။

"ဩော်. . . ဒီဝဋ်ကြွေး၊ မကုန်ခမ်းသရွေ့လေ၊ လည်စင်းခံဆပ်မယ် မေ"

ပြီးမှ စိုင်းထီးဆိုင်နဲ့ တေးရေးကိုနေဝင်းတို့ရဲ့ နာမည်ကျော်မောင့်လပြည့်ဝန်း သီချင်းထဲက စာသားကလေးကို ညည်းပြလိုက်တော့ သူက နှုတ်ခမ်းကို လက်ဝါးကလေး ကာပြီး ရယ်တယ်။ အဲဒီနောက် လက်ဖျံက နာရီကလေးကို ငုံ့ကြည့်ပြီး အလန့်တကြား ပြောတယ်။

"အဲတော့. . . (၁)နာရီထိုးဖို့ (၁၀)မိနစ်ပဲ လိုတော့တယ်၊ သွားကြစို့ ယူရေ"

ဆိုင်က ကျသင့်ငွေကို ရှင်းပြီး ကျွန်တော်တို့ ကားဂိတ်ဆီ ထွက်ခဲ့ကြတယ်။





# အခန်း(၁၅)

ပြည်မြို့ရဲ့ညနေခင်းက ဘယ်လိုသဘောကြောင့် အခြောက်တိုက်ကြီး လွမ်းစရာကောင်းနေရပြန်ပါလိမ့်။

ကျွန်တော်တို့ စီးလာခဲ့တဲ့ကားက ပြည်မြို့ကို စဝင်နေပြီ ဆိုကတည်းက ကျွန်တော့်မှာ လွမ်းလွမ်းဆွေးဆွေးကြီး ဖြစ်လာရတာကလည်း အတော်အံ့သြစရာ ဖြစ်နေပြန်တယ်။

ဩော်. . . မကြာခင် သူနဲ့ကျွန်တော်နဲ့ လမ်းခွဲရတော့မှာပါလား ဆိုတဲ့အသိက ကျွန်တော့်ရင်ကို လေးလံမွန်းကျပ်လာစေတယ်။

ကိစ္စမရှိဘူး၊ သူ့မှာကော ကျွန်တော့်မှာပါ ဆက်သွယ်စရာ



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းလမ်းကြောင်းကြီးတစ်ခုလုံး ရှိနေသေးတယ်လို့ ဖြေသိမ့်မိပေမယ့် ကျွန်တော့်ရင်ထဲက လေးလံမှုကတော့ ပေါ့ပါးမသွားခဲ့ဘူး။

သည်လိုပါပဲ။

သူ့ကို အကဲခတ်ကြည့်တော့လည်း မျက်နှာကလေးက နွမ်းလို့။

"ကဲ. . . မကြာခင်ပဲ တို့ခရီးစဉ်ကလေး အဆုံးသတ်တော့မယ်။ မင်းသူငယ်ချင်းကတော့ ကားဂိတ်ကို လာကြိုမှာပါနော်"

"သေချာပါတယ်. . . သူ ဆက်ဆက်လာကြိုမှာပါ"

"ကောင်းတယ်. . . တို့ကတိအတိုင်း မင်းကို မှည့်တစ်ပေါက် မစွန်းစေရဘဲ မင်းသူငယ်ချင်းလက်ကို အပ်ခဲ့ပြီးမှ ကိုယ့်ခရီးကိုယ် ဆက်ရတော့မှာပေါ့လေ၊ ဒါပေမယ့် ကိုယ် မင်းကို သတိရနေမှာ သေချာပါတယ်ကွာ"

သည်တော့ သူက ပြုံးပြလိုက်တယ်။

"ယူက ပူစရာလား၊ သတိရနေရင်လည်း အမှတ်တရ ကြည့်ဖို့ ဓာတ်ပုံရိုပ်တွေ ယူ့ဆီမှာ ပါသွားပြီပဲ၊ ပုဂံမှာ ရိုက်ခဲ့တဲ့ဓါတ်ပုံတွေ ပြန်ကြည့်နေရုံပဲလေ"

"ဟုတ်တယ်. . . အဲဒါက ကိုယ့်အတွက် ဖြေသာစရာတစ်ခု ဖြစ်သွားတယ်၊ အဲ. . . မင်းဆီကိုလည်း အဲဒီဓါတ်ပုံတွေ ကူးပြီးတဲ့အခါ ပို့ပေးမယ်နော်၊ ကိုယ့်စိတ်တိုင်းကျ ရိုက်ယူခဲ့တဲ့ပုံတွေမို့ ကိုယ်အာမခံတယ်၊ ပုံတွေ ကြည့်ရတဲ့အခါ ကိုယ့်ကို ပြန်သတိရပေါ့"

"ဒါ ဖွင့်ပြောမှာနေစရာ လိုလို့လား၊ စိတ်ချ. . . တို့လည်း ယူ့ကို သတိရနေမှာပါ"

အဲဒီနောက်တော့ ကျွန်တော်တို့ စကားမပြောဖြစ်ကြတော့ဘူး၊ ကိုယ့်အတွေးတွေနဲ့ကိုယ် နှုတ်ဆိတ်သွားကြတယ်။

သိပ်မကြာလိုက်ပါဘူး။ ကားက ပြည်မြို့ ယာဉ်ရပ်နားစခန်း





ဝင်းထဲကို ခရီးဆုံး ဂိတ်ထိုးလိုက်တော့တယ်။ ကျွန်တော်တို့ ကားပေါ်က ဆင်းပြီး ဂိတ်အဆောက်အဦးထဲ ခဏဝင်နားဖို့ ခြေလှမ်းပြင်တုန်း ရှိသေး. . .

"ဟေး. . . သီရိ. . သီရိ"

သူ့နာမည်ကို လှမ်းခေါ်သံနဲ့အတူ ကောင်မလေးတစ်ယောက် လူတွေကြားက တိုးထွက်လာတယ်။

"ဟယ်. . . ဖြူဖြူ"

သူတို့ချင်း ဝမ်းသာအားရ ဆွဲဖက်လိုက်ကြတယ်။

"တော်ပါသေးရဲ့ ဖြူရယ်၊ ကိုယ်က မင်းကို စောင့်ရဦးမယ် ထင်နေတာ"

"ငါရောက်နေတာ (၁၀)မိနစ်လောက်ရှိပြီ၊ သေသေချာချာ ဖုန်းကြိုဆက်ထားတဲ့နောက်တော့ ကြိုရောက်အောင် လာရတာပေါ့ဟ၊ ဒါနဲ့ ဘယ်မှာလဲ မင်းရဲ့ကိုကိုဆိုတာ"

ဖြူဖြူက ပြုံးစိစိနဲ့ မေးတယ်။

"အဟဲ. . . ဟုတ်သားပဲ၊ လမ်းမှာပဲ အရေးပေါ် မွေးစားလိုက်ရတဲ့ ကိုကိုလေ၊ မင်းနဲ့ မိတ်ဆက်ပေးရမှာပေါ့"

ပြီးမှ ကျွန်တော့်ဘက် လှည့်ကြည့်ပြီး သူက သူ့သူငယ်ချင်းနဲ့ မိတ်ဆက်ပေးပါတယ်။

"ယူရေ. . . ဒါ တို့သူငယ်ချင်းဖြူဖြူပါ၊ တို့အချစ်ဆုံး သူငယ်ချင်းပါပဲ၊ ဖြူဖြူ သူက ကိုနောင်ရိုးဇော်တဲ့၊ နိုင်ငံတကာပွဲတွေမှာ လက်ရွေးစင်ပြဖို့ ကြိုးစားနေတဲ့ ဓါတ်ပုံဆရာ၊ ပြီးတော့ မင်းကို ဖုန်းထဲမှာ ကြိုပြောခဲ့တဲ့အတိုင်း တစ်လမ်းလုံးမှာ တို့ကို ကူညီစောင့်ရှောက်ပေးခဲ့တဲ့ တို့ရဲ့မွေးစားကိုကိုလေ"

သူ့လေသံက ရွှင်မြူးနေတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်နဲ့ဖြူဖြူတို့ အပြီးကိုယ်စီ ဖြစ်သွားကြတယ်။

“ရန်ကုန်-ပြည် ကားတွေက တစ်နာရီတစ်စင်းလောက် ထွက်နေတာပါ။ ကားတွေ ပေါပါတယ်၊ ခရီးပန်းလာတာလေး ခဏနားတဲ့သဘောဖြစ်ဖြစ်ပေါ့။ တစ်ခုခု လိုက်စားပါသောက်ပါဦး၊ ဖြူ ဧည့်ခံပါ့မယ်၊ ခွင့်ပေးပါ ကိုနောင်ရိုးဇော်၊ ဖြူ့သူငယ်ချင်းကို ကူညီစောင့်ရှောက်ခဲ့တဲ့အတွက် အရမ်းကျေးဇူးတင်ပါတယ်နော်”

ဖြူဖြူက ငွတ်ကြီးအတင်းကြီးပဲ ကျွန်တော်တို့ကို လက်ဖက်ရည်ဆိုင်တစ်ဆိုင်ထဲ ခေါ်လို့ လိုက်ခဲ့ကြရတော့တယ်။ လက်ဖက်ရည်ဆိုင်ဆိုပေမယ့် စားသောက်ဖွယ် အစုံအလင်ရတဲ့ ဆိုင်ကြီးတစ်ဆိုင်ပါ။

“ကဲ. . . ကြိုက်ရာ မှာကြပေတော့၊ ဖြူက ကျွေးမှာနော်”

ဆိုင်ထဲက စားပွဲဝိုင်းမှာ ထိုင်မိကြတာနဲ့ ဖြူဖြူက ပြောတယ်။

“ပေါ့ပေါ့ပါးပါးပဲ လက်ဖက်ရည်လောက်ပဲ သောက်မယ်ဗျာ ဒီအချိန်ကြီး ထမင်းစားရမှာလည်း မစားတတ်ပါဘူး၊ အဲဒီမှာ မှာထားနှင့်ပေါ့၊ ကျွန်တော် ဒီနားက ဂိတ်မှာ ကားလက်မှတ်ကလေး ပြေးဖြတ်ထားလိုက်ဦးမယ်”

သူတို့(၂)ယောက်ကို ဆိုင်ထဲမှာ ထားခဲ့ပြီး ကျွန်တော်လည်း နီးရာဂိတ်ကို ကားလက်မှတ် ပြေးဝယ်ထားလိုက်ရသေးတယ်။ ပြီးမှ သူတို့စားပွဲဆီကို ပြန်လာဝင်ထိုင်ရတယ်။

“သီရိက ပြောတယ်၊ ကိုနောင်ရိုးဇော်ကို ဖြူ့နံပါတ် ပေးထားတယ်တဲ့၊ အဲဒီဖုန်းကို လှမ်းဆက်လိုက်ပေါ့၊ ဒါဆို သီရိနဲ့ တွေ့ပြီလို့သာ အောက်မေ့ပေတော့”

“အိုကေပါ. . . သူ့ဓါတ်ပုံတွေက ကိုယ့်ဆီမှာလေ၊ ပုံတွေ ကူးပြီးရင် လှမ်းဆက်လိုက်မယ်၊ ကိုယ်လည်း အခုမှပဲ သက်ပြင်းချနိုင်တော့တယ်၊ နောက်ပိုင်းကိစ္စတွေကိုတော့ ဖြူတို့သူငယ်ချင်း(၂)ယောက် ဆွေး



ကြပြီပဲ၊ တိုင်တိုင်ပင်ပင် ဆက်လက်လှုပ်ရှားကြတော့ပေါ့၊ ကိုယ့်ရဲ့ ဘော်ဒီဂတ်တာဝန်ကတော့ ဒီမှာပဲ ဂျူတီချိန်းသွားပြီလေ”

သူတို့နှစ်ယောက် ရယ်ကြတယ်။ (၁၅)မိနစ်လောက်ကြာအောင် တွေရာလေးပါး စကားလက်ဆုံကျလိုက်ကြတာနဲ့တင်ပဲ ဖြူဖြူကလည်း ကျွန်တော်နဲ့ ရင်းနှီးသွားပါတယ်။

“ကဲ. . . နောက်မှ ပြန်ဆုံကြသေးတာပေါ့၊ ကားထွက်ချိန်နီးပြီ ကိုယ်က ခရီးဆက်ရဦးမယ်”

နာရီကို ကြည့်တော့ ကားထွက်ချိန်နီးနေပြီမို့ ကျွန်တော်ကပဲ နှုတ်ဆက်စကား ပြောလိုက်ရတယ်။

တစ်နာရီ တစ်စင်းနှုန်း ထွက်နေတာဆိုတော့ ကျွန်တော်ကလည်း ထွက်ခွာချိန် အနီးဆုံး ကားလက်မှတ်ကိုပဲ ဖြတ်လိုက်မိတာကိုး။

ဖြူဖြူက ကောင်တာကို ထသွားပြီး ကိတ်မုန့်တွေ တစ်ထုပ်ကြီး ယ်ချလာတယ်။ ရေသန့်ဘူးလည်း သီးသန့်တစ်အိတ်နဲ့ ဆွဲလို့။

“ကိုနောင်ရိုးဇော်က လက်ဖက်ရည်ကလေးပဲ သောက်သွားဆိုတော့ လမ်းကျရင် ဆာမယ်၊ ဒါကြောင့် ဝယ်ထည့်ပေးလိုက်တာ”

“ဟာ. . . မလုပ်ပါနဲ့၊ လမ်းကျ ကားက ထမင်းစားဖို့ ရပ်ပေးပါမယ်”

“ဒါက ကားပေါ်မှာ အဆာပြေ စားသွားဖို့လေ၊ မငြင်းရဘူး နောင်ရိုးဇော်”

“ဟုတ်တယ်. . . ယူ မဖြစ်မနေ ယူသွားရမယ်၊ ပြီးတော့ ခဏ နော်”

သူက ဝင်ပြောရင်း သူ့ရဲ့နံဘေးက ခုံမှာ တင်ထားတဲ့ ခရီးဆောင်အိတ်ရဲ့ဇစ်ကို ဆွဲဖွင့်လိုက်တယ်။ ပြီးတော့ အဲဒီအထဲက အညို စာအိတ်ခပ်ရွယ်ရွယ်တစ်လုံးကို ဆွဲထုတ်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါက မနေ့ညက ပုဂံမှာတုန်းကတည်းက တို့စီစဉ်ထားတာ အဲဒီအထဲမှာ ယူ့အတွက် တို့ ရေးထားတဲ့စာ ပါတယ်၊ ဒါပေမယ့် တစ်ခု တော့ ယူ ကတိပေးရမယ်၊ ဒီစာအိတ်ကို ယူ ရန်ကုန်က ကိုယ့်အိမ် ကိုယ့်ယာ ပြန်ရောက်ပြီးမှ ဖောက်ဖတ်ပါ့မယ်ဆိုတဲ့ကတိပဲ"

သူက စာအိတ်ညိုကို ကျွန်တော့ဆီ ကမ်းပေးရင်း ပြောတယ်။

"တကယ်လို့ အဲဒီကတိကို မပေးဘူးဆိုရင်ကော"

"ဒါဆိုရင်တော့ တို့ အရမ်းစိတ်မကောင်းဖြစ်ရမှာပေါ့၊ ယူက တို့ စိတ်မကောင်းဖြစ်ရမှာကို လိုလားလို့လား"

"အဲလိုကြီးတော့လည်း အကျပ်မကိုင်နဲ့လေ၊ ကဲ. . ကဲ. . မင်း စိတ်မကောင်းဖြစ်ရမယ်ဆိုရင်တော့ ကိုယ် ကတိပေးပါတယ်ကွာ၊ ကိုယ့် အိမ်ကိုယ့်ယာ ရောက်မှ ဖောက်ဖတ်ပါ့မယ်"

"အိုကေ. . . ရော့၊ ယူ ကတိတည်မယ်လို့ တို့ယုံကြည်ပြီးသား ပါ"

ကျွန်တော် သူပေးတဲ့ စာအိတ်ညိုကလေးကို လှမ်းယူပြီး ခရီး ဆောင်အိတ်ထဲ သေသေချာချာ ထည့်လိုက်တယ်။ သူက ဖြူဖြူ့ဘက် လှမ်းပြောတယ်။

"ကဲ. . . သွားကြစို့၊ ဒီတစ်ခါ တို့နှစ်ယောက်က သူ့ကို ပြ လိုက်ပို့ကြတာပေါ့နော် ဖြူ"

"နေစမ်းပါကွာ. . . တို့ကားဂိတ်က ဒီနားလေးတင်ပါ၊ မင်း နှစ်ယောက်သာ ဖြောင့်ဖြောင့်ဖြူးဖြူး သွားကြပါ၊ အိမ်ပြန်နောက်ကျ ပါဦးမယ်"

"ရပါတယ် ကိုနောင်ရိုးဇော်ရဲ့၊ ဖြူ့မှာ ကားပါ,ပါတယ်၊ ဖြူတို့ ခဏလေးနဲ့ အိမ်ပြန်ရောက်ပါတယ်"

သူတို့နှစ်ယောက်စလုံး ကျွန်တော်နဲ့အတူ လျှောက်လိုက်





ကြတယ်။

ကျွန်တော် ကားပေါ် တက်ပြီး ကိုယ့်ထိုင်ခုံကိုယ် နေရာယူပြီး ချိန်ကျမှ ဖြူဖြူက ရေသန့်ပုလင်းအိတ်နဲ့ မုန့်ထုပ်အိတ်ကြီးကို ကား ပြတင်းကနေ ငွတ်တရွတ် မယူမနေရ လှမ်းပေးနေလို့ လှမ်းယူလိုက်ရ တော့တယ်။

"ကဲ. . . သွားပြီနော်၊ ဖုန်းလိုင်းထဲမှာ တွေ့ကြသေးတာပေါ့"

"အိုကေ. . . အိုကေ၊ မင်းတို့လည်း ပြန်ကြပေတော့ကွာ"

ကျွန်တော့်ကို လက်ပြနှုတ်ဆက်ပြီး သူတို့ ပြန်ထွက်သွားကြ တယ်။

ခုမှပဲ ဝန်ထုပ်ဝန်ပိုးကြီးတစ်ခု ပခုံးပေါ်က ပြုတ်ကျသွားပေ တော့တယ်ဟဲ့လို့ စိတ်လွတ်လပ်ပေါ့ပါးသွားတယ်လို့ ထင်ကြရင်တော့ အကြီးအကျယ် မှားယွင်းသွားပါလိမ့်မယ်။

ကျွန်တော့်ကိုယ်ကျွန်တော်လည်း ပြန်အံ့ဩမိပါရဲ့။

ဟုတ်တယ်လေ။

ကျွန်တော့်မှာ အဲဒီအချိန်ကျတော့မှ ရင်ထဲမှာ အလွမ်းပန်းခင်း ကြီးက အပြိုင်းအရိုင်း ပွင့်လာလိုက်ကြတာ တမျှော်တခေါ်ကြီး။

နေရစ်ခဲ့ပေဦးတော့ ဂျစ်ပစီလေးရယ်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၄)

"အင်း. . . မင်းကတော့ ဇိမ်ပေါ့လေ၊ အထက်မြန်မာပြည် ထမိုး သင်ဝေထိုးခဲ့ရတာ အတော်မှ ပျော်ခဲ့ပါလေစ"

ကျွန်တော် အိမ်ကို ပြန်ရောက်ပြီး နောက်တစ်နေ့မနက်မှာပဲ နက်စောစော ကော်ဖီဝိုင်းမှာ ဆုံကြတော့ ကိုကိုကျော်က မေးတယ်။

"မပျော်ခဲ့ပေါင်ဗျာ. . . ပင်ပန်းခဲ့တာပါ၊ အဲဒီပင်ပန်းခဲ့သမျှက တစ်ပတ်လောက် အေးအေးဆေးဆေး အနားယူချင်ပေမယ့် မယူနိုင်ပါဘူး ကိုကိုကျော်ရေ၊ ရိုက်လာခဲ့သမျှ ဓါတ်ပုံတွေ ရွေးရကူးရဦးမယ်၊ ကိုကိုကျော်ရော ကျွန်တော်မရှိတဲ့ရက်တွေအတွင်း အေးရောအေး



www.burmeseclassic.com

www.burmeseclassic.com



ကြောင်းပဲ မဟုတ်လား"

"ငါ့ဟာငါကတော့ အေးရာအေးကြောင်းပါပဲ၊ ဒါပေမယ့် ဖေဖေ့အကြောင်းလည်း မင်းသိသားပဲ၊ ငါစိတ်မပါတဲ့ အိမ်ထောင်ရေးကိစ္စအတွက် သခွတ်ပင်က မီးတကျိုကျို လုပ်နေတာကတော့ အတော်ဆိုးတယ်ကွ၊ သူ့စိတ်ကူးက ငါ့ကို ဒီနှစ်ထဲမှာတင် အိမ်ထောင်မကျကျအောင် ချမယ်လို့ ပိုင်းဖြတ်ထားပုံ ရတယ်"

ကျွန်တော်ရယ်လိုက်တယ်။ ဖျတ်ခနဲလည်း သူ့ကို သတိရလိုက်မိတယ်။

"ဒါဆိုလည်း မထူးပါဘူး ကိုကိုကျော်ရာ၊ ကျွန်တော် လမ်းမှာတွေ့ခဲ့ရတဲ့ ကောင်မလေးလို အိမ်ပြေးလုပ်လိုက်တော့ပေါ့၊ ရယ်ရတယ် ကိုကိုကျော်ရေ၊ အခုတစ်ပတ် ကျွန်တော်အပြန်မှာ ကောင်မလေးတစ်ယောက်နဲ့ အတူတူ ပြန်ခဲ့ရတယ်၊ သူကလည်း ကိုကိုကျော့်လိုပဲ သူ့မိဘတွေက သူတို့လူကြီးချင်း သဘောတူထားတဲ့သူနဲ့ ပေးစားဖို့ကိစ္စကို လက်မခံနိုင်လို့ဆိုပြီး အိမ်က ထွက်လာတာတဲ့"

ကျွန်တော်က လမ်းမှာ ကျွန်တော်ကြုံခဲ့ရသမျှကို ပြန်ဖောက်သည် ချလိုက်တော့ ကိုကိုကျော် ရယ်တယ်။

"အင်း. . . လောကကြီးမှာ ငါ့လိုလူလည်း ရှိပါသေးရော၊ ထားပါတော့ကွာ. . . သူကတော့ မိန်းကလေးမို့ အိမ်ပြေးလုပ်ရတယ်ဆိုတာ ငါကျတော့ ယောကျ်ားလေးတန်မဲ့နဲ့ အိမ်ပြေးလုပ်ရမယ်ဆိုရင် လူကြားမကောင်းကွာ. . . ရှက်စရာကြီး၊ ဒါနဲ့ အဲဒီကောင်မလေးကကော တော်တော်အရုပ်ဆိုးလားကွ"

"ပေါက်ပေါက်ရှာရှာဗျာ. . . အလန်းစား အမိုက်စားဗျ၊ ကျွန်တော်တောင် သူ့ကို စွဲချင်သလိုလို ငြိချင်သလိုလို ရင်ထဲမှာ အီစီကလီဖြစ်မိတယ်၊ ပြည်မြို့မှာ သူ့ကို ထားခဲ့ပြီး ထွက်လာခဲ့ရချိန်မှာ ရင်ထဲမှာ





ဟာတာတာကြီး"

"ဒါနဲ့များကွာ. . . တစ်ခါတည်း အိမ်ခေါ်လာခဲ့ရင် ပြီးရော၊ အဖေရေ. . . အစ်ကိုကြီးကိုယ်စား ကျွန်တော်ပဲ အိမ်ထောင်ပြုလိုက်တော့မယ်၊ လိုက်တောင်းပေးပေတော့ဆိုရင် ပြီးပြီ၊ ငါ့ဘက်ကို လှည့်မလာတော့ဘူး"

"ဒီလို အလွယ်ခေါ်လို့ ရမလားဗျ၊ ကိုယ်ကမှ ကိုယ့်ကိုယ်ကို သေချာမဆုံးဖြတ်ရသေးတာ"

"အခုကော ဆုံးဖြတ်ပြီးပလား"

"အင်း. . . ကျွန်တော်တော့ သူ့ကို ချစ်မိပြီထင်တာပဲ၊ ခု ပြောရင်းကိုပဲ သူ့မျက်နှာကလေးကို ပြန်မြင်ယောင်နေမိတယ်"

"ဒါဆိုလည်း ကျေးဇူးရှင်. . . သွက်သွက်လက်လက်ကလေးနဲ့ နောက်ကားကျော်တက်နိုင်အောင် လုပ်စမ်းပါကွာ၊ ဘယ်ထောင့်က အားပေးရပေးရ ငါဝိုင်းကူပါ့မယ်"

ကိုကိုကျော်ကတော့ အဖေ့မြားဦး သူ့ဘက် မလှည့်ရင် ပြီးရောလို့ပဲ စိတ်တုံးတုံးချထားဟန်တူတယ်။

ကျွန်တော့်ကို အားတက်သရော တိုက်တွန်းပေတော့တယ်။

"ကျွန်တော်ကတော့ ကိုကိုကျော့်လို လုပ်မနေနိုင်ဘူး၊ ကိုယ့်ဘာသာကိုယ် ဆုံးဖြတ်ချက် ကျတာနဲ့ သူ့ကို ဖုန်းခေါ်ပြီး ဖွင့်ပြောချလိုက်မှာ၊ ကျွန်တော့်ဆီမှာ သူ့ဓါတ်ပုံတွေ ပါတယ်၊ ကူးပြီးလို့ ပုံတွေ ထွက်လာရင် ပြမယ်လေ. . . ကြည့်မလား"

"အင်း. . . ပြရင်တော့လည်း ကြည့်ရမှာပေါ့လေ၊ ကိုယ့်ဘာသာကိုယ် စဉ်းစားမှာဆိုရင်လည်း မြန်မြန်ထက်ထက် စဉ်းစားကွာ. . . မြန်မြန်လှုပ်ရှားကွာ"

"ကြိုက်ပြီဗျာ. . . ကိုယ့်ဘက်ကတော့ အားပေးသူရှိနေပြီ



www.burmeseclassic.com

www.burmeseclassic.com



စိတ်ချ. . . ပြီးမှ နောက်ကားကျော်တက်တယ် မလုပ်နဲ့”

“အိုးပင်းကြီးကို လမ်းဖွင့်ပေးထားတာ ကိုယ့်လူ”

ကော်ဖီဝိုင်းက ထလာခဲ့ပြီး ကျွန်တော့်အခန်းထဲ ပြန်ဝင်ခဲ့တယ်။ မနေ့ညကတော့ ခရီးပန်းတာနဲ့ မောမောနဲ့ အိပ်ပစ်လိုက်တာမို့ သူပေးလိုက်တဲ့ စာအိတ်ကလေးကိုတောင် မဖွင့်ရသေးဘူး။

ခရီးဆောင်အိတ်ထဲက သူ့စာအိတ်ညိုကလေးကို ထုတ်ယူလိုက်ရင်း “ကောင်မလေးရေ. . . မင်းကို ပေးထားတဲ့ကတိကို မင်းတွယ်ရာမှာလည်း ကိုယ်စောင့်ထိန်းတယ်နော်” လို့ စိတ်ထဲက လှမ်းပြောလိုက်မိတယ်။

သူ ဘာတွေ ရေးထားမှာပါလိမ့်. . . လို့ တွေးမိတော့ ရင်တွေခုန်လာတယ်။

စာအိတ်ကလေးကို ထိပ်ဘက်ကနေ ကတ်ကြေးနဲ့ ညှပ်ဖွင့်လိုက်တယ်။

ပြီးမှ အတွင်းက စာကို ဆွဲထုတ်လိုက်တော့ ကျွန်တော် အတော် အံ့အားသင့်သွားတယ်။

စာရွက်ဖြူဖြူကလေးတွေ ပတ်ထားတဲ့ ၅၀၀ဝိ/ကျပ်တန်တွေ ရေကြည့်လိုက်တော့ အရွက်(၂၀)တိတိ။ ကျပ်တစ်သိန်းတိတိ။ စာရွက်ကလေးပေါ်မှာက သူရေးထားတဲ့ စာကြောင်းအနည်းငယ်။

ထိုထို

တစ်သမ်းလုံး တိုတိုတစ်ထောက်ထည်း အိတ်စိုက်သုံးလောလို့ ဘယ်ရမလဲ။

တထယ်တမ်းဆို တို့တာဝ တချဲ့သင့်တာပါ။





တို့ကစပြီး တိုတိုတို မွေးစားခဲ့တာ မဟုတ်လား။

ဒီအတိုင်း ထုတ်ပေးရင် တိုတိုတ ဖြစ်နေမှာကို ကြိုသိလို့ ခုလို စီစဉ်လိုက်ရတာပါ။

ကညီစောင့်ရှောက်မှုတွေအတွက် အမြဲသတိရ ကျေးဇူးတင်နေမှာပါ။

မေ့သွားမှာ မဟုတ်တဲ့...

ညီမလေး (ပိုသိရိမ့်)

“ဟူး”

ကျွန်တော့်ဆီက သက်ပြင်းတစ်ရှိုက် ပြေးထွက်သွားတယ်။

ချက်ချင်းပဲ စိတ်ထဲက ပြောလိုက်မိတယ်။

“မင်းနဲ့တို့နဲ့ကတော့ အဲဒီငွေတစ်သိန်းကြောင့်ကိုပဲ မဖြစ်မနေ ပြန်တွေ့ကြရတော့မယ် ကောင်မလေးရေ”

ဒီငွေကို ကျွန်တော်လက်မခံချင်ဘူးလေ။

သူပေးထားတဲ့ဖုန်းကို ချက်ချင်းပဲ ခေါ်လိုက်တယ်။ ကျွန်တော် ကံကောင်းပါတယ်။

ဆက်သွယ်ရေး ဧရိယာပြင်ပကို သူတို့ ရောက်မနေကြဘူးလေ။

“ဟဲလို”

“အခု စကားပြောနေတာ ဖြူဖြူလား၊ ကျွန်တော်ပါ. . . နောင်ရိုးဇော်ပါ”

“သြော်. . . ဟုတ်ပြီ ကိုနောင်ရိုးဇော်၊ ပြော”

“ဖြူဖြူ့သူငယ်ချင်း အိမ်ပြေးနဲ့ စကားပြောချင်တာ”

“အဲ. . . သီရိမေမေနဲ့အတူ ဈေးကို လိုက်သွားတယ် ကိုနောင်ရိုးဇော်ရဲ့၊ ပြောလေ. . . ဖြူဖြူ့ကို မှာထားလည်း ဖြစ်တယ်၊ သီရိနဲ့မှ



www.burmeseclassic.com

www.burmeseclassic.com



ပြောချင်တယ်ဆိုလည်း နောက်တစ်နာရီလောက်ကျမှ ထပ်ခေါ်လိုက်”

“ဟုတ်ပြီ. . . နောက်တစ်နာရီလောက်ထိ စောင့်မနေတော့ဘူးဗျာ၊ ဖြူဖြူ့ကိုပဲ ပြောမယ်၊ ဖြူဖြူ့ သူငယ်ချင်းလုပ်ပုံက အရမ်းဆိုးတာပဲဗျ”

“ရှင်. . . ဘာကို ဆိုးတယ်လို့ ပြောတာလဲ”

“ဒီလိုပါ. . . သူပေးတဲ့စာအိတ်ကို ဖွင့်လိုက်တော့ ငွေတစ်သိန်း ထွက်လာတယ်၊ အဲဒါ. . . ”

ဖြူဖြူ့ရယ်သံ ထွက်လာတယ်။

“သြော်. . သိပြီ. . သိပြီ၊ သီရိက ပြောပါတယ်၊ စာအိတ်ဖွင့်ပြီးရင်တော့ ကိုနောင်ရိုးဇော် စိတ်များဆိုးမလား မပြောတတ်ဘူးတဲ့”

“စိတ်မဆိုးပါဘူး. . . စိတ်မကောင်းဖြစ်သွားတာပါ၊ ကျွန်တော်ဖြူဖြူ့စင်စင် ကူညီခဲ့တာကို အရောင်ဆိုးခံလိုက်ရသလိုပဲ၊ စေတနာကို တန်ကြေးဖြတ်ခံလိုက်ရသလိုပဲဗျာ”

“အဲ. . . အဲဒီသဘောမျိုးတော့ မဟုတ်ပါဘူး ကိုနောင်ရိုးဇော်ရယ်၊ သီရိက အဲလောက်မရိုင်းပါဘူး၊ ဒါပေမယ့် ပြောင်ဖွင့်ပြောပြီးပေးဖို့ကျလည်း ဘယ်လိုမှ ပြောမထွက်လို့ လုပ်ခဲ့တာလို့ ပြောပါတယ်”

ကျွန်တော် ရယ်လိုက်တယ်။

“မဟုတ်တာပဲဗျာ. . . သူပြန်လာရင် ပြောလိုက်ပါ၊ (၃)ရက်စာ ဘော်ဒီဂတ်ခက များလွန်းတယ်၊ သူပေးထားတဲ့ ငွေတန်ကြေးနဲ့ ညီမျှအောင်ဆိုရင် တစ်သက်လုံး ဘော်ဒီဂတ် လုပ်ပေးမှ ဖြစ်မယ်လို့”

ဖြူဖြူက ရယ်ပြန်တယ်။

“အဲဒါက တကယ်ပြောတာလား၊ အမြင်ကတ်ကတ်နဲ့ ရွဲ့ပြောတာလား”

“တကယ်ပြောတာ ဖြူဖြူ မွေးစားကိုကိုဆိုရင်လည်း တစ်သက်





လုံး မွေးစားပေးနိုင်မလားလို့သာ မေးလိုက်တော့၊ ကျွန်တော် သူ့ကို အရမ်းသတိရနေတယ်”

“သီရိကလည်း ထပ်တူပါပဲ၊ ခင်ဗျားအကြောင်းတွေ ခုထိ ပြောမပြီးသေးဘူး”

“အိုကေ. . . နောက်တစ်နာရီလောက်မှာ ဖုန်းပြန်ခေါ်မယ်၊ စောင့်နေပါလို့ ပြောပေးပါ”

“ဟုတ်ပြီ ကိုနောင်ရိုးဇော်. . . ဒါပဲနော်”

“အိုကေ. . . အိုကေ”

အဲဒီနောက် ဓါတ်ပုံတွေ ကူးဖို့ ကျွန်တော် အိမ်က ထွက်ခဲ့တယ်။



www.burmeseclassic.com




www.burmeseclassic.com



# အခန်း(၁၅)

**တစ်**လမ်းလုံး စဉ်းစားလာခဲ့မိတယ်။

ဖြူဖြူ့ကို ပြောလိုက်တဲ့ ကျွန်တော့်စကားတွေ လွန်များ သွားပြီလားလို့။ ဖြူဖြူက သူ့ကို ပြန်ပြောမှာ သေချာတယ် မဟုတ်လား။

ဒါပေမယ့် ခက်တယ်။

ကိုယ့်ကိုယ်ကို ပြန်စဉ်းစားလိုက်တော့ ကိုယ့်ပြောင်းလဲမှုကို ကိုယ်အသိဆုံးပဲဟာ။

ဟုတ်တယ်။

ကျွန်တော့်ဘဝမှာ မိန်းကလေးတစ်ယောက်ကို မျက်စိထဲက ပျောက်ထုတ်ပစ်လို့မရအောင် စွဲငြိနေမိတာမျိုး မရှိခဲ့ဖူးဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဓါတ်ပုံသမားတစ်ယောက်အနေနဲ့ ချော့ပေ့ လှပေ့ လန်းပေ့ ဆိုတဲ့ မိန်းမလှလေးတွေ အများကြီး ကြုံခဲ့ရဖူးတယ်။

အလှဓါတ်ပုံတွေကို ပုံစံအမျိုးမျိုးနဲ့ အများကြီး ရိုက်ခဲ့ရဖူးတယ်။

ဒါပေမယ့် တစ်ဦးတစ်ယောက်ကိုမှ ဒီလို မျက်စိထဲ စွဲမြဲနေတာမျိုး မကြုံခဲ့ဖူးဘူး။

အခုတစ်ခါတော့ ဆန်းကြယ်နေတယ်။

ဒီအကြောင်းကို စဉ်းစားမိလိုက်တာနဲ့ပဲ ကျွန်တော် သူ့ကို အရမ်းကြီး လွမ်းလာမိတော့တယ်။

ဟုတ်ပါတယ်။ အဲဒါ သူ့ကို ကျွန်တော် သာမန်စိတ်ထားမျိုးထက်ပိုပြီး ထဲထဲဝင်ဝင် စွဲလမ်းနေမိလို့ပဲပေါ့။

သူ့ကို ချစ်နေမိလို့ပဲပေါ့။

အဲသလို ဆုံးဖြတ်ချက် ချလိုက်မိရုံနဲ့တင် ရင်တွေ တဒိုင်းဒိုင်း ခုန်လာတယ်။

ရင်ခုန်သံဟာ အချစ်ရဲ့သက်သေခံ ဘက်တော်သားပဲလေ။

ကောင်မလေးရေ. . .

တို့ မင်းကို ချစ်နေမိခဲ့ပြီဆိုတာကို မင်းနဲ့ ခွဲခွာခဲ့ပြီးမှ သိခွင့်ရခဲ့တာပါ။

ဖြူဖြူကို ပြောခဲ့မိလိုက်တဲ့စကားတွေအတွက် ကျွန်တော် မမှားခဲ့ဘူးလို့ ကိုယ့်ကိုယ်ကို ပြန်အားပေးလိုက်တယ်။

ချစ်မိသွားပြီ. . လို့ ကိုယ့်ကိုယ်ကို ဝန်ခံလိုက်မိပြီးတာနဲ့ပဲ တစ်ဆက်တည်း ရင်ထဲကို ဆက်ဝင်လာတာက စိုးရိမ်ကြောင့်ကြမှုတွေပါ။

တကယ်တော့ သူက မရည်ရွယ်ပေမယ့် သူ့မိဘတွေက သဘောတူညီထားတဲ့ သတို့သား ရှိနေနှင့်ပြီးသား မိန်းကလေးတစ်ယောက် မဟုတ်လား။





သူ့ပုန်းခိုရာ ဝပ်ကျင်းကို သူ့မိဘတွေက ရှာဖွေတွေ့ရှိသွားပြီးပြီဆိုရင် သူ့ရှေ့အနာဂတ်က မှန်းဆလို့ မရတော့ဘူး။

'အလာကောင်းပေမယ့် အခါနှောင်းသွားပြီ' ဆိုတဲ့ဇာတ်လမ်းမျိုးနဲ့ ကျွန်တော်နဲ့ ထိပ်တိုက် တိုးသွားနိုင်တယ် မဟုတ်လား။

သည်တော့ အမြန်ဆုံး ဖွင့်ပြောလိုက်တာက အကောင်းဆုံးပဲဆိုတဲ့အဖြေကိုပဲ ကျွန်တော် ရတယ်။

အဲဒီအဖြေအတိုင်းပဲ ဆောင်ရွက်ဖို့ ကျွန်တော် ဆုံးဖြတ်ချက်ချလိုက်ရပါတယ်။

ကျွန်တော့်ဓါတ်ပုံစတူဒီယိုကို ရောက်တော့ ချက်ချင်းပဲ သူ့ပုံတွေကို ကူးတယ်။

ဒစ်ဂျစ်တယ်ဆိုတော့ သိပ်မကြာလှပါဘူး။

အာနန္ဒာဘုရား၊ သဗ္ဗညုဘုရား၊ ကန်တော့ပလ္လင်ဘုရားတွေမှာ သူ ညွတ်ညွတ်နူးနူး ဘုရားအာရုံပြုနေတဲ့ဓါတ်ပုံတွေ ထွက်လာတယ်။

ကျွန်တော်ဟာ အဲဒီဓါတ်ပုံလေးတွေထဲက သူ့ပုံရိပ်တွေကို ငေးငေးရီရီ ကြည့်ရင်း ပုဂံကို ပြန်ရောက်သွားတယ်။

ဒီတစ်ကြိမ် ပြန်ရောက်သွားရတာကတော့ သူ့ကို လွမ်းတဲ့စိတ်၊ သတိရတဲ့ တမ်းတမှုကလေးတွေပါ ရောယှက်ပျော်ဝင်လို့ပါ။

သူ့ခွင့်ပြုချက်ကို တောင်းခံပြီးမှ စိတ်တိုင်းကျ ရိုက်ယူခဲ့တာဆွဆိုတော့ သူ့ပုံတွေက အယ်လ်ဘမ်တစ်အုပ်စာလောက် ရှိမယ်။

ပုံတိုင်းပုံတိုင်းဟာ သတိရ တမ်းတစိတ်ကို နှိုးဆွပေးနေနိုင်စွမ်းရှိလွန်းလှပါတယ်။

ကိုယ့်အနေအထားကို ကိုယ်ပြန်တွေးလိုက်တော့ ကျွန်တော် ရယ်ချင်သွားတယ်။

ကျွန်တော် ကျဆုံးသွားခဲ့ပြီလား။



www.burmeseclassic.com

www.burmeseclassic.com



ဟိုတုန်းကတော့ ဝါသနာပါ စုစိုက်တဲ့ ပြိုင်ပွဲဝင်ဓါတ်ပုံတွေကို ချည်း အမြဲဦးစားပေးခဲ့တဲ့ ကျွန်တော်ဟာ သည်တစ်ခါမှာကျမှ အထက် မြန်မာပြည်မှာ ရိုက်လာခဲ့သမျှ ပြိုင်ပွဲဝင်ဓါတ်ပုံတွေကို မေ့ထားပြီး သူ့ ဓါတ်ပုံတွေကိုပဲ ပထမ ဦးစားပေးပြီး ကူးနေခဲ့မိပါပကောလား။

ကောင်မလေးရေ. . .

မင်းဟာ ဘယ်အချိန်ကများ ငါနဲ့ ပတ်သက်ပြီး ပထမနေရာကို ရယူသိမ်းပိုက်လိုက်ရတာလဲကွယ်။ သူ့ဓါတ်ပုံကလေးတွေကို တစ်ပုံပြီး တစ်ပုံ ငေးကြည့်ရင်း တငွေ့ငွေ့ ရင်ခုန်နေတုန်းမှာပဲ ကျွန်တော့်ရဲ့ ဟမ်းဖုန်းက တီးလုံးသံကလေး ထွက်လာတယ်။

"ဟဲလို. . . နောင်ရိုးဇော်ပါ"

"ကိုကို ဒေါ်ပွနေတယ်ဆို"

ကျွန်တော့်ရင်ထဲ နွေးခနဲ ဖြစ်သွားတယ်။

သူ့အသံကို ကျွန်တော် ချက်ချင်းမှတ်မိလိုက်တယ်။ သူ့နာမည် ကလေးလည်း အလိုလို ကျွန်တော်ခေါ် လိုက်မိတယ်။

"သီရိ"

"ဟုတ်ပါတယ် ကိုကို၊ ကိုကို မှတ်မိသားပဲ"

သူ့အသံကို နားထောင်ရင်း ကျွန်တော့်ဆီ ဖုန်းပြောရင်းက ပြုံးနေမယ့် သူ့အပြုံးကို မှန်းဆမြင်ယောင်လာတယ်။

"အမြဲသတိရနေမှာပါလို့ ပြောခဲ့ပြီးသားပဲလေ၊ အင်း. . . မင်း အသက်ရှည်ဦးမယ်"

"ဘာဖြစ်လို့လဲ"

"အခုပဲ သီရိရဲ့ဓါတ်ပုံတွေ ကူးရင်း အဲဒီဓါတ်ပုံတွေကို ကြည့် ရင်း ကိုယ့်စိတ်တွေ မင်းဆီ ရောက်နေတာ၊ အဲဒီအချိန်မှာပဲ မင်းဆီက ဖုန်းဝင်လာတာပဲ"





"ဟယ်. . . ဟုတ်လား၊ တို့ဓါတ်ပုံတွေ ရနေပြီလား"

"ဟုတ်တယ်. . . သိပ်တောင် မကြာသေးဘူး"

"ကွက်ခြောက်ဖို့ အဆင်ပြေသွားပြီပေါ့လေ. . . ဟုတ်လား"

သူက ရယ်သံတစ်ဝက်နဲ့ ပြောတယ်။

"မဟုတ်ဘူးကွ၊ အဲ. . . မင်း ကိုယ့်ကို ပြောခဲ့ဖူးတဲ့စကား တစ် ခွန်းကို မှတ်မိလား"

"ဘယ်စကားများပါလိမ့်"

"ပခုက္ကူမှာ မြို့ပေါ် တက်ပြီး ညစာစားကြတုန်းက ပြောဖြစ်ခဲ့ တာလေကွာ၊ အဲဒီတုန်းက မင်းက မေးတယ်လေ၊ 'ယူရော ရင်ခုန်ဖူး လား' ဆိုတာ"

"အင်း. . ဟုတ်တယ်. . ဟုတ်တယ်၊ မှတ်မိပြီ"

"အဲဒီတုန်းက တို့ ဘယ်လိုဖြေခဲ့သလဲဆိုတာကော မှတ်မိလား"

"ဟင့်အင်း"

"အဲဒီတုန်းက တို့ဖြေခဲ့တယ်လေ၊ 'သိပ်ခုန်ဖူးတာပေါ့ကွာ. . . ဓါတ်ပုံကောင်းတွေ မြင်ရတဲ့အခါ' လို့"

"အင်း. . . ဟုတ်သားပဲ"

"အင်း. . . အခုလက်ရှိမှာလည်း ကိုယ် သီရိရဲ့ဓါတ်ပုံတွေ ထိုင် ကြည့်ရင်း ရင်တွေ အရမ်းခုန်နေတယ်ကွာ"

"ဟင်. . . ဘယ်သူက စစ်ဆေးမေးမြန်းနေလို့လဲ"

"မမေးခင်ကတည်းက ဖြောင့်ချက်ပေးချင်နေတာပါ၊ အခု တော အဲဒီမှာ နေရထိုင်ရ အဆင်ပြေတယ် မဟုတ်လား"

"ပြေပါတယ်. . . အိမ်က ခြေရာမခံမိခင်အထိတော့ ပြေနေ မှာပဲ"

"တစ်သက်လုံး ရှောင်ပြေးနေလို့ ရနိုင်ပါ့မလား သီရိရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရနိုင်သလောက်အထိတော့ ငြိမ်းငြိမ်းအေးအေးပါပဲ"

"သီရိ"

"ပြောပါ ကိုကို. . . ဘာပြောမလို့လဲ"

"ကိုယ် သီရိနဲ့ ခွဲခွာလာခဲ့ပြီးမှ ကိုယ့်ကိုယ်ကို ပြန်သိတယ်၊ ကိုယ် သီရိကို ချစ်ခဲ့မိပြီ"

သူ့ဆီက တုန့်ပြန်စကားသံ ထွက်မလာဘဲ အတော်ကြာကြာ ငြိမ်သက်သွားတယ်။

"အံ့ဩသွားတာလား သီရိ၊ ကိုယ် တကယ်ပြောနေတာပါ။ ခုလို လူချင်း အနီးကပ် မရှိတဲ့အချိန်မှာ ပြောရတာကောင်းတယ်၊ မျက်နှာပူဖို့ မလိုတော့ဘူးပေါ့"

"တို့ ဘယ်လိုယုံရမလဲ၊ ယူ ဆုံးဖြတ်တာ မမြန်လွန်းဘူးလား"

"ဘယ်နှလ၊ ဘယ်နှနှစ်၊ ဘယ်နှရက်ကြာကြာ ဆိုင်းထားပြီး ပြောမှ အချစ်မည်တယ်လို့ ဘယ်သူက သတ်မှတ်ထားခဲ့လို့လဲ သီရိရယ်၊ သီရိနဲ့ကိုယ်နဲ့ ခွဲခဲ့ကြပြီးတဲ့အချိန်တွေကို စက္ကန့်တွေနဲ့ တွက်ရင် အများကြီး၊ တစ်စက္ကန့် ညီမျှခြင်း တစ်နာရီအဖြစ်ပဲ ပြောင်းခံစားလိုက်ဦး. . . ကြာခဲ့လှပြီပေါ့"

ကျွန်တော့်အသံက တကယ့်ကို လှိုက်လှိုက်လှဲလှဲ လွမ်းလွမ်းမောမောကြီး ဖြစ်နေတယ်။ သူ စကားမပြန်ပါဘူး။

"သီရိ. . . တစ်ခုခု ပြန်ပြောပါဦး"

"အင်း. . . ပြောချင်တယ်၊ ဘာပြန်ပြောရမှန်းမသိ ဖြစ်နေလို့"

"ကိုယ့်ကို တစ်သက်စာ ဘော်ဒီဂတ်ရာထူး ပေးလိုက်ဖို့ စဉ်းစားပေးပါလား၊ ကိုယ် တကယ် လေးလေးနက်နက် တောင်းဆိုနေတာ ဘာကြောင့်လဲဆိုတော့ ကိုယ့်အခြေအနေက ရေထဲမိုးထဲ လှိုင်းကြီးလေထန် အနေအထားကြီးထဲမှာမို့လို့ပါ"





"ဘာကို ဆိုလိုတာလဲဟင်"

"စဉ်းစားကြည့်လေ. . . သီရိမှာက မိဘ သဘောတူထားတဲ့သူ ရှိနေပြီးသားဆိုတာ ကိုယ်က သိထားရတာကိုး၊ ဒါကြောင့် အချိန်ဆိုင်းမနေဘဲ ချက်ချင်းဖွင့်ပြောတာပါ။ ကိုယ့်ကို စဉ်းစားပေးပါလားဟင်"

(၁၅)စက္ကန့်လောက် ခြားပြီးတော့မှ သူ့ဆီက လေသံခပ်တိုးတိုးတလေး ထွက်လာတယ်။

"အင်း. . . တို့ စဉ်းစားမယ်လေ၊ ယူ့ကိုတော့ တို့ ပစ်ပစ်ခါခါ သဘောမျိုး မထားခဲ့ပါဘူး"

"ဝမ်းသာလိုက်တာ သီရိရယ်၊ ကိုယ် ရင်ခုန်မျှော်လင့်နေမယ်နော်၊ ပြီးတော့ လောလောဆယ် သီရိ ခိုလှုံနေတဲ့ လိပ်စာအတိအကျ ကိုယ့်ကို ပေးပါလား"

"ဘာလုပ်မလို့လဲ"

"ကိုယ် လာခဲ့ချင်လို့ပေါ့၊ သီရိရဲ့ဓါတ်ပုံတွေ လာပေးဖို့ ရှိတယ်၊ ပြီးတော့ ကိုယ်သဘောမတူဘဲနဲ့ ညစ်ပြီးပေးတဲ့ ဘော်ဒီဂတ်ခ ငွေတစ်သိန်းကိုလည်း ပြန်လာပို့ချင်တယ်၊ ဟော့. . အဲဒါတော့ လုံးဝလက်မခံနိုင်ဘူးနော်၊ ရင်ထဲမှာ တကယ့်ကို စိတ်မကောင်းဖြစ်မိတာ"

သူက ရယ်သံတစ်ဝက်နဲ့ ကျွန်တော့်ကို နောက်တယ်။

"ဘာလဲ. . . ယူ့အတွက် နည်းသွားလို့လား"

"ဟုတ်တယ်. . . နည်းတယ်၊ မင်းရဲ့အချစ်နဲ့ နှိုင်းစာလိုက်ရင် မြူတစ်မှုန်စာလောက်တောင် မရှိဘူး၊ ကိုယ်က မင်းအချစ်ကိုပဲ လိုချင်တာ"

"ယူ ဘယ်လိုဖြစ်နေတာလဲ၊ အခုမှ နေ့ချင်းညချင်းကြီး ရောဂါ အသည်းအသန်ကြီး တက်နေတယ်ဆိုတော့ သိပ်သဘာဝ မကျဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



"တစ်ခါမှ မဖြစ်ခဲ့ဖူးတဲ့ရောဂါဆိုတော့ အတက်မြန်တာ ဆန်းသလား သိရိရယ်၊ ကဲ. . . လုပ်ပါ။ တို့ကို အဲဒီက လိပ်စာပေး၊ ကိုယ် ရောက်အောင်လာခဲ့မယ်၊ အရမ်းတွေ့ချင် စကားပြောချင်နေတယ်"

"နေပါဦး. . . ယူ့ တကူးတကကြီး ထလာရမှာဆိုတော့ ပင်ပန်းပါတယ်၊ အလုပ်လည်း ပျက်မယ်၊ ဖြူဖြူရဲ့အလုပ်ကိစ္စတစ်ခုနဲ့ ဒီရက်ပိုင်းထဲမှာပဲ ရန်ကုန်ကို ဆင်းလာဖို့ရှိတယ်၊ ခဏလေးနော်. . . တို့ ဖြူဖြူကို မေးလိုက်ဦးမယ်"

အဲဒီနောက် သူက ဖြူဖြူကို သွားမေးဟန်တူပါတယ်။

ကျွန်တော် ခဏကြာကြာလေး စောင့်နေလိုက်ရတယ်။

"ယူရေ. . . အပင်ပန်းခံပြီး ပြည်ကို လာမနေနဲ့တော့၊ လာမယ့် တနင်္ဂနွေမှာ ရန်ကုန်ကို ရောက်လာဖို့ရှိတယ်၊ ဖြူဖြူ အလုပ်ကိစ္စအတွက် ဆင်းလာချိန်မှာ တို့ကိုပါ လိုက်ခဲ့ဖို့ ပြောထားတာ၊ အဲဒီတော့မှ တွေ့ကြတာပေါ့၊ တို့လည်း ယူနဲ့ တွေ့ချင် စကားပြောချင်ပါတယ်"

ကျွန်တော် လှိုက်ခနဲ ဝမ်းသာသွားရတယ်။

"အိုကေကွာ. . . တနင်္ဂနွေနေ့ဆိုတော့ ကြားထဲမှာ (၄)ရက်ပဲ လိုတော့တာပဲ၊ ပြော. . . ဘယ်အချိန် ဘယ်မှာ လာကြိုရမလဲ၊ အဝေးပြေးဂိတ်လား. . . ဘူတာလား"

"ဟင့်အင်း. . . အဲဒါတော့ တို့မပြောတတ်ဘူး၊ ဖြူဖြူ ကြည့်စီစဉ်ပါလိမ့်မယ်၊ ယူလည်း အလုပ်ရှုပ်ခံပြီး ဘယ်ကိုမှ လာကြိုမနေပါနဲ့ ယူပေးထားတဲ့ ဗစ်ဇစ်တင်းကတ် ရှိနေပြီးသားပဲ၊ တို့ဘာသာတို့ ရောက်လာခဲ့မှာပေါ့"

"ဘယ်လိုဖြစ်သွားရတာလဲကွာ. . . စောစောကလို ကိုကိုလို့ မခေါ်တော့ဘဲ 'ယူ' ပြန်ဖြစ်သွားတော့ ပြန်အလှမ်းဝေးသွားသလို ခံစားရတယ်"



ကျွန်တော်က ကြားဖြတ်ပြီး ပြောလိုက်တော့ သူက ရယ်တယ်။

"တို့ စိတ်လှုပ်ရှားနေလို့ 'ကိုကို' ခေါ်လိုက် 'ယူ' ခေါ်လိုက် ဖြစ်နေမိတာပါ။ အင်း. . . ဟုတ်တယ်နော်၊ အမြီးတစ်ပိုင်း ခေါင်းတစ်ပိုင်း ဖြစ်နေပြီ"

"သွားရော. . . ခုမှ ပိုဆိုးသွားပြီ၊ တို့လည်း တိရစ္ဆာန်စာရင်းထဲ လုံးလုံးရောက်ကရော"

"ဟာ. . . ကန်တော့. . ကန်တော့. . ကိုကို၊ အဲလို မရည်ရွယ်ပါဘူး"

"ကန်တော့ဆိုတော့ သာဓု. . သာဓု. . သာဓုပါဗျာ၊ ထွက်လာခဲ့မယ့်နေ့ကိုတော့ ဖုန်းတစ်ချက် လှမ်းဆက်ပါဦးနော်၊ ကိုယ် ကြိုသိထားပါရစေ၊ ပြီးတော့ ကိုယ့်ကို အဖြေပေးဖို့လည်း တရားဝင် စဉ်းစားထားပါဦး၊ တကယ့်ကို တရားဝင် ချစ်ခွင့်ပန်တာနော်၊ အလေးအနက်. . . အလေးအနက်"

"ရပါပြီ ကိုကို၊ ဒါပဲနော်. . . ဖုန်းပိတ်လိုက်တော့"

"အိုကေ. . . အိုကေ"

သူနဲ့ ဖုန်းပြောပြီးတဲ့နောက်မှာ ကျွန်တော် ဓါတ်ပုံခန်းထဲ ပြန်ဝင်ခဲ့တယ်။ သူ့ဓါတ်ပုံတွေကို လောဘတကြီး ထပ်ကူးတယ်။

သူ့ကို ပေးဖို့ အယ်လ်ဘမ်တစ်အုပ်စာ၊ ကျွန်တော်သိမ်းထားဖို့ သတိရတိုင်း အမြဲကြည့်ဖို့က အယ်လ်ဘမ် တစ်အုပ်စာလေ။

အိမ်ကို ပြန်ရောက်တော့ ညစာထမင်းစားပြီးကြတာနဲ့ပဲ ကိုကိုကျော့်ကို ကျွန်တော့်အိပ်ခန်းထဲ အသည်းအသန် ခေါ်မိတော့တာပဲ။

"သူခိုးရွှေရ တပြုံးပြုံး" ဆိုတဲ့ စကားပုံကိုသာ ပြေးသတိရမိတော့တယ်။

သူ့ဓါတ်ပုံ အယ်လ်ဘမ်ကလေးကို ပြပြီး ကြွားချင်နေမိပုံ ပြော

www.burmeseclassic.com

www.burmeseclassic.com



ပါတယ်။

ကိုကိုကျော်က သူ့ဓါတ်ပုံအယ်လ်ဘမ်ကလေးကို တစ်မျက်နှာပြီး တစ်မျက်နှာ လှန်ကြည့်ရင်း မှတ်ချက်ချတယ်။

"အင်း. . . ကောင်မလေးက မဆိုးလှပါဘူး၊ ကြည့်ပျော်ရှုပျော်တလေးပါပဲ"

ကျွန်တော် အောင့်သက်သက်ဖြစ်သွားတယ်။

"လှတယ်လို့ ပြောစမ်းပါ ကိုကိုကျော်ရာ၊ ကျွန်တော်ကဖြင့် ဒီနေ့ပဲ သူ့ကို ဖုန်းထဲကနေ ချစ်တဲ့အကြောင်း ဖွင့်ပြောလိုက်ပြီ"

"ဟေ. . . တယ်ဟုတ်ပါလား"

"နေ့နေလို့ မဖြစ်ဘူးဗျ၊ သူ့မှာက နောက်ကြောင်းက အေးရတာ မဟုတ်ဘူး၊ ဒါကြောင့် မြန်မြန်ဆန်ဆန် ဖွင့်ပြောလိုက်ရတာ"

"အဲဒီတော့ သူက ဘာပြောလဲ"

"စဉ်းစားပါ့မယ်. . တဲ့ဗျ"

ကိုကိုကျော်က ဓါတ်ပုံတွေ တစ်ပုံပြီးတစ်ပုံ ကြည့်ရင်းက ခေါင်းတညိတ်ညိတ်နဲ့ ပြောတယ်။

"ကောင်းပါတယ်ကွာ. . . မြန်မြန်အဆင်ပြေကြပါစေ၊ အေးလေ. . . မင်းကတော့ မင်းကြွေနေတဲ့ကောင်မလေးဆိုတော့ ဘယ်လိုကြည့်ကြည့် လှမှာပေါ့ကွာ၊ ဥမ္မာဒန္တီ ပပဝတီ ရှုံးနေမှာပေါ့၊ ငါ့အမြင်ကတော့ မထူးလှပါဘူးကွာ၊ ကြည့်ပျော်ရှုပျော်ပါပဲ၊ အဲ. . . နေဦး"

ပြောရင်းက စကားပြတ်သွားပြီး ကိုကိုကျော်က ဖျတ်ခနဲ ပေါ်လာတဲ့ နောက်စာမျက်နှာပေါ်က သူ့ဓါတ်ပုံကို မျက်မှောင်ကျုံ့ပြီး သေသေချာချာ ကြည့်တယ်။

"ဟော့ကောင်. . . ဒီပုံကလေးကတော့ အတော့်ကို အသက်ဝင်တယ်ကွ၊ ကောင်မလေး လှတာမလှတာကို ပြောတာမဟုတ်ဘူး





ကောင်မလေး ဘုရားအာရုံပြုနေပုံရယ်၊ သူ့ရှေ့က အလင်းတိုင်၊ ပန်းရေချမ်းတွေရယ်၊ အလင်းအမှောင် ကစားထားပုံရယ်က တော်တော်ဟာမိုနီဖြစ်တယ်၊ ရစ်သမ်မိနေတယ်၊ ဓါတ်ပုံရဲ့ဖွဲ့စည်းမှုကို ပြောနေတာ၊ မင်း သူ့ဆီက ခွင့်ပြုချက်ရရင် ပြိုင်ပွဲဝင်ဖို့တောင် ကောင်းတယ်"

အရေးထဲ ကိုကိုကျော်က ဓါတ်ပုံဝေဖန်ရေးဆရာလုပ်ပြီး အကြံဉာဏ် ပေးနေသေးတယ်။

အာနန္ဒာလိုဏ်ဂူတော်ကြီးထဲမှာ ရိုက်ခဲ့တဲ့ဓါတ်ပုံပါ။

နောက်ဘက်တစ်ပြင်လုံးက အမှောင်ရိပ်ကျနေပြီး သူ့ရှေ့ဘက်က ပူဇော်ထားတဲ့ အလင်းတိုင်ရဲ့အရောင်ပြန်ဟပ်မှုကြောင့် သူ့မျက်နှာကလေးနဲ့ လက်အုပ်ချီထားပုံက အလင်းအမှောင် ရစ်သမ်မိနေလို့ ပန်းချီကားတစ်ချပ်လို ကြွရွအသက်ဝင်နေတယ်။

"ဟာ. . . ကိုကိုကျော်ကလဲ၊ ကျွန်တော်က ဓါတ်ပုံပြိုင်ပွဲဝင်ဖို့ အကြံဉာဏ် လာတောင်းခံနေတာ မဟုတ်ဘူးဗျ၊ ကိုယ့်ကောင်မလေး ဘယ်လောက်လန်းတယ်ဆိုတာကို ကြွားချင်လို့ ပြပါတယ်ဆိုမှ ဖီးလ်ငုပ်လိုက်တာဗျာ"

"ငုပ်ချင်ငုပ် မငုပ်ချင်နေ၊ ငါကတော့ ငါ့စိတ်ထဲ ပေါ်လာတဲ့အတိုင်း ပြောတာပဲ၊ ပုံကြီးသာ ချဲ့လိုက်ရရင် တော်တော်ကြွကြွရွရွ ဖြစ်လာဦးမယ်၊ အဲဒီတစ်ပုံပဲ ငါ့မျက်စိထဲ စူးမိတယ်၊ အနုပညာအရနော်၊ ကျန်တာတွေကတော့ ထူးမခြားနားပါပဲကွာ"

"သေစမ်းကွာ"

ကျွန်တော် ပက်လက်လန်သွားရပါတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၆)

**သည်**နေ့ဟာ ရန်ကုန်မြေကို သူရောက်လာမည့်နေ့မို့လို့လား မပြောတတ်ဘူး။

မနက်မိုးလင်းကတည်းက ကျွန်တော် ဂနာမငြိမ် ဖြစ်နေတယ်။

သည်ကနေ့ သူ့မျက်နှာကလေးကို ပြန်မြင်ခွင့်ရတော့မယ်၊ သူနဲ့ လူချင်း တွေ့ဆုံစကားပြောခွင့် ရတော့မယ်ဆိုတဲ့အသိက ကျွန်တော့်ကို အချိန်ပြည့် စိုးမိုးနေတယ်။

သူရောက်လာမယ့်နေ့ဆိုတော့ မနက်(၉)နာရီလောက်မှာပဲ ကျွန်တော်က ဆိုင်ကို ဝီရိယကောင်းကောင်းနဲ့ ကြိုတင်ရောက်နေခဲ့ပြီး





တစ်မနက်စာလုံး မျှော်မောနေခဲ့ရတယ်။

နေ့ခင်း(၁)နာရီထိုးခါနီးကျမှ သူနဲ့ဖြူဖြူ ရောက်ချလာတယ်။

မှန်တံခါးရဲ့ရှေ့ဘက်မှာ သူ့ပုံရိပ်ကလေး လှစ်ခနဲ ပေါ်လာတာနဲ့ ကျွန်တော် ဒိန်းခနဲ ရင်ခုန်သွားတယ်။

သူ့ကို ပြန်တွေ့လိုက်ရတာဟာ ပျောက်ရှသွားတဲ့ ရွှေစင်ရုပ်ကလေးကို ပြန်တွေ့လိုက်ရသလို ခံစားလိုက်ရလေရဲ့။

ကျွန်တော် ဝုန်းခနဲ နေရာက ထပြီး အပြေးအလွှား ကြိုဆိုလိုက်မိတယ်။

"ဟော. . . ဖြူဖြူတို့ လာကြ. . ဝင်ထိုင်ကြ၊ ဘယ်အချိန်က ရောက်ကြသလဲ"

"မနက်(၁၀)နာရီခွဲလောက်ကတည်းကပါပဲ၊ မမကြီးတို့အိမ်ကို လိုက်သွားပြီး နေ့လယ်စာစား၊ ရေမိုးချိုးပြီးမှ ဒီကိုထွက်လာကြတာ၊ ဖြူဖြူကတော့ မထိုင်တော့ပါဘူး၊ ဖြူဖြူ့မမကြီးတစ်ယောက်က ရန်ကုန်မှာ နေတယ်လေ၊ သူပဲ လာကြိုခဲ့တာပါ"

"ဟင်. . . မထိုင်တော့ဘူးဆိုတာ ဘယ်ကိုသွားစရာရှိလို့လဲ"

"ဒီလို ကိုနောင်ရိုးဇော်ရဲ့၊ ဟိုမှာ မြင်လား၊ မမကြီးက ဖြူဖြူ့ကိစ္စတွေ လိုက်လုပ်ပေးဖို့ ကားနဲ့ လိုက်ပို့ပေးမှာ၊ ဟိုမှာရပ်ထားတဲ့ကား ရွှေအိုရောင်ကလေး မြင်လား"

ကျွန်တော် ဖြူဖြူ ညွှန်ပြတဲ့ဆီ ကြည့်လိုက်တော့ လမ်းတစ်ဖက် ကားပါကင်မှာ ရပ်ထားတဲ့ကားကလေးကို မြင်လိုက်ရတယ်။ ကျွန်တော်က. . .

"အဲဒီတော့ အစီအစဉ်က. . "

"အစီအစဉ်က. . . ဖြူဖြူက မမကြီးနဲ့ ဆက်လိုက်သွားပြီး လုပ်စရာ ကိစ္စကလေးတွေ လျှောက်လုပ်မယ်၊ သီရိကို ဒီမှာ ထားခဲ့မယ်၊



www.burmeseclassic.com

www.burmeseclassic.com



ညနေဘက်ကျမှ ဖြူဖြူတို့ သီရိကို လာဝင်ခေါ်မယ်၊ ညနေ(၄)နာရီ လောက်ပေါ့"

"ဒါဆို ဖြူဖြူတို့က နေ့ချင်းပြန် ပြန်ကြဖို့လား"

"ဟုတ်တယ်. . . နေ့ချင်းပြန်ပဲ၊ ညနေ(၅)နာရီကားနဲ့ ပြန်မယ်၊ တားဂိတ်ကိုလည်း မမကြီးပဲ လိုက်ပို့မှာ၊ ကိုနောင်ရိုးဇော်နဲ့ သီရိတို့ တစ်နေ့ခင်းလုံး စကားပြောပါလေ့၊ အေးအေးဆေးဆေး စကားပြော ချိန် ရပါတယ်နော်"

"ကဲ. . . ဒါဆိုရင်လဲ ဟုတ်ပြီဗျာ၊ ဖြူဖြူ့သူငယ်ချင်းကို ကျွန် တော့်ဆီမှာ စိတ်ချလက်ချ ထားခဲ့၊ ညနေကျမှ ဝင်ခေါ်၊ ညနေ(၄)နာရီ မထိုးခင်ကတည်းက ဒီမှာ အသင့်စောင့်နေပြီးသား ဖြစ်စေရမယ်"

"ကောင်းပြီ. . . ဖြူ့သူငယ်ချင်းကို ခင်ဗျားလက်ကို အပ်ခဲ့ပြီ နော်၊ အစစအရာရာ ခင်ဗျားတာဝန်ပဲ၊ ခုအချိန်ကစပြီး ညနေ(၄)နာရီ အတွင်း. . . ဟုတ်ပလား"

ဖြူဖြူက ပြုံးစိစိနဲ့ ပြောတယ်။ ကျွန်တော် ခေါင်းသွက်သွက် ညိတ်ပြလိုက်ပါတယ်။

ဖြူဖြူ ထွက်သွားတော့မှ သူ့ကို ဆိုင်ထဲ ခေါ်ရတယ်။

"အဲဒီမှာ ခဏထိုင်ဦးနော် သီရိ၊ ကိုယ် မင်းကို ပေးစရာရှိတာ တွေ ဝင်ယူလိုက်ဦးမယ်၊ ပြီးမှ တစ်နေရာရာမှာ တစ်ခုခု စားရင်း သောက်ရင်း အေးအေးဆေးဆေး စကားပြောရအောင်"

သူက ခေါင်းညိတ်ပြရင်း ကျွန်တော့်ဆိုင်နံရံတွေမှာ ချိတ်ထား တဲ့ ရှုမျှော်ခင်းဓါတ်ပုံကြီးတွေ၊ မိန်းကလေး အလှရိုက်ဓါတ်ပုံတွေကို လျှောက်ကြည့်နေတယ်။

ကျွန်တော်က အတွင်းခန်းထဲ ဝင်ပြီး သူ့ကို ပေးဖို့ အသင့်ပြင် ထားတဲ့ ဓါတ်ပုံအယ်လ်ဘမ်ကလေးရယ်၊ သူပေးထားတဲ့ ငွေတစ်သိန်းနဲ့





စာအိတ်ကလေးရယ်ကို ယူလိုက်တယ်။

ပြီးမှ အပြင်ပြန်ထွက်ခဲ့တယ်။

"ကဲ. . . တစ်နေရာရာ သွားရအောင်နော်၊ အေးအေးဆေး ဆေး စကားပြောလို့ရတဲ့နေရာပေါ့၊ ဆိုင်ထဲမှာကတော့ အလုပ်သမား တွေနဲ့ အလုပ်အပ်တဲ့သူတွေနဲ့ ရှုပ်နေတာ"

"ယူ့သဘောပဲလေ. . . ဖြူဖြူ မှာထားတဲ့အချိန်ကို ပြန်ရောက် နေဖို့တော့ လိုတာပေါ့၊ ဘယ်သွားမယ် စိတ်ကူးလဲ"

"မဝေးပါဘူးကွာ. . . ဒီနီးနီးနားနား ကန်တော်ကြီးစောင်းကိုပဲ သွားတာပေါ့၊ အဲဒီမှာ အေးအေးဆေးဆေးရှိတယ်"

ကျွန်တော်တို့ ဆိုင်ထဲက ထွက်ခဲ့ကြတယ်။

သူတော့ မသိဘူး။ ကျွန်တော်ကတော့ ရင်တွေ ခုန်လို့။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၅)

ကန့်စောင်းတစ်နေရာမှာ ကားထိုးရပ်လိုက်တယ်။

"သီရိ. . . တစ်ခုခု စားဦးသောက်ဦးမလား၊ ဒီအထဲမှာ အကုန်ရတယ်၊ အသုပ်မျိုးစုံလည်း ရတယ်၊ ဟိုဆိုင်တန်းကလေးမှာ သွားထိုင်ကြရုံပဲ"

ကျွန်တော် ကားတံခါးဖွင့်ပေးလိုက်ရင်း ပြောလိုက်တော့ သူက ခေါင်းခါတယ်။

"စောစောကမှ ထမင်းစားလာခဲ့ကြတာ၊ ဗိုက်ပြည့်နေပြီ၊ ဘာမှ စားချင်သောက်ချင်စိတ် မရှိဘူး၊ အေးအေးဆေးဆေး စကားပြောကြရင် တော်ပြီပေါ့"





"မင်းသဘောပဲလေ၊ လာ. . . ဟိုကုက္ကိုပင်ကြီးအောက်က ခုံမှာ သွားထိုင်ကြမယ်"

ကန်ရေပြင်ကို ဖြတ်သန်းတိုက်ခတ်လာနေတဲ့ လေပြည်နုတလေးကြောင့် သူ့နဖူးဆံနွယ်စကလေးတွေ လှုပ်ခါနေတယ်။ သူက တန်ရေပြင်တစ်ဖက် ခပ်ဝေးဝေးဆီက ကရဝိက်ငှက်ကြီးကို ငေးကြည့်နေတယ်။

"ဘယ်လိုလဲ. . . ဖြူဖြူတို့ဆီမှာ အဆင်ပြေတယ် မဟုတ်လား"

"လောလောဆယ်တော့ ပြေနေပါတယ်၊ ဒါပေမယ့် နောက်ကြောင်းက မအေးတော့ ကိုယ့်စိတ်နဲ့ကိုယ်တော့ ကျေမလုံဘူးပေါ့၊ ဖြူဖြူကတော့ အားပေးပါတယ်၊ သူ့ဆီမှာ တို့ရောက်နေတာကို တို့အိမ်က ဘယ်လိုမှ သိနိုင်စရာမရှိဘူး၊ စိတ်ပူမနေနဲ့၊ ပျော်ပျော်သာနေတဲ့"

သူက ခပ်ပြုံးပြုံး ပြောပေမယ့် သူ့အပြုံးကလေးက 'နွမ်း' နေသလိုပဲ။

"အားမငယ်ပါနဲ့ကွာ. . . မင်းဘက်မှာ ကိုယ်လည်း ရှိပါသေးတယ်၊ အဲ. . . ဒီမှာ မင်းအတွက် ဓါတ်ပုံအယ်လ်ဘမ်ကလေး ယူခဲ့တယ်၊ ကြည့်ပါဦး. . . မင်းအတွက် ဘဝမှာ အမှတ်တရပေါ့"

ကျွန်တော်က ပခုံးကြိုးသိုင်း သားရေအိတ်ထဲက သူ့အတွက် အသင့်စီစဉ်ထားတဲ့ အယ်လ်ဘမ်ကလေးကို ထုတ်ပေးလိုက်တယ်။

သူက လှမ်းယူပြီး အယ်လ်ဘမ်ကလေးထဲက သူ့ဓါတ်ပုံတွေကို တစ်ပုံပြီးတစ်ပုံ ကြည့်တယ်။

သူ ကျေနပ်နေတယ်ဆိုတာ သိသာပါတယ်။

"မဆိုးပါဘူး. . . ယူက အဆင်ပြေအောင် ရိုက်ပေးထားတာပဲ ပုံဆိုးပန်းဆိုးကြီးတွေ ထွက်လာမယ် အောက်မေ့ထားတာ၊ ထိုက်ဆိုဂျင်းနစ် ဖြစ်တာမှ မဟုတ်ဘဲ"



www.burmeseclassic.com

www.burmeseclassic.com



"မဆိုင်ပါဘူးကွ. . . ရိုက်တဲ့သူအပေါ် မှာလည်း မူတည်ပါတယ်၊ အဲ. . . မင်းကို တစ်ခုခွင့်တောင်းရဦးမယ်"

"ဘာလဲဟင်"

ကျွန်တော်က သူ့ဆီက အယ်လ်ဘမ်ကို ပြန်ယူလိုက်ပြီး အာနန္ဒာ လိုက်ဂူတော်ကြီးထဲမှာ ရိုက်ခဲ့တဲ့ဓါတ်ပုံကို ရွေးလိုက်တယ်။ ပြိုင်ပွဲဝင်ဖို့တောင် ကောင်းတယ်လို့ ကိုကိုကျော် အကြံပြုခဲ့တဲ့ဓါတ်ပုံလေး။

"ကြည့်. . . အဲဒီပုံကလေးက ပန်းချီကားတစ်ချပ်လိုပဲကွ၊ အခုရိုက်ခဲ့သမျှ ပုံတွေထဲမှာ အကောင်းဆုံးပုံပဲ၊ အဲဒီပုံကို တို့ကို ပုံကြီးချဲ့ခွင့်ပေးပါလို့ ခွင့်ပြုချက် တောင်းချင်တယ်"

"ဘာလုပ်ဖို့လဲ. . . ပြိုင်ပွဲတွေဘာတွေ ဝင်ဖို့ စိတ်ကူးရလာလို့လား၊ ဟင်းဟင်းဟင်း. . . ယူက နာမည်ပျက်ချင်ပြီနဲ့တူတယ်"

သူက ရယ်သံတစ်ဝက်နဲ့ ပြောတယ်။

"မဟုတ်ပါဘူးကွာ. . . စပါယ်ရှယ် ပုံကြီးချဲ့ပြီး ကိုယ့်ဆိုင်မှာ အလှပြ ချိတ်ထားချင်တာပါ၊ ပုံက အရမ်းအသက်ဝင်နေတယ်လေ၊ နောက်တစ်ခုက ကိုယ်လည်း နေ့စဉ်နဲ့အမျှ ကိုယ့်ဆိုင်ထဲ ကိုယ်ဝင်လာတာနဲ့ အဲဒီပုံကို မြင်ရရင် အမောပြေသွားမှာ သေချာတယ်၊ ကိုယ်နဲ့ အရင်းနှီးဆုံးမှာ မင်းရှိနေသလို ခံစားရမယ်လေ"

သူက ဖျတ်ခနဲ လှမ်းကြည့်တယ်။

သူ့အကြည့်က "ပိုရန်ကော" ဆိုတဲ့ အကြည့်မျိုး။

"ဟော့. . . မင်း အဲသလို မကြည့်နဲ့ကွ၊ ကိုယ်က တကယ့်ခံစားချက်နဲ့ ပြောနေတာ၊ မင်းပေါ် သံယောဇဉ်တွေ ငြိခဲ့တယ်ဆိုတာကို မင်းနဲ့ ခွဲခွာလာခဲ့ရပြီးချိန်ကျမှ ကိုယ်သိတာ၊ နောက်တော့ ကိုယ့်ကိုယ်ကို အသေချာဆုံး ပြန်မေးခွန်းထုတ်လိုက်တော့ မင်းကို ချစ်ခင်တွယ်တာခဲ့မိပြီဆိုတဲ့အဖြေကို ရတယ်၊ ခုလို လူချင်း ဆုံကြရချိန်ကလေးမှာ ကိုယ်





လေးလေးနက်နက် ထပ်ပြောပါရစေ၊ ကိုယ် မင်းကို ချစ်မိနေပြီ သီရိ"

"အဲဒါကို ဖုန်းထဲမှာ ပြောပြီးသားလေ"

"ဘယ်တူနိုင်မလဲ သီရိရဲ့၊ လူချင်းတွေ့တုန်း တိုက်ရိုက် ပြောတာက ပိုလေးနက်နိုင်မှာတာပေါ့၊ မင်းကောဟင်. . . တို့ကို အဖြေပေးဖို့ စဉ်းစားထားပြီးပြီလား"

"အင်း. . . စဉ်းစားတော့ နေပါတယ်၊ ဘာလို့ ဒီလောက် အလောသုံးဆယ်နိုင်ရတာလဲ ယူရဲ့၊ ကိုယ့်မှာ ကိုကိုလို့ ခေါ်ဖို့တောင် နှုတ်မရဲသေးလို့ ယူတစ်ခွန်း ကိုကိုတစ်ခွန်း ဖြစ်နေရတုန်း ရှိသေးတာ၊ ဖြည်းဖြည်းပေါ့"

သူ့အပြုံးက ကျွန်တော့်ရဲ့အလောတကြီး နိုင်နေပုံကိုပဲ မရယ်မိအောင် ထိန်းချုပ်ထားနေရသလိုလို။

"ဖြည်းလို့မရဘူး သီရိရဲ့၊ ကိုယ့်စိတ်ထဲမှာလည်း မင်းနဲ့ထပ်တူ အမြဲပူပင်ကြောင့်ကြနေရတယ်၊ မင်းအိမ်ကများ မင်းရဲ့ခိုလှုံရာကို သိသွားပြီလားပေါ့၊ မထူးပါဘူး သီရိရယ်၊ ကိုယ့်ကို အဖြေပေးပါ၊ ပြီးရင် မင်းအိမ်ကို ကိုယ်တိုင် ဖုန်းဆက်အကြောင်းကြားလိုက်"

"ဟင်. . . ဘယ်လိုဖုန်းဆက်ရမှာလဲ"

"သမီးမှာ ချစ်သူရှိနေပြီ၊ အဲဒီချစ်သူက မိသားဖသားပီပီ လူကြီးမိဘနဲ့ လာရောက်နားဖောက်တောင်းရမ်းမှာကို လက်ခံ ခွင့်ပြုပါလို့လေ၊ တကယ်လို့မှ ခွင့်မပြုဘူးဆိုရင်တော့ သမီး ပြန်မလာတော့ဘူးလို့လည်း ဆက်ပြောဦး"

သူကတော့ ရယ်လို့သာ နေပါတယ်။

ကျွန်တော့်ရင်ထဲ ကလိကလိ ယားကျိကျိ ဖြစ်လာတယ်။

"ကိုယ် တကယ်ပြောနေတာကွ၊ မင်းသာ ကိုယ့်ကို လက်ခံတုန့်ပြန်နိုင်မယ်ဆိုရင် ကိုယ့်ဘက်က မိဘတွေကို ဖွင့်ပြောပြီး တကယ်



www.burmeseclassic.com

www.burmeseclassic.com



လာနားဖောက် စေ့စပ်တောင်းရမ်းမှာ၊ ဘာလဲ. . . မင်းက ကိုယ် အလေးအနက် ပြောနေတာကို နောက်နေတယ်များ ထင်လို့လား၊ ဟင်း. . . ပြောပါဦး"

ကျွန်တော့်မျက်နှာက ပြောရင်းပြောရင်းကနေ "တည်" သွားလို့လား မသိဘူး။

သူ့မျက်နှာထားကလည်း တည်တည်ငြိမ်ငြိမ် ဖြစ်လာတယ်။

"ယူ့ကို တို့ တကယ်ယုံပါတယ်၊ ယူဟာ ရင်ထဲက တကယ်မပါဘဲနဲ့ ပြောမယ့်လူစားမျိုး မဟုတ်ဘူးဆိုတာကိုလည်း တို့ ယုံကြည်ပါတယ်၊ ဒါပေမယ့် မယုံနိုင်အောင် ဖြစ်နေတာက တို့ကိုယ်တို့ပဲ၊ မသေချာဘဲနဲ့ အဖြေမပေးချင်ဘူး၊ ယူ့ကို တို့ ပြန်ချစ်နိုင်မလား ချစ်မိမလားဆိုတာ တို့ကိုယ်တို့ အဖြေရှာလို့ မရသေးဘူး၊ စောင့်ပါဦး ယူရယ်. . နော်၊ အခုလည်း အလှမ်းဝေးသွားကြသေးတာမှ မဟုတ်တာ၊ စကားပြောချင်ရင် ဖုန်းနဲ့ ပြောလို့ရနေတာပဲဟာ"

သူက အေးအေးဆေးဆေး နှစ်သိမ့်တဲ့လေသံနဲ့ ပြောပါတယ်။

"ဖုန်းနဲ့ ပြောလို့ရတာတော့ ကိုယ်သိတာပေါ့၊ ဒါပေမယ့် လူချင်းက ဝေးနေတာပဲဆိုတော့ စိတ်ထဲမှာ အားမလိုအားမရ ခံစားရတယ်၊ တို့က မင်းမျက်နှာကလေးကို အနီးကပ် ထိုင်ကြည့်နေရင်း ပြောနေချင်တာ"

"ဒါဆိုလည်း လွယ်သားပဲ၊ တို့ဓါတ်ပုံကို ကြည့်ရင်း ပြောပေါ့ ပြီးတာပဲ၊ အဲ. . . ခုမှပဲ စကားက စောစောက နေရာကို ပြန်ရောက်တယ်၊ တို့ဓါတ်ပုံကို ပုံကြီးချဲ့ပြီး အလှချိတ်ပြထားချင်တယ်ဆိုတာလေ"

"အင်း. . . ဟုတ်တယ်၊ အဲဒါကို ခွင့်ပြုမှာလား"

သူခေါင်းညိတ်ပြပါတယ်။ မျက်နှာမှာတော့ ရှက်ပြုံးကလေးနဲ့

"တို့က ခွင့်ပြုပါတယ်၊ ဒါပေမယ့် ရှက်တော့ရှက်စရာကြီးနော်





ဆိုင်ကို လာတဲ့သူတွေက ကြည့်ပြီး ဝေဖန်ရေး လေကန်ရေးတွေ လုပ်ကြမှာ"

"သိပ်လှပြီး ကျက်သရေရှိတာပဲဆိုတဲ့ ဝေဖန်ရေးပဲ ဖြစ်မှာပါကွာ"

"ပိုပြီ"

သူက မျက်ဝန်းနက်နက်ကလေးကို စွေကြည့်လိုက်ပြီး အပြုံးနဲ့ ပြောတယ်။

"တကယ်ပြောတာကွ. . . ကိုယ်ဖုန်းဆက်တိုင်း အဲဒီပုံကြီးချဲ့ပြီး အလှပြချိတ်ဆွဲထားတဲ့ ဓါတ်ပုံကြီးရှေ့မှာ ရပ်ရပ်ပြီး ပြောဖြစ်မှာသေချာတယ်"

သည်တော့ သူ သဘောတကျ ရယ်ပါလေရော။

"အဲ. . . ဒီမှာ ကိုယ့်ရဲ့ဘော်ဒီဂတ်ခ ပါလာသေးတယ်၊ မင်းတော်တော်ဆိုးတာပဲ၊ အဲဒီတုန်းက ကိုယ် ဘာမျှော်လင့်ချက်နဲ့မှ မင်းကို ကူညီခဲ့တာ မဟုတ်ဘူး၊ တစ်ယောက်တည်း ဂျစ်ပစီ လုပ်လာတဲ့ မင်းအတွက် မသူတော်တွေနဲ့များ တွေ့ရင် ခက်ရချည်ရဲ့ဆိုတဲ့ ညီမချင်းချင်း စာနာစိတ်တစ်ခုတည်းနဲ့ မင်းကို ကူညီခဲ့တာ၊ ကိုယ် ကျမ်းကျိန်ပြီး သစ္စာဆိုဝံ့တယ်"

ကျွန်တော်က ပခုံးကြိုးသိုင်း သားရေအိတ်ထဲက သူ့စာအိတ်ညိုကလေးကို ပြန်ထုတ်ပေးလိုက်တယ်။

"တစ်ခုတော့ ရှိတယ်နော်၊ အဲဒီအချိန်တုန်းကသာ မမျှော်လင့်တာ၊ အခုအချိန်မှာတော့ ပြောင်းပြန်ပဲ၊ မင်းရဲ့အချစ်ကို ကိုယ် မျှော်လင့်နေတယ်ဆိုတာ သိထား၊ ငွေတစ်သိန်းတောင် မလိုချင်ပါဘူး၊ ဘော်ဒီဂတ်ခအတွက်က တရားဝင်လစာ(၁၅၀၀)ပဲ လိုချင်တာပါ၊ အဲဒီ (၁၅၀၀) ရရင် တစ်သက်စာ ဖူလုံသွားပြီ"



www.burmeseclassic.com

www.burmeseclassic.com



သူ တခစ်ခစ် ရယ်တယ်။ ပြီးတော့ ကျွန်တော်ပေးတဲ့ စာအိတ်အညိုကလေးကို ပြန်လက်ခံယူတယ်။ ငြင်းလို့မရဘူးဆိုတာကို သူနားလည်ပြီးသား ဖြစ်မှာပါ။

"ယူတောင်းဆိုတဲ့လစာ (၁၅၀၀)အတွက်ကတော့ ကို စဉ်းစားရဦးမှာပဲ၊ ကိုကိုယ်တို့ သေချာသွားတဲ့အချိန်မှာတော့ ယူ့ကို အဆုံးအဖြတ်တစ်ခုခု ပေးနိုင်မှာပါ၊ အချိန်တစ်ခုအထိတော့ စောင့်ပေးဦးပေါ့"

"ရပါတယ်. . . ချစ်တယ်ဆိုတဲ့အဖြေကို ကိုယ်ကလွဲပြီး တခြားတစ်ယောက်ကို မပေးမချင်း ဘိုးဘွားရိပ်သာ ရောက်တဲ့အချိန်အထိပဲ စောင့်ရစောင့်ရပေါ့၊ ကိုယ်စောင့်မှာပါ"

"စဉ်းစားလည်း ပြောပါ ယူရယ်၊ ယူ့ဉစ္စာက တစ်ခါတည်း ချည်ပြီးတုပ်ပြီးသားကြီး. . . အတော်နစ်နာနေပါ့မယ်"

သည်တစ်ခါတော့ ကျွန်တော်တို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း ပြုံးတူရယ်လိုက်မိကြတယ်။

စိတ်အနှောင်အဖွဲ့ကင်းကင်းနဲ့ ငြိမ်းအေးလန်းဆန်းနေတဲ့ သူ့မျက်နှာကလေးက ကြည်စင်လှပနေတယ်။

အဲဒီမျက်နှာကလေးကို ကြည့်ရင်းကြည့်ရင်းကပဲ ကျွန်တော့်ရင်ထဲက ချစ်ခြင်းတွေကလည်း ပိုရှန်းကြွ ထင်ရှားလာနေတော့တယ်။

"သတိရတုန်း ပြောဦးမယ်၊ ပြည်က ဖြူဖြူရဲ့ Address ကို ကိုယ့်ကို ရေးပေးထားခဲ့ပါဦး"

"ဖုန်းဆက်လို့ ရနေသားနဲ့ ဘာလုပ်ဖို့လဲ"

"ဖုန်းနဲ့တင် မလုံလောက်ဘူးလေ၊ တကယ်လို့ မင်းကများ ဆုံးဖြတ်ချက် ကျလို့ ကိုယ့်ကို ဖုန်းထဲက အဖြေပေးခဲ့ရင် မင်းရှိနေတဲ့နေရာကို ကျွမ်းပစ်ပြီး အမြန်ဆုံးလာပြေးတွေ့ဖို့ ကြိုတင်တောင်းထားရတာဘာလဲ. . . ကိုယ့်ကို မယုံချင်ပြန်ဘူးလား"





"မယုံကြည်ရင် အစကတည်းက ယူ့ကို တွေ့ဖို့ လိုက်မလာဘူးဟိုမှာပဲ နှပ်နေခဲ့ရုံပဲ၊ ဒါပေမယ့် တို့လည်း ယူ့ကို တွေ့ချင် စကားပြောချင်မိလို့ လိုက်လာခဲ့တာဆိုတာကိုတော့ ရှင်းရှင်းပဲ ဝန်ခံပါတယ်၊ ပေးလေ. . . နှုတ်ဘုပ်နဲ့ဘောလ်ပင်"

ကျွန်တော်က Address Book စာအုပ်ကလေးနဲ့ ဘောလ်ပင်ကို ပေးလိုက်တော့ သူက ဖြူဖြူရဲ့လိပ်စာကို ရေးပေးတယ်။

"ကဲ. . . ကိုယ်တို့ ဘယ်သွားကြဦးမလဲ၊ တစ်ခုခု သွားစားကြဦးမလား"

"ဟင့်အင်း. . . ဘာမှကို တကယ်မစားချင်တာ၊ အချိန်ရမယ်ဆိုရင်တော့ ဘုရားသွားချင်တယ်၊ ရွှေတိဂုံကို ဖူးချင်စိတ်လည်း ပါတယ်လေ၊ ဒီကို လိုက်လာခဲ့ဖြစ်တာက"

"အချိန်ရပါတယ်. . . ရွှေတိဂုံဘုရားက ဒီအနားမှာ နီးနီးလေးပဲ၊ ဗဟန်း(၃)လမ်းဘက် ပြန်မောင်းထွက်ကြရုံပဲ၊ လာ. . . သွားကြစို့၊ ကိုယ် လိုက်ပို့ပေးမယ်၊ အဲဒီက ပြီးမှ ဆိုင်က ပြန်စောင့်ကြတာပေါ့"

ကျွန်တော်တို့ ဗိုလ်ချုပ်ပန်းခြံက ပြန်ထွက်လာခဲ့ကြတယ်။

ကားရှေ့ခန်းက ထိုင်ခုံမှာ ကျွန်တော်နဲ့အတူ ယှဉ်တွဲထိုင် လိုက်ပါလာတဲ့ သူ့ဆီက ပျံ့လွင့်လာတဲ့ ကိုယ်သင်းရနံ့ကလေးကို ရှူရှိုက်ရင်း ဒီလိုသာ တစ်သက်လုံး ဖြစ်လိုက်ပါတော့လို့ စိတ်ကူးယဉ်လိုက်မိသေးတာကို သူ သိမှာ မဟုတ်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com

မျှော်လင့်ချက်ဆိုတာ
ဘယ်သူမှမဆိုထားလို့ရှုတဲ့ အရာပဲဟာ၊
ကိုယ်က အနှုလက်မတွေတ်သလို
သူကလည်း ရွေ့ခွက်မဟုတ်ဘူးလေ၊
ရှုလှုချင်း အတူတူပါပဲ
နှလုံးသားချင်းပဲ တန်းတူအောင်ညှိရမှာ...။





# အခန်း(၁၀)

သည်ကနေ့ ကျွန်တော် အပြင်က ပြန်လာတော့ ဆီးကြိုနေတဲ့ ကိုကိုကျော်ရဲ့မျက်နှာထားက အီးမှန်ထားတဲ့မျက်နှာမျိုး။ မျှော်လိုက်တာကွာ. . တဲ့။

ကျွန်တော့်အိပ်ခန်းထဲအထိ နောက်က လျှောက်ဝင်လာတာည်းက တစ်ခုခု ပြောစရာရှိနေပြီဆိုတာကို ကျွန်တော် သိလိုက်တယ်။

“ကိုကိုကျော့်ကို ကြည့်ရတာ ဂနာမငြိမ်ဘူး၊ တစ်ခုခုပြောစရာရှိနေပြီထင်တယ်”



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်မေးလိုက်တော့ ကိုကိုကျော်က ခေါင်းညိတ်တယ်။

"အစစ်ပေါ့ကွာ. . . ငါ မင်းကို မေးစရာရှိလို့"

"မေးစမ်းဗျာ"

အိပ်ရာပေါ် ကျောခင်းလိုက်ရင်း ပြောလိုက်တော့ ကိုကိုကျော်က မေးတယ်။

"မင်းနဲ့မင်းကောင်မလေး အံဆင်ပြေသွားပလား"

"ဟင့်အင်း. . . ကျွန်တော်ကတော့ ဖွင့်ပြောပြီးပါပြီ၊ သူက အဖြေမပေးသေးဘူး၊ စဉ်းစားဦးမယ်တဲ့"

ကိုကိုကျော် မျက်နှာကြီး ရှုံ့မဲ့သွားတယ်။

"ညံ့တဲ့ကောင်ပဲကိုး. . . ဒါနဲ့ မင်းတို့ လူချင်း ဆုံလိုက်ရတယ် ဆို"

"ဟုတ်တယ်လေ"

"လူချင်း ဆုံပါလျက်နဲ့များ တစ်ခါတည်း အဖြေရအောင် တောင်းတာ မဟုတ်ဘူးကွာ၊ မင်းကလည်း လက်နှေးလိုက်တာ"

ကျွန်တော် ရယ်လိုက်တယ်။

"ဒါမျိုးက ဖွတ်တရွတ် ကိုယ့်ဆန္ဒအတိုင်း လောနေလို့ ရတာ မဟုတ်ဘူး၊ လူပျိုဆွေးကြီးရဲ့ ဘာမှလည်း နားမလည်ဘဲနဲ့ အပြစ်တင် နေပြန်ပြီ"

"ဟမ်. . . ဘာဖြစ်လို့လဲ"

"ကိုကိုကျော်ကလည်း. . . ခက်လိုက်တာ၊ သူ့ဘက်က သိက္ခာ တရားကို ကိုယ်က ထည့်တွက် နားလည်ပေးရမှာပေါ့၊ ချက်ချင်းကြီး ပြန်အဖြေပေးသွားတယ်ဆိုရင် ကျွန်တော့်ကို အဖြေပေးဖို့သက်သက် ကြီး သူ ရန်ကုန်ဆင်းပြီး လာတွေ့သလို ဖြစ်သွားမှာပေါ့၊ ဒီအချက်ကို သူထည့်တွက်မှာပေါ့၊ စိတ်ချ၊ အဖြေပေးမယ်ဆိုရင်တောင် မျက်နှာမ





ရတဲ့နည်းနဲ့ အဝေးကပဲ ဖုန်းထဲကနေ အံဖြေပေးမှာ၊ ကျွန်တော် တွေး ထားပြီးသား"

"ဒါလည်း ဟုတ်တာပဲ၊ ကဲ. . . ဘယ်လိုပဲဖြစ်ဖြစ်ကွာ၊ မင်း မြန်မြန်အဖြေရအောင် တောင်းစမ်းပါ။ မင်းလိုချင်တဲ့အဖြေ ရရင် အဖေ့ ကို ချက်ချင်းဖွင့်ပြောပြီး နောက်ကား မြန်မြန်ကျော်တက်နိုင်အောင် လုပ်စမ်းကွာ၊ ဒါမှ အေးမယ်".

"အခုကော ပူနေရလို့လား၊ အေးအေးဆေးဆေးပေါ့ ကိုကို ကျော်ရ"

ကိုကိုကျော်က မျက်လုံးပြူးကြီးတွေနဲ့ ကျွန်တော့်ကို လှမ်းကြည့် တယ်။

"မင်းကသာ အေးနေရတာ၊ ငါ့မှာက ပူစရာ အရေးတော်ပုံကြီး တွေ စလာပြီကွ၊ ငါ့ယောက္ခမ အလောင်းအလျာကြီးက ဒီနေ့ နေ့လယ် တုန်းပဲ အိမ်ကို ရောက်လာပြီ"

"ဗျာ"

"ဟုတ်တယ်. . . သူတို့အချင်းချင်း ဘာတွေ ခေါင်းချင်းရိုက် ဆွေးနွေးကြံစည်ကြတယ်တော့ မပြောတတ်ဘူး၊ ဒါပေမယ့် အဲဒီအဘိုး ကြီးကလည်း အိမ်က အဖေ့လို တဇွတ်ထိုးသမားပဲ ဖြစ်ဖို့များတယ်ကွ၊ ဒါကြောင့်လည်း သူတို့ချင်း ပေါင်းလို့ဖြစ်တာနေမှာ"

"ကိုကိုကျော်က ဘာကြောင့် အဲလို ခန့်မှန်းမိရတာလဲ"

"သူတို့ချင်း ပြောဆိုနေတဲ့အနား ငါဖြတ်အသွားမှာ ဟိုအဘိုး ကြီးက ပြောနေသံကို နားစွန်နားဖျား ကြားလိုက်ရတယ်ကွ၊ ဟော့. . . ဒါတွေက မိဘတွေပဲကွ၊ မိဘက ကောင်းစေချင်တဲ့စေတနာ ရှေ့ထားပြီး ပြောရင် သားသမီးက နာခံရမယ်၊ သူတို့ကို ငါတို့က ချောက်ထဲ တွန်းချ တာမှ မဟုတ်ဘဲတဲ့၊ အိမ်က အဘိုးကြီးကလည်း ဒါအမှန်ပဲ သူငယ်



www.burmeseclassic.com

www.burmeseclassic.com



ချင်းတဲ့၊ တက်တက်ကြွကြွ ထောက်ခံနေသံ ကြားတယ်၊ ငါတော့ ပြေးပေါက် မှားတော့မယ် ထင်တယ်"

ကျွန်တော် ခွီးခနဲ ရယ်လိုက်မိတယ်။

"အခုရောက်လာတာဟာ ကိုကိုကျော့ယောက္ခမ အလောင်းအလျာကြီးလို့ ဘယ်သူက ပြောလဲ"

"အမေကိုယ်တိုင်က ပြောတာကွ၊ မကြာဘူး. . . သူတို့ အပြင်သွားကြတယ်၊ တော်နေကြာ ပြန်ရောက်တော့ မင်း အကြောင်းစုံ သိရမှာပဲ"

"ပူမနေပါနဲ့ဗျာ. . . ကျွန်တော်လည်း မေးမြန်းကြည့်ပါဦးမယ်"

ကိုကိုကျော့ကို နှစ်သိမ့်ပြီး ကျွန်တော် အိပ်ခန်းထဲက ပြန်ထွက်ခဲ့တယ်။

ကျွန်တော် အောက်ထပ်ဆင်းလာခဲ့ပြီး သိပ်မကြာလိုက်ဘူး။ အဖေတို့ကားက ပြန်ရောက်လာတယ်။

"သူငယ်ချင်း. . . ငါကတော့ နောက်တစ်ကြိမ် ဒီလိုအဖြစ်မခံနိုင်ဘူးကွ၊ 'အစရှိ နောက်နောင်' ဆိုသလို ဖြစ်နေမှာပဲ၊ ဒီတော့ ဒီပွဲကို တစ်ခါတည်း အပြီးသိမ်းပစ်မှ ဖြစ်မယ်"

ကျွန်တော်မမြင်ဖူးခဲ့သေးတဲ့ မျက်နှာစိမ်းအဘိုးကြီးက ဒေါသသံပါပါနဲ့ ပြောရင်း တိုက်ထဲ ဝင်လာတယ်။ လူပုံစံ ကြည့်ရတာနဲ့တင် သူဌေးမှန်း သိသာတဲ့ရုပ်။ လက်မှာ ဝတ်ထားတဲ့ စိန်လက်စွပ်ကြီးက တဖျပ်ဖျပ်နဲ့။

"ဟော. . . ငါ့သားတောင် ပြန်ရောက်နေပြီကိုး၊ လာဦးဟေ့ ဖိုးဇော်"

အဖေက ကျွန်တော့်ကို မြင်တာနဲ့ သူတို့နဲ့အတူ လိုက်ခဲ့ဖို့ ခေါ်တယ်။





သိနေတယ်လေ။ ကျွန်တော် ခါတ်ပုံဆု ရတာကို လတ်မတထောင်ထောင်နဲ့ ကြွားလုံးထုတ်ဦးမယ်ဆိုတာ။

ထင်တဲ့အတိုင်းပဲ။ ဧည့်ခန်းမှာ ထိုင်မိကြတာနဲ့ပဲ အဖေက သူ့မိတ်ဆွေအဘိုးကြီးနဲ့ မိတ်ဆက်ပေးတယ်။

"အဲဒါ ငါ့သားအငယ်ပဲကွ၊ ဘွဲ့ရပြီးကတည်းက သူဝါသနာပါတဲ့ ဓါတ်ပုံလုပ်ငန်းကို ဇောက်ချလုပ်နေတာ၊ မြို့ထဲမှာ ဆိုင်နဲ့စတူဒီယို ရှိတယ်၊ အရှေ့တောင်အာရှ နိုင်ငံတကာ ဓါတ်ပုံပြိုင်ပွဲမှာ ဆုရခဲ့တာ အဲဒီကောင်ပေါ့ကွ၊ ဓါတ်ပုံနောင်ရိုးဇော် ဆိုတာ"

"ဟာ. . . တယ်ဟုတ်ပါလား၊ မင်းသားအငယ်က လက်စောင်း အထက်သားပါလားဟေ့၊ ငါက ဒီလို အစွမ်းအစရှိမှ ကြိုက်တယ်"

အဘိုးကြီးက ကျွန်တော့်ကို အထင်တကြီး ကြည့်ပြီး ကျေနပ်သံကြီးနဲ့ ပြောတယ်။

"သားရေ. . . မှတ်ထားဟေ့၊ ဒါက ဖေဖေ့သူငယ်ချင်း ဦးအောင်ဝင်းတဲ့၊ အထက်မြန်မာပြည်မှာ ပွဲရုံများအသင်းဥက္ကဋ္ဌပဲ၊ မင်းအစ်ကိုနဲ့ လက်ထပ်ပေးဖို့ တို့အချင်းချင်း ရည်စူးထားတာ အဲဒီ ဦးအောင်ဝင်းရဲ့သမီးပေါ့၊ မကြာခင် ဆွေမျိုးတော်ကြရတော့မှာ"

"ဟုတ်ကဲ့. . . ဝမ်းသာပါတယ် ဦး"

ကျွန်တော်က ပဋိသန္ဓာရပြုရတယ်။

"အေး. . အေး. . မောင်နောင်ရိုးဇော်ရေ၊ ဦးကလည်း ကိုယ်တိုင် မဖန်တီးတတ်ပေမယ့် ဓါတ်ပုံတို့ ပန်းချီတို့လို အနုပညာကိစ္စတွေ ဝါသနာ အပါသားကွ၊ မပြန်ခင်တော့ မင်းလက်ရာကလေးတွေ ကြည့်ရအောင် မင်းရဲ့စတူဒီယိုကို လာခဲ့ဦးမယ်"

"ဟုတ်ကဲ့. . . အဖေနဲ့ မြို့ထဲ ထွက်တဲ့အခါ လိုက်လာခဲ့ပေါ့



www.burmeseclassic.com

www.burmeseclassic.com



ဦးရှာ၊ ကျွန်တော့်စတူဒီယိုမှာ အဲဒီပြိုင်ပွဲဆုရ ဓါတ်ပုံလည်း ပြသထားပါတယ်"

"အေးကွာ. . . တစ်ရက်တော့ လိုက်လာခဲ့ပြီး ကြည့်ဦးမယ်"

အဖေတို့ကို ခွင့်တောင်းပြီး ကျွန်တော် အပေါ်ထပ် ပြန်တက်ခဲ့တယ်။

ကိုကိုကျော်က ဆီးမေးတယ်။

"ဟော့ကောင်. . . မင်းကို အဘိုးကြီးတွေက ဘာတွေ ခေါ်ပြောနေတာလဲ"

"ဩော်. . . ဉီးသည်အဘိုးကြီးနဲ့ မိတ်ဆက်ပေးတာပါဗျာ။ အဘိုးကြီးက သဘောကောင်းမယ့်ပုံပါပဲ၊ အနုပညာတွေဘာတွေ ဝါသနာပါတယ်ဆိုပဲ"

"ကိုင်း. . . ထားပါကွာ၊ ငါနဲ့ ပတ်သက်လို့ ဘာတွေများ ပြောသံ ကြားခဲ့သေးလဲ"

"ဟား. . . ကြားလိုက်သမှ အဖေကိုယ်တိုင်က ပြောလိုက်တာ၊ အဲဒီအဘိုးကြီးရဲ့သမီးနဲ့ ကိုကိုကျော်နဲ့ လက်ထပ်ပေးဖို့ဆိုတဲ့အကြောင်း"

ကိုကိုကျော် သူ့နဖူးသူ လက်ဝါးနဲ့ရိုက်ပြီး ပက်လက်လန်သွားတော့တယ်။





# အခန်း(၁၉)

"ဘယ်လိုလဲ သီရိရယ်၊ ကိုယ့်ကို မယုံကြည်နိုင် ဖြစ်နေလို့လား၊ ကိုယ် သီရိကို တကယ်ချစ်တာပါ၊ အခုကိုပဲ သီရိရဲ့ဓါတ်ပုံကြီးရှေ့မှာရပ်၊ ဓါတ်ပုံထဲက သီရိမျက်နှာကလေးကို ငေးကြည့်ရင်း ပြောနေတာ"

"ဩ. . . တို့ဓါတ်ပုံကို ယူက ပုံကြီးချဲ့ပြီး ဆိုင်မှာ ချိတ်ထားပြီပေါ့လေ"

"ဟုတ်တယ်. . . သီရိ ရန်ကုန်က ပြန်တဲ့နေ့ညမှာပဲ ဆိုတ်ကြီးကြီး ချဲ့ကူးလိုက်တာ၊ ပန်းကနုတ်တွေ အလှဖေါ်ထားတဲ့ ကျွန်း



www.burmeseclassic.com

www.burmeseclassic.com



သား စပယ်ရှယ်ဘောင်နဲ့ သွင်းပြီး ချိတ်ထားလိုက်ပြီ"

"အင်း. . . ဆိုင်မှာလည်း ကြွက်တွေ အတော်ရှင်းသွားရောပေါ့နော်"

"ဘယ်ဟုတ်ရမလဲ. . . ခုမှ နောင်ရိုးဇော်ဆိုတဲ့ ကြွက်အကြီးစားကြီးက အဲဒီပုံရှေ့ကို တစ်ချိန်လုံး ရောက်ရောက်နေတာ"

သူ့ရယ်သံကလေး လွင့်ထွက်လာတယ်။

"ဟိုလိုလို ဒီလိုလိုနဲ့ စကားလမ်းကြောင်း လွှဲမပစ်နဲ့ကွာ၊ ပြောကိုယ့်ကို ဘယ်တော့ အဖြေပေးမှာလဲ"

"ယူကလည်းကွယ်. . . ကလေးဆိုးကြီး ကျနေတာပဲ၊ တို့စဉ်းစားနေပါတယ်ဆိုမှ၊ တို့ကိုယ်တို့ သေချာသွားပြီဆိုတဲ့အချိန်ကျရင် တို့ ဆက်ဆက်အဖြေပေးမယ်၊ စိတ်ချ. . . တို့ ကတိပေးတယ်"

"ကိုယ်ကတော့ ခံစားနေရတာ အမှန်ပဲ၊ အဖြေမရမချင်း သတိရတိုင်း ဖုန်းခေါ်နေမယ်သာ အောက်မေ့"

"ကဲ. . . နောက်မှ ပြန်ခေါ်ချင်လည်း ခေါ်တော့နော်၊ ဟိုမှာ အန်တီက ခေါ်နေပြီ"

"ဘယ်က အန်တီလဲ"

"ဖြူဖြူ့အမေလေ. . . ဖြူဖြူက သူ့အလုပ်နဲ့သူ မအားလပ်တော့ တို့က ဖြူဖြူ့အမေ ဈေးကို ထွက်ရင် အဖော်လိုက်လုပ်ပေးတယ် ဒါပဲနော်. . . နောက်မှ ပြောကြသေးတာပေါ့၊ ဘိုင့်ဘိုင်"

သူ့ဘက်က ဖုန်းကို ပိတ်လိုက်တော့ ကျွန်တော် မောပြီးကျန်ခဲ့တယ်။

အခြေအနေကတော့ ခုလို စကားပြောခွင့်ကလေး ရနေသေးတာကိုပဲ ကျေနပ်နေရတဲ့ အနေအထားက တက်မလာသေးပါဘူး။

အဲဒီအချိန်မှာပဲ ကျွန်တော့်စတူဒီယိုရှေ့ကို အိမ်ကကား ထိုး





ဆိုက်လာတယ်။

လှမ်းကြည့်လိုက်တော့ အဖေနဲ့ ညွှန့်သည်အဘိုးကြီး နှစ်ယောက် ကားပေါ်က ဆင်းလာကြတယ်။

ကျွန်တော်က ထွက်ကြိုရတယ်။

"အဖေတို့ ဒီကိုလာတာလား၊ ကျနော် လမ်းကြုံလို့ ဝင်လာတာနဲ့ တူပါတယ်"

ကျွန်တော့်ဓါတ်ပုံစတူဒီယိုက ဓါတ်ပုံလက်ရာတွေကို ကြွားမလို့ တမင် ဒီကို ဦးတည်လာမှန်း သိလို့ ကျွန်တော် တမင်ကလိလိုက်တာပါ။

သားအဖချင်းက အထာသိပြီးသားဆိုတော့ အဖေက ဒိုင်းခနဲ မျက်စောင်းထိုးတယ်။

"တကယ်ကတော့ ငါတို့ သတင်းစာတိုက် သွားကြမလို့ပါကွာ၊ ဦးအောင်ဝင်းက မင်းရဲ့ဓါတ်ပုံလက်ရာတွေကို ကြည့်ချင်သေးတယ်ဆိုတာနဲ့ မင်းဆိုင်ဘက်ကို လှည့်ခဲ့တာပါ"

"ဟုတ်တယ်ကွ. . . ဦးကလည်း ဒါမျိုး ဝါသနာပါတယ်"

အဲဒီနောက်တော့ အဖေကပဲ ဦးဆောင်ပြီး ကျွန်တော့်ဆိုင်အတွင်းဘက် မျက်နှာစာမှာ ချိတ်ဆွဲပြသထားတဲ့ ဓါတ်ပုံတွေကို တစ်ပုံပြီးတစ်ပုံ ပြတော့တယ်။

ကျွန်တော် ဆုရခဲ့တဲ့ဓါတ်ပုံကတော့ အဓိကပေါ့လေ။

ညွှန့်သည်ဦးအောင်ဝင်းကတော့ တစ်ပုံကြည့်လိုက် ချီးကျူးတယ်၊ အဖေက ပီတိတွေဖြစ်လိုက်နဲ့ နှစ်ယောက်သား အတိုင်အဖောက် ညီနေကြလို့။

သိပ်မကြာလှပါဘူး။ အဖေက လှမ်းခေါ်တယ်။

"သားရေ. . . ဒီမှာ မင်းဓါတ်ပုံကို မေးချင်လို့တဲ့၊ ခဏကွာ"

ကျွန်တော် ထသွားလိုက်တော့ ဦးအောင်ဝင်းက အသံချိတ်



www.burmeseclassic.com

www.burmeseclassic.com



ဆွဲထားတာ မကြာသေးတဲ့ သူ့ရဲ့ဓါတ်ပုံကြီးကို တစိမ့်စိမ့်ကြည့်လို့။

ပုဂံအာနန္ဒာ လှိုဏ်ဂူတော်ကြီးထဲမှာ သူ ဘုရားအာရုံပြု ပူဇော်နေတဲ့ဓါတ်ပုံကြီးပါ။

"ငါ့တူကြီး. . . ဒီပုံက အတော်အနုပညာဆန်တယ်ကွ၊ ပြိုင်ပွဲဝင်ပြီးသားလား"

"ပြိုင်ပွဲဝင်ဖို့ရယ်လို့ ဦးတည်ပြီး ရိုက်ခဲ့တာတော့ မဟုတ်ပါဘူး ဦး၊ ဘာဖြစ်လို့လဲ"

"ဩော်. . . ဦးမျက်စိထဲ အတော်တိုးတဲ့ဓါတ်ပုံ ဖြစ်နေလို့ပါ၊ မော်ဒယ်လ်မိန်းကလေးက ဘယ်သူတဲ့လဲ၊ ဒီပုံကို ဘယ်တုန်းက ရိုက်ခဲ့တာလဲ"

ဦးအောင်ဝင်းက စိတ်ဝင်တစား မေးတယ်။ သည်ဓါတ်ပုံကို အတော်ခံတွင်းတွေ့နေပုံပါပဲ။

"ဒီပုံက မကြာသေးဘူးခင်ဗျ၊ ခုတစ်ခေါက် ကျွန်တော် အထက်မြန်မာပြည်ခရီးစဉ်က အပြန်မှာ ရိုက်ခဲ့တာပါ၊ ဓါတ်ပုံအရိုက်ခံတဲ့သူက မော်ဒယ်လ်မဟုတ်ပါဘူး၊ ရိုးရိုးအရပ်သူပါပဲ၊ မော်ဒယ်လ်လုပ်နေ လုပ်ကိုင်တဲ့သူ မဟုတ်ပါဘူး"

"အေး. . . ဦးလည်း တွက်ပြီးသားပါပဲ၊ မော်ဒယ်လ်လုပ်နေ လုပ်တဲ့သူဆိုရင် တမင်ဖန်တီးထားတာ၊ ပို့စ်ပေးထားတာမျိုးပဲ ထွက်လာမှာ၊ အခုပုံက တကယ့်သဘာဝအတိုင်းပဲ၊ မု(ဒ်)ဝင်တယ်ကွ၊ သရုပ်ဆောင်နေတဲ့ပုံမျိုး မဟုတ်ဘဲ တကယ့် Natural ဖြစ်နေတယ်၊ ကြိုက်တယ်ကွာ၊ ဒါနဲ့ အဲဒီမိန်းကလေးရဲ့တခြားပုံတွေ ရှိသေးလား"

"ရှိပါတယ် ဦး"

"ဒါဖြင့်ရင် ပြစမ်းပါဦးကွာ၊ ဦး စိတ်ဝင်စားလို့ပါ"

ကျွန်တော်က အံဆွဲထဲမှာ သိမ်းထားတဲ့ သူ့ဓါတ်ပုံအယ်လ်ဘမ်ကလေးကို ထုတ်ပေးလိုက်တယ်။

"သူငယ်ချင်း. . . ခဏကွာ၊ ငါ ဒီမှာထိုင်ပြီး အေးအေးဆေးဆေး ကြည့်ဦးမယ်"

ဦးအောင်ဝင်းက အဖေ့ကို လှမ်းပြောလိုက်ပြီး ဧည့်ခန်းထဲက ဆိုဖာဆက်တီတစ်လုံးမှာ ဝင်ထိုင်တယ်။

အဖေက တပြုံးပြုံးနဲ့ ခေါင်းညိတ်ပြတယ်။ သူ့သားရဲ့လက်ရာကို သူ့သူငယ်ချင်းက စိတ်ဝင်စားနေတာကို ကျေနပ်နေပုံလေ။

ဦးအောင်ဝင်းက ဓါတ်ပုံအယ်လ်ဘမ်ထဲက ဓါတ်ပုံတွေကို တစ်ပုံပြီးတစ်ပုံ စေ့စေ့စပ်စပ် ကြည့်တယ်။

"အားလုံးက ပုဂံဘုရားနောက်ခံတွေချည်းပါပဲလားကွ၊ တခြားဒေသနောက်ခံတွေ မပါ,ပါလား"

"ဟုတ်တယ် ဦး၊ အားလုံး ပုဂံမှာ ရိုက်ခဲ့တာတွေချည်းပဲခင်ဗျ"

"ဒါဆို ဒီမိန်းကလေးက မော်ဒယ်လ်လည်း မဟုတ်ဘူးဆိုတော့ မောင်ဇော်ရဲ့သူငယ်ချင်းလား"

"သူငယ်ချင်းတော့လည်း မဟုတ်ပါဘူး၊ ခရီးသွားဖော်ပါပဲ၊ ဒါပေမယ့် တကယ့်ခရီးဖော် ဖြစ်လာတော့မယ့်သူပါ"

"ဘယ်လိုကွယ့်. . . မောင်ဇော်ပြောတာ ဦး နားမရှင်းဘူး"

"ဩော်. . . ကျွန်တော်က သူ့ကို ပရိုပို့စ် လုပ်ထားတယ် ဦး၊ သူကလည်း မကြာခင် အဖြေပေးပါ့မယ်လို့ ကတိပေးထားတယ်၊ သိပ်မကြာခင်မှာပဲ ကျွန်တော်တို့ ချစ်သူဘဝ ရောက်ကြတော့မယ်လို့ ပြောတာပါ"

ဦးအောင်ဝင်းက ပြုံးသွားတယ်။

"မောင်ဇော်က သေချာလှချည်လား"

"သေချာဆို ဦးတို့ မလာခင်ကလေးကမှ သူနဲ့ ဖုန်းပြောနေတြ

www.burmeseclassic.com



တာ၊ သူရှက်နေတာပါဗျာ. . . သေချာတယ်၊ သူ့မျက်လုံးတွေထဲက အရိပ်တွေကို ကျွန်တော်ဖတ်တတ်တယ်"

"စောစောကလေးကမှ ဖုန်းပြောကြဖြစ်ကြသေးတယ်ဆိုတော့ သူနဲ့မောင်ဇော် အဆက်အသွယ် ရှိကြတယ်ပေါ့"

"ဟုတ်ကဲ့၊ အဲ. . ဒါနဲ့ နေပါဦးခင်ဗျ၊ ဦးက ဘာလို့ သူ့အကြောင်းတွေချည်း ဖိမေးနေရတာလဲ"

တဖြည်းဖြည်းနဲ့ ကျွန်တော် လိပ်ပြာမလုံ ဖြစ်လာတယ်။

ဒါကြောင့် ပြန်ဖြတ်မေးလိုက်တော့ ဦးအောင်ဝင်းက ပြုံးတယ်။

"ဦး အံ့သြလွန်းလို့ မေးတာကွ၊ ဒီမှာ မောင်ဇော်၊ သူ့နာမည်က 'ပိုးသီရိမို' မဟုတ်လား"

"ခင်ဗျာ"

သည်တစ်ခါ အကြီးအကျယ် အံ့အားသင့်သွားရတာကတော့ ကျွန်တော်ကိုယ်တိုင်ပါပဲ။

နံဘေးကနေ အသာငြိမ်နားထောင်နေခဲ့တဲ့ အဖေလည်း စိတ်ဝင်တစားနဲ့ မျက်မှောင်တွေ ကြုတ်လာတယ်။

ကျွန်တော့်ရဲ့အံ့အားတသင့် အာမေဋိတ်သံနဲ့ မျက်လုံးပြူးသွားတဲ့ဟန်ပန်ကိုက ဦးအောင်ဝင်းကို အဖြေပေးလိုက်ပြီး ဖြစ်သွားပုံရတယ်။

ဦးအောင်ဝင်းက အဖေ့ဘက် လှည့်ကြည့်ရင်း ပြောလိုက်တယ်။

"ဖေသက်ရေ. . . ငါတို့ သတင်းစာတိုက်ကို သွားဖို့ မလိုတော့ဘူးကွ၊ အဖြေက ဒီမှာတင် ထွက်နေပြီ၊ ယုန်ထောင်ကြောင်မိ ပြောရမလား၊ ညောင်မြစ်တူးရင်း ပုတ်သင်ဥ ပေါ်တယ် ပြောရမလားတော့ မသိတော့ဘူး၊ ငါ့သမီးက မင်းသားအငယ်နဲ့မှ ချိတ်မိပြီးသား ဖြစ်နေပါကလားကွ ဖေသက်ရ"





"ဟေ"

အဲဒီတော့မှ ကျွန်တော်လည်း ဒိန်းခနဲ ရင်တုန်သွားတယ်။

လက်စသတ်တော့ ကျားရှေ့မှောက်လျက် ခလုတ်တိုက်လဲသလို ဖြစ်နေပါပကောလား။

အဲဒီအချိန်မှာပဲ ဦးအောင်ဝင်းက ကျွန်တော့်ကို လှည့်ပြောတယ်။

"စိတ်မပူပါနဲ့ မောင်နောင်ရိုးဇော်၊ မင်းတို့အချင်းချင်းက နားလည်မှု ရကြပြီးသားဆိုရင် ဦးတို့အနေနဲ့က ဘာမှ ကန့်ကွက်ဖျက်ဆီးစရာ မလိုပါဘူး၊ ဒီနေ့ ငါတို့ သတင်းစာတိုက်ကို သွားမယ်ဆိုတာက သူ့ကို အိမ်ပြန်လာဖို့ ကြော်ငြာသွားထည့်ဖို့ကွ၊ အခုတော့ မင်းနဲ့အဆက်အသွယ်ရှိနေပြီဆိုမှတော့ မလိုအပ်တော့ဘူးပေါ့ကွာ၊ ငါတို့သူ့ကို သွားခေါ်ကြရုံပဲ ရှိတော့တာပဲ၊ သူ့လိပ်စာကိုသာ ပေးပေတော့"

မျက်နှာပူပူနဲ့ပဲ ကျွန်တော်ပြောမိတယ်။

"ဒီလိပ်စာ ကျွန်တော့်ဆီက ရတယ်လို့တော့ ဖွင့်မပြောလိုက်ပါနဲ့ ဦး၊ ကျွန်တော့်ဆီက ရတယ်ဆိုတာ သိသွားရင် ကျွန်တော့်အတွက် ရှေ့အလားအလာ မကောင်းနိုင်ဘူး၊ သူ ကျွန်တော့်ကို ချဲမှာ သေချာတယ်၊ ပြီးတော့. . ."

"ပြီးတော့ ဘာဖြစ်သလဲ"

"သူက ကျွန်တော့်ကို တရားဝင် အဖြေမပေးရသေးဘူးလေ"

ဦးအောင်ဝင်းက ပြုံးလိုက်တယ်။

"ဟုတ်ပြီ. . . မောင်ဇော်ပြောတဲ့ ရည်ရွယ်ချက်ကို ဦးသိလိုက်ပြီ အင်း. . . မင်းတို့လူငယ်များကလည်း အခက်သားပဲကွ၊ ဝလုံးကြီးခြင်နေပါလျက်နဲ့ သုညအဓိပ္ပါယ် ထွက်လိုက်ရမှ ဘဝင်ကျချင်ကြသကိုးတော်ချကွာ. . . ဦး ကတိပေးတယ်၊ ဒီလိပ်စာ မင်းဆီက ရတဲ့အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ရယ် ငါတို့ လူကြီးချင်း သဘောတူထားကြတယ်ဆိုတဲ့ကိစ္စတွေရယ်၊ မင်းနဲ့ ပတ်သက်သမျှ တစ်ခုမှ မပြောဘဲ သူ့ကို ခေါ်လာခဲ့ရုံသက်သက်ပဲ လို့"

ပြီးမှ တစ်ဆက်တည်း အဖေ့ဘက်ကို လှည့်ပြီးပြောတယ်။

"ကဲ. . . သူငယ်ချင်း ဖေသက်ရေ မင်းနဲ့ငါ ဟိုက်ဝေး တစ်ကြောင်း လစ်ကြဦးစို့ရဲ့၊ တော်သေးတာပေ့ါကွာ. . . ငါတို့မူလရည်ရွယ်ချက်အတိုင်း မပျက်ဘဲ သတို့သားနေရာ လွဲတယ်ဆိုရုံပဲ လွဲလို့"





# အခန်း(၂၀)

ကျွန်တော့်အဖိုးကတော့ တစ်နေကုန် နေမထိ ထိုင်မသာပါ

ဦးအောင်ဝင်းနဲ့အဖေတို့ကတော့ ကျန်းမာရေး ဒေါင်ဒေါင်ည်တွေဆိုတော့ သူရှိနေမယ့် ပြည်မြို့ကို ဟိုက်ဝေးခရီးနှင်သွားခဲ့ကြပါ

သူ ခိုလှုံရာ ဝပ်ကျင်းကို တည့်တည့်မတ်မတ်ကြီး ရောက်ချလာ သူ့အဖေကို မြင်ရရင် သူအကြီးအကျယ် ထိတ်လန့်တုန်လှုပ် အံ့ဩ သွားပေလိမ့်မယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ပြန်မလိုက်တော့ဘူးလို့တော့ သူငြင်းဆန်လို့ ရလိမ့်မယ် မဟုတ်ပါဘူး။

အဖေ့ကိုပါ အဖေါ်ခေါ်သွားတာမို့ ဦးအောင်ဝင်းက သူ့သမီးတို့ ရန်ကုန်ကိုပဲ ပြန်ခေါ်လာလိမ့်မယ်လို့ တွေးလိုက်မိတော့ ရင်တွေ တဒိန်းဒိန်း ခုန်လာတယ်။

သူ ကျွန်တော့်ကို အဖြေမပေးရသေးဘူးလေ။

ညနေ(၃)နာရီသာသာမှာပဲ ကျွန်တော့်ဟမ်းဖုန်းက အသံမြည်လာတယ်။

"နောင်ရိုးဇော် ပြောနေပါတယ်"

"ယူလား. . . တို့ပြောနေတာပါ"

သူ့အသံက ပြောရိုးစဉ်အတိုင်း သာမန်မဟုတ်ခဲ့ပါဘူး။

"ပြော. . သီရိ ကိုယ်နားထောင်နေတယ်၊ ကိုယ့်ကို အဖြေပေးတော့မယ်လား"

"အင်း. . . အဖြေပေးမလို့၊ ဒါပေမယ့် အဖြေရပြီဆိုပြီး ပျော်မသွားနဲ့ဦး၊ တို့ဘက်မှာ အခြေအနေတွေက ပြောင်းလဲကုန်ပြီ"

"ဟင်. . . ဘယ်လိုတွေ ပြောင်းလဲကုန်တာလဲ"

"တို့ကို တို့ဖေဖေက ခြေရာခံမိသွားပြီ၊ ဘယ်လိုကဘယ်လို ခြေရာခံမိသွားတယ်ဆိုတာ ပြောမပြတတ်တော့ဘူး၊ အခု တိုက်မှာ ဖေဖေတို့ ရောက်နေကြပြီ"

"ဟင်. . . အဲဒီတော့"

"တို့ ငြင်းလို့မရဘူး၊ ဖေဖေနဲ့ ပြန်လိုက်သွားရတော့မယ်"

"ဟင်. . . ဘယ်ကို ပြန်လိုက်သွားရမှာတဲ့လဲ"

"ဟင့်အင်း. . . အဲဒါလည်း တို့မသိဘူး၊ အခုတောင် သမီး အဝတ်အစားတွေနဲ့ ခရီးဆောင်အိတ် ပြင်ပါဆိုလို့ အိပ်ခန်းထဲမှာ





အဝတ်အစားအိတ် ပြင်ဆင်ရင်း ယူ့ဆီ ဖုန်းအမြန်ဆက်ပြောနေတာ၊ အောက်ထပ်မှာ ဧည့်ခန်းထဲကနေ ဖေဖေတို့ စောင့်နေကြတယ်"

"သူတစ်ယောက်တည်း မဟုတ်ဘူးပေါ့"

"ဟင့်အင်း. . . ဖေဖေ့မှာ တခြားအဖေါ်လူကြီးတစ်ယောက်လည်း ပါတယ်"

အဲဒီ အဖော်လူကြီးတစ်ယောက်ဆိုတာ မင်းရဲ့ယောက္ခမလောင်းကြီးလေ၊ တို့ဖေဖေပေါ့လို့ ပြောချလိုက်ချင်စိတ်ကို ကျွန်တော် မနည်းထိန်းချုပ်ထားလိုက်ရတယ်။

"အခု မင်းဖေဖေနဲ့ ပြန်လိုက်သွားရတော့မယ်ဆိုတော့ ကိုယ်တို့ ပြန်ဆုံဖို့ ရှေ့ရေးမလွယ်တော့ဘူးပေါ့နော်"

"ယူ့ဖုန်းနံပါတ်က တို့ဆီမှာ ရှိနေတာပဲ၊ တို့က ဆက်သွယ်ရမှာပေါ့၊ အခြေအနေ စောင့်ကြည့်ပြီး ဆက်သွယ်မယ်လေ၊ ဒါပေမယ့် ခက်တော့ ခက်တယ်၊ ဖေဖေတို့က နောက်တစ်ကြိမ် ဒီလို လစ်ထွက်ပြေးခွင့် မရအောင် သူတို့ မူလအစီအစဉ်အတိုင်း အတင်းအကြပ် စီစဉ်ကြလိမ့်မယ် ထင်တယ်၊ အဲလို စီစဉ်လာမယ်ဆိုရင် တို့က အမှန်အတိုင်းပဲ ဖွင့်ပြောပြီး ကာကွယ်ရလိမ့်မယ်၊ အဲဒီအချိန်မှာ ယူက တို့ဘက်က ရှိနေမယ် မဟုတ်လား"

"စိတ်ချ. . . အချိန်တိုင်းမှာ မင်းဘက်ကနေပြီး မင်းအတွက် အမြဲ အဆင်သင့် ဖြစ်နေရစေ့မယ်၊ ကဲ. . . ကိုယ့်ကို အဖြေပေးဦးလေ၊ ဘယ်လိုလဲ. . . ကိုယ့်ကိုယ်ကို သေချာသွားပြီလား"

"အင်း"

"တကယ်ပြောတာနော်"

"တကယ်ပြောတာပေါ့. . . ဖေဖေ လာခေါ်လို့ ပြန်လိုက်သွားရတော့မှာပါလား ဆိုတဲ့အသိ ဝင်လာတော့မှ တို့ကိုယ်တို့ ပြန်သေချာ



www.burmeseclassic.com

www.burmeseclassic.com



သွားတာ၊ အဲဒီအချိန်မှာ တို့ ပထမဆုံး ပြေးသတိရလိုက်မိတာက ယူ့ကို ပဲ၊ ယူနဲ့ တကယ်ဝေးသွားရတော့မယ်ဆိုတဲ့အချိန်ကျမှ တို့ ယူ့ကို ချစ်ခဲ့မိ ပြီး ဖြစ်နေပါလားဆိုတာ သေသေချာချာ သိလိုက်ရတာ”

“ဝမ်းသာလိုက်တာ သီရိရယ်”

ကျွန်တော့်လေသံတွေ တုန်ယင်နေတယ်။

“သူက ဝမ်းသာနေပေမယ့် တို့က ဝမ်းနည်းနေတယ် ယူ”

“ဘာဖြစ်လို့လဲ”

“ယူ့ကို အဖြေပေးတဲ့အချိန်မှာတို့က ဖေဖေ့လက်ထဲ ပြန် ရောက်နေရပြီလေ၊ တို့ရှေ့ရေးက ဘယ်လိုဖြစ်လာဦးမယ်ဆိုတာ ဘာမှ မရေရာဘူး၊ ဘာပဲဖြစ်ဖြစ် တို့ တတိတည်ခဲ့ပါတယ်နော်၊ ဖေဖေ့ ဇွတ်တရွတ်သမားမို့ သူ့ကို မလွန်ဆန်နိုင်လို့ တခြားသူတို့ သဘောတူ ထားတဲ့သူနဲ့ လက်ထပ်လိုက်ရတယ်ပဲ ထားဦး၊ တို့ ယူ့ကို ချစ်ခဲ့တယ် ဆိုတာလေးတော့ အသိပေးထားခဲ့ချင်တယ်လေ၊ ဒါကြောင့် အချိန်လုပြီး တို့ အဖြေပေးလိုက်ခဲ့တာပါ၊ ဒါပဲနော် ယူ၊ ဖြူဖြူ လာခေါ်နေပြီ လိုက်သွားရတော့မယ်၊ ယူ့ကို နှုတ်ဆက်လိုက်ပါတယ်၊ တို့ကလည်း ယူ့ကို ချစ်ခဲ့တယ်ဆိုတာတော့ ယုံကြည်ပေးပါနော်”

သူ့လေသံတွေက ပြောရင်းပြောရင်းကနေ ငိုသံပါလာတယ်။

သူ့ကတိအတိုင်း အဖြေပေးလိုက်ပြီဆိုပေမယ့် ခွဲခွာဝေးလွင့် ကလွဲလို့ တခြားဘာမှ ရှာဖွေလို့ မမြင်ရတဲ့ အနာဂတ်အတွက် ခံစားနေရပုံပါပဲ။

“ယုံကြည်ပါတယ် သီရိရယ်၊ သိပ်တော့ ခံစားမနေပါနဲ့၊ အဝင်ဆိုင်းဘုတ်ကလေးတွေကို မြင်ဖူးတယ်မဟုတ်လား၊ တစ်ဖက် နှုတ်ခွန်းဆက်သပါ၏လို့ နှုတ်ဆက် လက်ပြတဲ့စာကို ရေးထားပေ သူနဲ့ ကျောချင်းကပ်လျက် တစ်ဖက်မျက်နှာစာပေါ်မှာကျတော့ လိုက်





စွာ ကြိုဆိုပါ၏လို့ ရေးထားတယ်လေ”

“ယူ ဘာကိုပြောချင်တာလဲ”

“ဪ. . . ကျောခိုင်းခြင်းနဲ့ ဆုံစည်းခြင်းကြားက နံရံကလေး က ပါးပါးကလေးပဲ ရှိတာပါလို့ ပြောချင်တာပါ၊ မင်းက နှုတ်ဆက်လိုက် ပြီဆိုပေမယ့် ကိုယ်ကတော့ လှိုက်လှဲစွာ ကြိုဆိုခွင့်ရဖို့ မကြုံတော့ဘူးလို့ ဘယ်သူပြောနိုင်မှာလဲ၊ အားမလျှော့လိုက်ပါနဲ့၊ မင်းနဲ့ အနီးဆုံးမှာ ကိုယ် အမြဲရှိနေမယ်ဆိုတာ ယုံထားလိုက်၊ ကဲ. . . ဒါပဲနော်၊ ကိုယ်တို့ ပြန်ဆုံ ကြသေးတာပေါ့ သီရိရယ်”

သူ ဖုန်းပိတ်သွားတယ်။

ဒီပုံစံအတိုင်းဆိုရင်တော့ အဖေတို့ ဦးအောင်ဝင်းတို့ဟာ သူ့ကို ခေါ်ပြီး ရန်ကုန်ကို ချက်ချင်းပြန်လှည့်မောင်းလာကြမယ့်ပုံပဲ။

မကြာခင်ပဲ သူဟာ ကျွန်တော်တို့အိမ်ကို ရောက်လာတော့မယ် ဆို တွေးလိုက်မိတော့ ကျွန်တော့်ရင်တွေ ခုန်လာတယ်။

သူတို့ ညဦးပိုင်းလောက်မှာပဲ ရန်ကုန်ကို ပြန်ဝင်လာမှာ သေ ချာတယ်လေ။

အဲဒီမှာတင် ဖျတ်ခနဲ အကြံတစ်ခု ပေါ်လာတာနဲ့ ကျွန်တော် ပြုံးလိုက်မိတယ်။

အဲဒီအကြံကို အကောင်အထည်ဖော်ဖို့က ကိုကိုကျော့်ကို အကူအညီတောင်းမှ ရမယ်ဆိုတော့. . .။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၂၁)

မနက်(၈)နာရီလောက်မှာ ကိုကိုကျော်က ကျွန်တော့်အိပ်ခန်းတံခါးကို လာခေါက်တယ်။

ကျွန်တော် ဖွင့်ပေးလိုက်တော့ ကိုကိုကျော်က မေးတယ်။

မျက်နှာက ပြုံးစိစိနဲ့. . .

"ဖိုးဇော်. . . အဆင်သင့် ဖြစ်ပလား၊ ငါ မင်းကောင်မလေးကို ပိတောက်ပင်အောက်က ထိုင်ခုံတန်းလေးဆီ ခေါ်သွားတော့မယ်"

"အိုကေ. . အိုကေ. . ခေါ်သွားတော့၊ ညက တိုင်ပင်ထားတဲ့ အတိုင်းပဲ ပြောနော် ကိုကိုကျော်"

"အေးပါ. . . စိတ်ချစမ်းပါ၊ မင်းသာ ကြာမနေနဲ့၊ တော်ကြာ





ငါတို့ပြောတာတွေ ဘာမှမကြားလိုက် မသိလိုက်ဘဲ ဖြစ်နေဦးမယ်"

"ရတယ်. . . ကျွန်တော် အပေါ်ထပ်က ကြည့်နေမယ်၊ အခြေအနေကြည့်ပြီး ဆင်းခဲ့မယ်"

"ကိုင်း. . . ဒါဆို ငါသွားပြီ"

မနေ့က ညနေပိုင်း ကျွန်တော် အိမ်ပြန်ရောက်တာနဲ့ ကျွန်တော်နဲ့ ပတ်သက်တဲ့ နံရံက ကျွန်တော့်ဓါတ်ပုံတွေကို လက်စဖျောက်ထားလိုက်တယ်။

မနေ့က ည(၁၀)နာရီခွဲကျော်ကျော်မှ အဖေရယ်၊ ဦးအောင်ဝင်းရယ်၊ သူရယ် ပြန်ရောက်လာကြတယ်။ ရောက်ပြီး သိပ်မကြာခင် အိပ်ရာဝင်ကြတာမို့ အခု သူရောက်နေတဲ့အိမ်ဟာ ကျွန်တော်တို့အိမ်မှန်း သူ မသိသေးပါဘူး။ ဒီအိမ်မှာ ကျွန်တော်ရှိနေတယ်ဆိုတာကိုလည်း သူ မသိသေးပါဘူး။ သူနဲ့ လက်ထပ်ပေးမယ့်သူဟာ ကိုကိုကျော်လို့ပဲ သူသိထားပါတယ်။

ကျွန်တော်တို့ညီအစ်ကိုက တိုင်ပင်ထားနှင့်ကြပြီးသားလေ။

သူရောက်လာတဲ့အချိန်မှာ ကျွန်တော်က အခန်းတွင်း အောင်းနေလိုက်တယ်။ သူနဲ့ ပြောကြဆိုကြမယ့်စကားတွေကိုတော့ ကိုကိုကျော်နဲ့ တိုင်ပင်စီစဉ်ထားပြီးသားပါ။

ကျွန်တော် အိမ်အပေါ်ထပ်ကနေ အောက်ထပ် ခြံဝင်းထောင့်ကို လှမ်းချောင်းကြည့်လိုက်တယ်။

ကျွန်တော်တို့ ခြံဝင်းကျယ်ရဲ့ထောင့်မှာ အရိပ်ကောင်းတဲ့ ပိတောက်ပင်ကြီး ရှိတယ်။ ပိတောက်ပင်ကြီးအောက်မှာ ထိုင်ခုံတန်းလေးတစ်ခု ချထားတယ်။

အေးအေးဆေးဆေး စာဖတ်လို့၊ စကားပြောလို့ကောင်းတဲ့ နေရာကလေးပါ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ကြည့်နေတုန်းမှာပဲ သူနဲ့ကိုကိုကျော်နဲ့ တိုက်အောက်ထပ်က ထွက်လာကြပြီး အဲဒီထိုင်ခုံ ဒန်းလေးဆီကို လျှောက်သွားကြတာကို မြင်ရတယ်။

သူတို့နှစ်ယောက် အဲဒီကို ရောက်သွားကြပြီး ထိုင်ခုံဒန်းလေးပေါ်မှာ အတူထိုင်လိုက်ကြတာကို မြင်တော့မှ ကျွန်တော် အောက်ထပ်ဆင်းခဲ့တယ်။

ကျွန်တော့်ကို လှမ်းမမြင်နိုင်အောင် ပန်းခြုံကလေးတွေကို အကာအကွယ်ယူပြီး သူတို့ထိုင်နေတဲ့ ဒန်းလေးရဲ့နောက်ဘက် ပိတောက်ပင်စည်ကြီးအကွယ် ရောက်တဲ့အထိ ခိုးကြောင်ခိုးဝှက် ချဉ်းကပ်လာခဲ့ရတယ်။

ကျွန်တော် သူတို့စကားသံတွေကို ကြားလာရပါပြီ။

"လူငယ်ချင်း ဆွေးနွေးစရာနည်းနည်း ရှိလို့ပါဆို၊ ပြောလေ ကိုအောင်မိုးကျော်"

သူ့အသံကို စပြီးကြားရတယ်။

"ဟုတ်တယ် သီရိပိုမို၊ အဲ. . . ပိုမိုသီရိ၊ ဟုတ်ပါဘူး. . . ဘာတဲ့ရယ် မင်းနာမည်က"

ကိုကိုကျော်တို့ကတော့ စကတည်းက အိုးနင်းခွက်နင်းက စလာတော့တာပဲ။

ကျွန်တော့်ရယ်ချင်စိတ်ကို မနည်းထိန်းထားလိုက်ရတယ်။

"ပိုသီရိမိုပါ. . . သီရိလို့ပဲ လွယ်လွယ်ခေါ်ကြပါတယ်"

သူက အမှားပြင်ပေးတယ်။

"အဲ. . . ဟုတ်ပါပြီ၊ သီရိလို့ပဲ ခေါ်တာပေါ့၊ ဒီလိုပါ. . . သီရိတို့ လူငယ်ချင်း လွတ်လွတ်လပ်လပ် ဆွေးနွေးစကားပြောကြရအောင်လို့ကို အိမ်ထဲကနေ တမင်ခေါ်လာခဲ့တာလေ၊ အစ်ကို ပြောမယ်၊ သီရိနဲ့





အစ်ကိုတို့ကို မိဘတွေက လက်ထပ်နေရာချထားပေးဖို့ စီစဉ် စိတ်ကူးထားကြတယ်ဆိုတာ သီရိ သိထားပြီးသား မဟုတ်လား"

"ဟုတ်ကဲ့. . . သီရိ သိပါတယ်"

"အစ်ကိုပြောချင်တာက အဲဒီကိစ္စပါ၊ လူကြီးတွေရဲ့သဘောထားကို သီရိ ဘယ်လိုဆုံးဖြတ်မလဲဆိုတာလေ"

"ကျွန်မမှာ ဆုံးဖြတ်ပိုင်ခွင့် မရှိပါဘူး၊ ဖေဖေတို့ စီစဉ်တာကို နာခံရမှာပါ"

"မဟုတ်ဘူးလေ. . . တကယ်လို့ ဆုံးဖြတ်ခွင့် ရှိခဲ့မယ်ဆိုရင်တော့"

"ဆုံးဖြတ်ခွင့် ရှိခဲ့ရင်တော့ ကျွန်မ ငြင်းမှာပေါ့၊ ကိုအောင်မိုးကျော်ကိုမှ ကျွန်မ စိတ်မဝင်စားဘဲ"

သူက ခပ်ပြတ်ပြတ်ပဲ ပြောပါတယ်၊ ပြီးတော့ ပြန်မေးတယ်။

"ကိုအောင်မိုးကျော်ကကော ဘယ်လိုဆုံးဖြတ်မိနေလို့လဲ"

"အစ်ကို့ဘက်ကတော့ ရှင်းပါတယ်၊ မိဘတွေ စီစဉ်တာကို ခေါင်းညိတ်ပြီး သီရိကို လက်ထပ်လိုက်ရုံပါပဲ၊ အစ်ကို့မှာ ချစ်သူတွေဘာတွေ ရှိတာမဟုတ်ဘူးလေ၊ သူတို့ ရွေးချယ်ပေးတဲ့ရက်မှာ မင်္ဂလာပွဲနွဲရုံပဲ ရှိတယ်"

သူ့ဆီက တုန့်ပြန်စကားသံ ထွက်မလာတော့ဘူး။

ကိုကိုကျော့်စကားက သူ့ကို မွန်းကျပ်သွားစေခဲ့မယ်လေ၊ သူက တုန်လှုပ်သွားတဲ့လေသံနဲ့ မေးတယ်။

"ဒါ ကိုအောင်မိုးကျော်ရဲ့မပြောင်းလဲတဲ့ ဆုံးဖြတ်ချက်ပဲပေါ့ ဟုတ်လား"

"ဟုတ်တယ်. . . ဒီအတိုင်းပဲ ဆုံးဖြတ်ရလိမ့်မယ်၊ နှစ်ဖက်မိဘတွေ အချင်းချင်း မျက်နှာပျက်ကြရမှာကို အစ်ကို မလိုလားဘူး၊ တစ်



www.burmeseclassic.com

www.burmeseclassic.com



သက်လုံး အပြစ်တင်ခံသွားရမှာကိုလည်း လက်မခံနိုင်ဘူး. . ဒါကြောင့်ပါ"

သူ့ဘက်က တုန့်ပြန်စကားသံ တိတ်ဆိတ်နေပြန်တယ်။ အတော်ကြာတော့မှ. . .

"ဒါဆိုရင်လည်း ခုကတည်းက ကျွန်မဘက်က ပွင့်ပွင့်လင်းလင်း ပြောထားမှ ဖြစ်မယ်၊ မိဘစကား မပယ်ရှားနိုင်လို့ ဒီကိစ္စကို လက်ခံမယ်ဆိုရင်လည်း ကိုအောင်မိုးကျော်သဘောပဲ၊ ကျွန်မက ငြင်းပယ်ခွင့် မရှိတဲ့သူဆိုတော့ ကိုအောင်မိုးကျော်ဘက်က ခေါင်းညိတ်တယ် ဆိုရင်လည်း မျက်စိမှိတ်ပြီး လက်ထပ်ရမှာပါ၊ ဒါပေမယ့် ကြိုပြောထားလိုက်မယ်၊ ကိုအောင်မိုးကျော် ကျွန်မရဲ့ခန္ဓာကိုယ်ကိုပဲရမယ်၊ ကျွန်မရင်ထဲက အချစ်ကိုတော့ ရမှာမဟုတ်ဘူး၊ အဲဒါ ခုရှုပ်မှ နောင်ရှင်းဆိုသလို ကြိုပြောလိုက်တာပဲ၊ တစ်သက်တာလုံးအတွက် အပြီးသတ်ပြောထားလိုက်တာပါ"

"ဒါဆိုရင် သီရိမှာ ချစ်သူရှိနေတယ်ဆိုပါတော့"

"အင်း. . . ဟုတ်တယ်၊ ကျွန်မမှာ ချစ်သူရှိတယ်၊ ကျွန်မ လိမ်မပြောချင်ဘူး၊ ဒါကြောင့် တည့်တည့်ဝန်ခံလိုက်တာပဲ"

အဲဒီစကားသံ ကြားလိုက်ရတော့ ကျွန်တော် ပိတောက်ပင်ရိပ်နောက်ကွယ်ကနေ ပြေးထွက်လိုက်ချင်စိတ်ကို မနည်းထိန်းချုပ်ထားလိုက်ရတယ်။

"ဒါဆို အစ်ကိုနဲ့ လက်ထပ်ပေးဖို့ စီစဉ်မယ်ဆိုတဲ့အချိန်ကတည်းက သီရိက မိဘတွေကို ဖွင့်ပြောခဲ့ဖို့ကောင်းတာပေါ့၊ သီရိမှာ ချစ်သူရှိနေတယ်ဆိုတာ သိခဲ့ကြရရင် ဒီလိုအထိ ရောက်လာအောင် သူတို့ ဆက်စီစဉ်ချင်မှ စီစဉ်မှာလေ"

အဲဒီတော့ သူက ရယ်လိုက်တယ်။



ကြည်နူးရွှင်ပျတဲ့ ရယ်သံမျိုး မဟုတ်ပါဘူး၊ ဆွေးဆွေးမြေ့မြေ့နဲ့ အခါလွန်မိုးလို ဖြစ်ခဲ့တဲ့ သူ့အချစ်ကံကြမ္မာအတွက် သရော်လှောင်ပြောင်သလို ရယ်သံမျိုးပါ။

"ကျွန်မအဖြစ်က ရင်နာစရာကောင်းပါတယ် ကိုအောင်မိုးကျော်၊ အဲဒီအချိန်တုန်းကလည်း ကျွန်မမှာ လက်ညှိုးထိုးပြစရာချစ်သူက မရှိခဲ့သေးဘူးလေ၊ ဒါကြောင့် ငြင်းပယ်ဖို့ အင်အားမရှိ ဖြစ်ခဲ့ရတယ်၊ ဒါပေမယ့် သူတို့စီစဉ်တာကို လက်မခံနိုင်တာကြောင့်တော့ ဆန္ဒပြခဲ့တယ်၊ သူတို့ကို အသိမပေးဘဲ ကျွန်မအိမ်က ထွက်လာခဲ့ပြီး သူငယ်ချင်းတစ်ယောက်ဆီ သွားနားခိုနေပြခဲ့တာ၊ ကျွန်မ တကယ်ချစ်မိသွားတဲ့ ချစ်သူဆိုတာက အဲဒီရက်တွေထဲမှာမှ ကပ်ပြီးတွေ့ခဲ့တာ၊ ကဲ. . . ဘယ်လောက်ကြွေဖို့ကောင်းလဲ၊ စဉ်းစားကြည့်ပေတော့"

"ဩော်. . . သီရိရဲ့သဘောကတော့ အဲဒီချစ်သူနဲ့ပဲ လက်တွဲချင်တယ်ပေါ့နော်"

"ဟုတ်တယ်. . . သူနဲ့ပဲ လက်တွဲချင်တယ်၊ ဒါမှလည်း ဘဝတာ အဓိပ္ပါယ်ရှိမယ်၊ အခုဟာက ကိုအောင်မိုးကျော်နဲ့သာ လက်ထပ်လိုက်ရမယ်ဆိုရင်တော့ ကျွန်မအနာဂတ်က သုညပဲ၊ အနာဂတ် သေသွားပြီ၊ စက်ရုပ်ဆန်တဲ့ အိမ်ရှင်မတစ်ယောက်၊ အသက်ရှင်နေပေမယ့် နှလုံးသား ခံစားမှုတွေ လုံးဝပြောကျပြီး ဖြစ်နေတဲ့ မိန်းမတစ်ယောက် နီးတစ်ယောက်ပဲ ဖြစ်လာလိမ့်မယ်"

သူ့လေသံတွေ တုန်ယင်နေပါတယ်။

မျက်နှာကို မမြင်ရပေမယ့် လေသံကို နားထောင်ရရုံနဲ့တင် သူ့မျက်ရည်တွေ ဝဲနေမယ်လို့ မြင်ယောင်ခံစားကြည့်လို့ ရနေတယ်။

"ဟင်. . . အဲလိုကြီးဆိုရင်တော့ ကိုယ်လက်မခံချင်ဘူး သီရိကို သက်သက် စိတ်ဒုက္ခပေးသလိုကြီး ဖြစ်နေမှာပေါ့၊ အစ်ကိုက အချိန်

www.burmeseclassic.com

www.burmeseclassic.com



နဲ့အမျှ လိပ်ပြာမလုံ နောက်ကျောမလုံ ဖြစ်နေမှာပေါ့"

"ဒါက ကိုအောင်မိုးကျော်ဘက်က အပိုင်းပဲလေ၊ ကျွန်မကတော့ အားလုံးကို ပွင့်ပွင့်လင်းလင်း ကြိုပြောထားနှင့်ရမှာပဲ၊ ပြောလည်း ပြောထားသင့်တာပဲ မဟုတ်လား"

"ကဲကွာ. . . တကယ်လို့ အစ်ကိုဘက်က ဒီအစီအစဉ်ကို ငြင်းပယ်ခဲ့မယ်ဆိုရင်ကော"

"ဟင်"

"အစ်ကိုငြင်းမယ်ဆိုရင်ကောလို့ မေးနေတာ"

"အိုး. . . သိပ်ဝမ်းသာစရာကောင်းမှာပေါ့၊ ဒါပေမယ့် သီရိဖေဖေက တစ်ဇွတ်ထိုး တစ်ယူသန်သမားရယ်၊ သူက လက်မခံနိုင်ဘူးလို့ ပယ်ချမှာကို စိုးရိမ်ရသေးတယ်"

"မစိုးရိမ်ပါနဲ့. . သူတို့လူကြီးချင်း မျက်နှာပျက်စရာအကြောင်းလည်း မရှိအောင် အစ်ကိုက ငြင်းပေးမှာပါ"

"ရှင်. . . အဲဒီစကားကို ကျွန်မ သဘောမပေါက်ဘူး၊ ဘာကိုဆိုလိုတာလဲ"

သူက စိတ်ဝင်တစား မေးလိုက်တော့ ကိုကိုကျော်က အသံခပ်ကျယ်ကျယ်နဲ့ အော်လိုက်တယ်။

"ကဲ. . . သဘောပေါက်အောင် ရှင်းပြမယ့် သစ်ပင်နောက်က ရုက္ခစိုးရေ. . . ထွက်ခဲ့တော့ဟ၊ ငါလည်း ဆက်မပြောတတ်တော့ဘူး ဟား. . ဟား. . ဟား. . ဒီမှာကတော့ မေးနေတာ ကြားတဲ့အတိုင်းပဲ"

ကျွန်တော် ပြုံးဖြဖြနဲ့ ပိတောက်ပင် ပင်စည်အကွယ်ကနေ လှမ်းထွက်လိုက်တယ်။

"ကျေးဇူးပဲ ကိုကိုကျော်. . . သွားတော့၊ ကျွန်တော်ပဲ ဆက်ရှင်းပြလိုက်တော့မယ်"





"ဟင်. . ကိုကို. . အဲ. . ယူ"

သူ့ နှုတ်ခမ်းကလေးတွေက ဝလုံးကလေးလို ဝိုင်းသွားတယ်။ အဲဒီတုန်း ကိုကိုကျော်က ပြောတယ်။

"ကဲ. . . ငါ့နှမကို အဲဒီကောင်ကပဲ ဆက်ရှင်းပြလိမ့်မယ်၊ အစ်ကိုတော့ လစ်ပြီဟေ့. . . သွားတော့မယ်"

ကျွန်တော်တို့ကို ထားရစ်ခဲ့ပြီး ကိုကိုကျော် လစ်ပြေးသွားပါတယ်။ သူကတော့ ကျွန်တော့်ကို အံ့သြခြင်း၊ မယုံကြည်နိုင်ခြင်း အဓိပ္ပါယ်တွေ ပျော်ဝင်နေတဲ့ မျက်ဝန်းတွေနဲ့ ကြည့်လို့၊ အိပ်မက်လို့ပဲ သူထင်နေမှာပါ။ ကျွန်တော် သူ့နံဘေးမှာ ဝင်ထိုင်လိုက်တယ်။

"ပြောပါဦး ယူ၊ ဘာတွေ ဘယ်လိုဖြစ်ကုန်တာလဲ"

"ဒီလို သီရိရဲ့. . . "

ဆိုတာက အစပြုလို့ သူ့ဖေဖေ ဦးအောင်ဝင်း ကျွန်တော့်ဓါတ်ပုံစတူဒီယိုကို ရောက်လာပြီး အဲဒီမှာ ပုံကြီးချဲ့ထားတဲ့ သူ့ဓါတ်ပုံကို မြင်တွေ့သွားခဲ့တာကအစ သူမ ကျွန်တော်တို့အိမ်ကို ရောက်လာပုံအဆုံး ကျွန်တော် ဇာတ်စုံခင်းပြလိုက်ပါတယ်။

သူကတော့ တအံ့တသြ နားထောင်ရင်း မျက်ရည်တွေ ဝဲနေပါတယ်။

"ကဲ. . . ဒီလောက်ရှင်းပြရင် သဘောပေါက်ရောပေါ့၊ ကိုယ်နဲ့မင်းကြားမှာ ကျူးပစ်က သက်သက်တိုင်ပတ်ပြီး ဝက်ပါထဲ လှည့်သလို ကိုယယ်နေတာကွ၊ စိတ်ချ. . . ကိုကိုကျော်က မင်းဓါတ်ပုံတွေကို ပြပြီး အတည်းက မြန်မြန်ဖြစ်အောင် ကြိုးစားပါဟလို့ ကိုယ့်ကို အားပေးခဲ့တာ၊ သူက ဘယ်မိန်းကလေးမှ စိတ်ဝင်စားတဲ့သူ မဟုတ်ဘူး၊ အမေနဲ့ ...နဲ့က အိမ်မှာ အဲဒီလက်ထပ်ပေးမယ်ဆိုတဲ့ကိစ္စနဲ့ တကျက်ကျက် ...သနာ တက်နေခဲ့တာ ကြာပြီလေ၊ သီရိနဲ့ကိုယ်နဲ့ မခွဲရတော့ပါဘူးနော်



www.burmeseclassic.com

www.burmeseclassic.com



သီရိ"

"ဖြစ်ရလေ ယူရယ်၊ တို့မှာ အရမ်းကြေကွဲလိုက်ရတာ၊ အစောကြီးကတည်းက ဖုန်းထဲကနေ ရှင်းပြခဲ့ရင် ပြီးရော၊ ခုတော့ တို့ သက်သက် စိတ်ဒုက္ခရောက်ရအောင် လျှို့ထားခဲ့လိုက်တာပေါ့လေ. . . ဟုတ်လား"

"အဲလိုမထင်ပါနဲ့ သီရိရယ်၊ ခုလိုဖြစ်သွားတာကလည်း သီရိရဲ့ အချစ်တွေကို ကိုယ် အရှင်းဆုံး သိခွင့် ဝမ်းသာကြည်နူးခွင့် ရလိုက်တာပေါ့၊ သိပ်ကျေနပ်ဝမ်းသာတာပဲ သီရိရယ်"

ကျွန်တော်က သူ့လက်ဖဝါးကလေးတစ်ဖက်ကို ဆွဲယူပြီး ရင်ခွင်မှာ အပ်ထားလိုက်ရင်း ပြောလိုက်တော့ သူက သူ့လက်ကို ဆတ်ခနဲ ပြန်ရုတ်လိုက်တယ်။ အချစ်ရည်လဲ့နေတဲ့ မျက်စောင်းတစ်ချက် ဝစ်ထိုးလိုက်ပြီးမှ. . .

"သွားပါ. . . အပိုတွေ၊ နားထားလိုက်၊ သူများသားသမီးကို စိတ်ဒုက္ခရောက်အောင် လုပ်ခဲ့တာ၊ သိပ်မုန်းဖို့ကောင်းတာပဲ"

"သိနေတယ်လေ. . . ပြောင်းပြန် အဓိပ္ပါယ်ကောက်ရမယ့် စကားဆိုတာ"

ကျွန်တော်တို့နှစ်ယောက် ပြုံးတူရယ်လိုက်ကြသံတွေက ချစ်ခြင်းရဲ့နံ့ရံမှာ ပဲ့တင်ရိုက်ခတ်သွားလိမ့်မယ်ဆိုတာကို ကျွန်တော်တို့ လောင်းကြေးထပ်ဝံ့တယ်။ မဖမ်းရင်ပေါ့လေ. . .။

ရွှင်လန်းချမ်းမြေ့ကြပါစေ

WAIHZAR






www.burmeseclassic.com